# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်**

စိတ်သည် လျင်မြန်၏။ အလိုရှိရာ အာရုံတို့၌ ကျလေ့ရှိ၏။ ထိုစိတ်ကို နှိမ်နင်းရန် ခက်ခဲလှ၏။ ထိုစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ နိဗ္ဗာန်သို့ သွားရာ အကျင့်ကောင်းဖြစ်၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်နိုင်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၅)**


၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၁၁ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ် (၁၆၂)


# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဧည့်ပရိသတ်များ နေ့ဆွမ်းဆက်ကပ်

**နေပြည်တော် မတ် ၁၀**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များနှင့် ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်ကြည်ညိုပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ

*စာမျက်နှာ ၃ ကော်လံ ၁* ✻




ဆရာတော်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် ပြည်ထောင်စုလွှတ်တော်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၄၀၀ ခွဲဝေသုံးစွဲမည့်ကိစ္စ သဘောတူ

စာမျက်နှာ » ၇

## မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဂျပန်နိုင်ငံက ကန်ဒေါ်လာ ၄ ဒသမ ၂ သန်းနီးပါး ကူညီထောက်ပံ့

စာမျက်နှာ » ၁၀


ရွှေပြည်နှင်း သနပ်ခါး

"အဆီပြန်ကင်း အမည်းစက်ရှင်း ရန်သင်းလို့ စိတ်ကြည်နူး ရွှေပြည်နှင်းကိုလူး"

ကျွန်မရဲ့မျက်နှာမှာ အမည်းစက်တွေတော်တော်များများရှိခဲ့ပါတယ်၊ အမည်းစက်တွေပျောက်ချင်လွန်းလို့ တွေ့တဲ့ လူတိုင်းကိုမေးကြည့်ခဲ့ပါတယ်၊ ဒါပေမယ့်လည်း တစ်ယောက်တစ်မျိုးနဲ့ဆိုတော့ မျက်နှာပျက်စီးသွားမှာကြောက်လို့ ဘာမှမလိမ်းဖြစ်ခဲ့ပါဘူး၊ ရွှေပြည်နှင်းကို လိမ်းကြည့်ပါလားဆိုတာနဲ့ **ရွှေပြည်နှင်းရှင်မတောင်အဖွေးသနပ်ခါး**ကို နေ့ဘက်မှာလိမ်းပြီး **ရွှေပြည်နှင်းသံပရာသနပ်ခါး**ကို ညဘက်မှာထူထူလေးအမြဲလိမ်းပါတယ်၊ တစ်ပတ်လောက် နေတဲ့အခါ ညဘက်မှာလိမ်းတဲ့ ရွှေပြည်နှင်းသံပရာနံ့ (သဘာဝအသားဖြူသနပ်ခါး)ဟာ အမည်းစက်တွေရှိတဲ့နေရာ ရောက်ရင်နည်းနည်းလေးစပ်ပါတယ်၊ အဲဒီလိုပုံမှန်လိမ်းရင်း အမည်းစက်ကလေးတွေဟာ တဖြည်းဖြည်းနဲ့မှိန်လာပါတယ်၊ နှစ်လလောက်ရှိတဲ့အခါမှာတော့ အဲဒီအမည်းစက်တွေပြောင်လုနီးပါးဖြစ်သွားပါပြီ၊ ကျွန်မလေဝမ်းသာလိုက်တာ၊ အဲဒါကြောင့်ရွှေပြည်နှင်းသနပ်ခါးကို အထူးပဲကျေးဇူးတင်မိပါတယ်၊ **ရွှေပြည်နှင်းရှင်မတောင်အဖွေးသနပ်ခါး** က မျက်နှာအဆီပြန်ခြင်းကို ကင်းဝေးစေပြီး **ရွှေပြည်နှင်းသံပရာနံ့(သဘာဝအသားဖြူသနပ်ခါး)**ကတော့ မျက်နှာကို ဖြူဝင်းလာစေပါတယ်၊ ရွှေပြည်နှင်းသနပ်ခါးရဲ့ အကျိုးကျေးဇူးတွေကို အခုတော့ကျွန်မခံစားရပါပြီ၊

မစိုးစိုးဖေား B.A(Myanmar)၊ ၁၅/၇၆၁ ဓမ္မဏ္ဍာလမ်း၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဦးညီညီ (ဌာနခွဲမှူး) ပျဉ်းမနားသကြားစက်(ငြိမ်း)၊ ၁၅/၁၀၂၃၊ ယုဇနလမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့။



မစိုးစိုးဖေား
B.A(Myanmar)



(ရွှေပြည်နှင်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ်-၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

မြန်မာ့အလင်း

# နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတော်ဘတ်ဂျက်

မြန်မာနိုင်ငံသည် နှစ်ပေါင်း (၂၆) နှစ်ကြာ ဗဟိုချုပ်ကိုင်သော ဆိုရှယ်လစ်စီမံကိန်း စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သောကြောင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့ကို သမိုင်းအမွေအဖြစ် တွေ့ရှိရမည်ဖြစ်ပါသည်။ စစ်ကောင်စီအုပ်ချုပ်ခဲ့သောခေတ်၌ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့သော်လည်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့ကို ဆက်လက်အားပြုဆောင်ရွက်ခဲ့ပါသည်။ ပြဿနာမှာ အဆိုပါနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအတော်များများသည် စီးပွားရေးအရအကျိုးအမြတ်မရှိသောကြောင့် နိုင်ငံတော်၏ ဘတ်ဂျက်အပေါ် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေကျပ် ငွေဘီလီယံ ၄၀၀၀ ကျော်ခန့်အနက် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတို့၏ လိုငွေသည် ကျပ်ငွေဘီလီယံ ၆၀၀ ကျော်ခန့် ရှိနေခြင်းသည် အလေးအနက်သုံးသပ်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့က ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ပြုန်းတီးမှုမရှိစေရန်နှင့် တိကျခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်စေရန်အတွက် လုပ်ငန်းစီမံကိန်းတချို့တို့ကို ပြန်လည်စိစစ်လေ့လာခဲ့ခြင်းသည် လုပ်သင့်လုပ်ထိုက်သော ကိစ္စရပ်ဖြစ်၍ ကြိုဆိုရမည်ဖြစ်ပါသည်။ အဆိုပါ စိစစ်လေ့လာမှုများအရ စီးပွားရေးအရ တွက်ခြေမကိုက်သော လုပ်ငန်းစီမံကိန်း (၄၄) ခုကို လတ်တလောရပ်ဆိုင်း၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို စနစ်တကျ လေ့လာသုံးသပ်သွားမည်ဟု သိရှိရပါသည်။ တာဝန်ရှိသောလွှတ်တော်ကိုယ်စားလှယ်တို့၏ သဘောထားသည် အဆိုပါ ယာယီရပ်ဆိုင်းထားသော လုပ်ငန်းစီမံကိန်းတို့အား ပညာရှင်များပါဝင်သော စိစစ်ရေးအဖွဲ့ဖြင့် စနစ်တကျသုံးသပ်၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို သုံးသပ်သွားမည်ဖြစ်ပါသည်။ ဤစိစစ်ရေးကော်မတီက ဆုံးဖြတ်ချက်အဖြစ်ရွေးချယ်ရမည့် ရှေ့လုပ်ငန်းစဉ်များတွင် စီးပွားရေးအလားအလာ လုံးဝမရှိသော စက်ရုံတို့ကို အပြီးတိုင် ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။ စနစ်တကျ ပြုပြင်ဆောင်ရွက်ပါက စီးပွားရေးအလားအလာရှိသော စက်ရုံတို့ကို ပြန်လည်ပတ်သွားမည်ဖြစ်ပါသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် တွဲဖက်ဆောင်ရွက်သင့်သော စက်ရုံတို့ကို လိုအပ်ချက်နှင့်အညီ တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်ကသာ ဆက်လက်ဆောင်ရွက်သင့်သော စီးပွားရေးလုပ်ငန်းမျိုးဖြစ်ပါကလည်း နိုင်ငံတော်က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တင်ပြလိုသည်မှာ အဆိုပါ စိစစ်ရေးကော်မတီက ဆုံးဖြတ်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များသည် တိုင်းပြည်၏ လိုအပ်ချက်နှင့်အညီ ပြောင်းလွယ်ပြင်လွယ်ရှိသည့် အချက်ဖြစ်ပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့အား စိစစ်လေ့လာမည့်ကော်မတီတွင် နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များသာမက နိုင်ငံတကာရှိ စီးပွားရေးလုပ်ငန်းတို့၏ သဘောကို နားလည်သော ပညာရှင်တို့လည်း ပါဝင်သင့်သည်ဟုယူဆပါသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံရှိ သကြားစက်ရုံတို့သည် မြန်မာနိုင်ငံရှိ သကြားစက်ရုံများကဲ့သို့ ကြံကြိတ်ဖတ်ကို လောင်စာအဖြစ်အသုံးပြုသော်လည်း အိန္ဒိယသကြားစက်ရုံတို့သည် စက်ရုံလိုအပ်ချက်ထက် လျှပ်စစ်ဓာတ်အားကို ပိုမိုထုတ်လုပ်နိုင်သည်ဖြစ်၍ ပိုလျှံသော လျှပ်စစ်ဓာတ်အားတို့ကို နိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်ထဲသို့ ပို့လွှတ်ရောင်းချနိုင်ပါသည်။ မြန်မာနိုင်ငံရှိ သကြားစက်ရုံတို့သည် ဤကဲ့သို့သော လျှပ်စစ်ဓာတ်အား အပိုအလျှံတို့ကို ထုတ်လုပ်နိုင်စွမ်းမရှိပါ။ တင်ပြလိုသည်မှာ နိုင်ငံတကာရှိ ဤကဲ့သို့သော အားသာချက်များကို မြင်တွေ့သိရှိအကောင်အထည်ဖော်နိုင်သော ပညာရှင်တို့ကို ဤစိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းသင့်ပါသည်။ ချုပ်၍တင်ပြရပါက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့က နိုင်ငံတော်ဘတ်ဂျက်အပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ရှေးရှုဆောင်ရွက်လာခြင်းကို အလေးအနက် ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ သတင်းမီဒီယာများတက်ရောက်နိုင်

**နေပြည်တော် မတ် ၁၀**

၂၀၁၇ ခုနှစ် မတ်လ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ သတင်းရယူနိုင်မည်ဖြစ်ပြီး မတ် ၂၄ ရက်တွင် ပြပွဲဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ညနေ ၄ နာရီခွဲတွင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် မတ် ၁၆ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၂၅၊ ၀၆၇-၄၁၂၂၂၆ တို့သို့လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**လွိုင်လင် မတ် ၁၀**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီက လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အစီစဉ်အရ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ဆွေးနွေးတင်ပြကြရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ အဆိုပါ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လွိုင်လင်ခရိုင်အတွင်းရှိ မိုင်းရှူးမြို့နယ်နှင့် ကျေးသီးမြို့နယ်တို့ ပါဝင်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၀-၃-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၅/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၅/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၁၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၅/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၁ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ · ၀၁ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၀၃ |

မြန်မာ့အလင်း

၂၇၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

***ရှေ့ဖုံးမှ**

ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ဒုတိယသမ္မတ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်နန့်ကြင်ကြည်တို့က သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချ အမျှဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ပရိသတ်များက အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



**ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံ နိုင်ငံတော်သမ္မတ ဦးထင်ကျော် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်**
(သတင်းစဉ်)



**ဆရာတော်ထံ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်**
(သတင်းစဉ်)



**ဆရာတော်ထံ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်**
(သတင်းစဉ်)



**ဆရာတော်ထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်**
(သတင်းစဉ်)



**ဆရာတော်ထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်**
(သတင်းစဉ်)



ဆရာတော်ထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး ဒေါ်အေးသီတာတို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)



ဆရာတော်ထံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီးတို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ် (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Angkor Watဘုရားကျောင်းနှင့် Bayon ဘုရားကျောင်းတော်သို့ သွားရောက်လေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Angkor Wat ဘုရားကျောင်း၌ ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)

နေပြည်တော် မတ် ၁၀

**ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့နံနက် ဒေသစံတော်ချိန် ၈ နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ Angkor Wat ဘုရားကျောင်းနှင့် Bayon ဘုရားကျောင်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Siem Reap မြို့ရှိ ထင်ရှားသည့်နေရာဖြစ်သည့် Cultural Village သို့ သွားရောက်၍ Cultural Village အတွင်း ဘာဂီယာဥ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ Siem Reap မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာပြီး ညနေ ၅ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sok Chea ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသံရုံးမှ ဒုတိယသံရုံးအကြီးအကဲ Mr. Nguyen Thanh Vinh နှင့် တာဝန်ရှိသူတို့က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးညီညီစံ<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (ခ) | ဦးအောင်တင်စိုး<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စစ်ဆေးရေးမှူးချုပ် (ညွှန်ကြားရေးမှူးချုပ်) ဦးထင်ကျော်ကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# သထုံမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားများပိုမိုဖြန့်ဖြူးနိုင်

**သထုံ မတ် ၁၀**

သထုံမြို့ထောင်မှူးကျေးရွာအုပ်စု သရက်ညီနောင်ကျေးရွာ၌ မတ် ၉ ရက်ကစတင်ကာ 11 /0 .4 KV 200 KVA ထရန်စဖော်မာနှင့် ၄၀၀ ဗို့လိုင်းတစ်မိုင်ခွဲကို ပြည်နယ်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီး၍ ဓာတ်အားဖြန့်ဖြူးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာကိုးလုံး၊ ၁၁ ကေဗွီလိုင်း ၀ ဒသမ ၈၉ မိုင်နှင့် ၄၀၀ ဗို့လိုင်း ၄ ဒသမ ၇၅ မိုင်အား ဆောင်ရွက်ပေးပြီး လျှပ်စစ်မီးပိုမိုဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာသုံးစွဲနိုင်ရေးအတွက် ပညာပေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၈-၃-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၃-၂-၂၀၁၇ ရက်နေ့မှ ၂၄-၂-၂၀၁၇ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းသုံးဦးနှင့် အထွေထွေ ကိုးဦး၊ ပေါင်း ၁၄ ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၁၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၆၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း နှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၃၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဂျပန်နိုင်ငံ JICA ရုံးချုပ်မှ အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဂျပန်နိုင်ငံ JICA ရုံးချုပ်မှ Chief Representative ဖြစ်သူ Mr. Keiichiro NAKAZAWA နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ၂၀၁၆ ခုနှစ် ဂျပန်နိုင်ငံခရီးစဉ်တွင် ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များမှ အင်းလေးကန်ရေဝေရေလဲဒေသနှင့် ရိဒ်ရေအိုင် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းရေး၊ ရေဆင်းသစ်တောသုတေသနဌာနရှိ ပန်းပုံစံပြတိုက် အဆင့်မြှင့်တင်ပြုပြင်ရေး၊ လှိုင်မြစ်နှင့် ဒုဋ္ဌဝတီမြစ်များတွင် ရေအရည်အသွေး စောင့်ကြည့်စစ်ဆေးရေးစနစ်များ တပ်ဆင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# ဥရောပသမဂ္ဂစာရင်းစစ်အဖွဲ့အကြီးအကဲအား ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တွေ့ဆုံ

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂစာရင်းစစ်အဖွဲ့၏ ဌာနကြီး (၃) အကြီးအကဲဖြစ်သူ H.E.Mr.Baron Karel Pinxten နှင့်အဖွဲ့အား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-1) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ဥရောပသမဂ္ဂ၏ ဆောင်ရွက်ပေးနိုင်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။
**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းကော်မတီအစည်းအဝေးများ အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေးများကို မတ် ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

အဆိုပါ အစည်းအဝေးများသို့ အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးပွဲများ မစတင်မီ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ကျင်းပသည်။

ထို့နောက် လုပ်ငန်းကော်မတီအလိုက် အစည်းအဝေးများကို သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပရာ နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးခင်ဇော်ဦး၊ ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် စိုင်းကျော်ညွန့်တို့က ဦးဆောင်၍ လူမျိုးအလိုက်၊ ဒေသအလိုက် တင်ပြထားသည့် စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးပြောကြားကြပြီး ဗိုလ်မှူးချုပ် တင်အောင်၊ ဗိုလ်မှူးချုပ်လှသန်းမောင်၊ ဦးဌေးဝင်းအောင်၊ ဦးကျော်ကျော်ဟန်၊ ဒေါက်တာစိုင်းဦး၊ စောအယ်ကလူစေး၊ စောစံငြိမ်းသူ၊ စောကူးကူ၊ ဦးဇမ်ဇမုန်၊ စိုင်းဘိုးအောင်၊ ဒေါက်တာတူးဂျာနှင့် ဦးအောင်ကြည်ညွန့်တို့က ပြန်လည်ဆွေးနွေးကြသည်။

**နိုင်ငံရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီသည် တပ်မတော်နှင့် လူမျိုးအလိုက်၊ ဒေသအလိုက် တင်ပြလာသည့် စာတမ်း ခြောက်စောင်မှ အချက်အလက်များ စုစည်းခြင်းကို အဓိကထားဆောင်ရွက်ခဲ့သည်။

အလားတူ **လူမှုရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးဇော်ဌေး၊ ဦးစိုင်းလနှင့် ဦးနိုင်ငံလင်းတို့က ဦးဆောင်၍ ကော်မတီသို့ တင်ပြထားသည့် လူမျိုးအလိုက် တင်ပြလာသည့် စာတမ်းများအပေါ် သုံးသပ်ဆွေးနွေး ပြောကြားကြပြီး ဗိုလ်ချုပ်နေလင်း၊ ဒေါ်ဇင်မာအောင်၊ ဦးနိုင်ဆွေဦး၊ စောဆဲဗွယ်၊ ခွန်သောမက်စ်၊ ဒေါ်အေးသီတာမြင့်၊ ဦးတင်ဆွေ၊ ဦးဆမ်းဆောင်ကားနှင့် ဦးရွှေမင်းတို့က ပြန်လည်ဆွေးနွေးကြသည်။

**လူမှုရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီအနေဖြင့် လူမျိုးအလိုက် တင်ပြလာသည့် စာတမ်းများအား ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့ပြင် **စီးပွားရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်းနှင့် မင်းကျော်ဇေယျာဦးတို့က ဦးဆောင်၍ လူမျိုးအလိုက်၊ ဒေသအလိုက် တင်ပြထားသည့် စာတမ်းများနှင့်စပ်လျဉ်း၍ ကော်မတီ၏ ဆွေးနွေးမှုရလဒ်များကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်မှူးချုပ် သိုက်စိုး၊ မိကွန်ချမ်း၊ ဦးဇရတ်ဆင်း၊ ဆလိုင်းထလာဟေး၊ ပဒိုစောတာဒိုမူး၊ စိုင်းလျန်း၊ ခွန်တင်ရွှေဦး၊ ဦးထွန်းနိုင်၊ ဦးသိန်းထွန်း၊ ဦးမားကို့စ်နှင့် ဦးသာထွန်းလှတို့က အကြံပြုဆွေးနွေးကြသည်။

**စီးပွားရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီအနေဖြင့် ပအိုဝ်း၊ ကရင်နှင့် ချင်းပြည်နယ်တို့မှ လူမျိုးအလိုက် တင်သွင်းလာသည့် စာတမ်းများ၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဒေသအလိုက် တင်သွင်းလာသည့် စာတမ်းများကို ဆွေးနွေးခဲ့ပြီး အဆိုပါစာတမ်းများမှ တွေ့ရှိချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ **လုံခြုံရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်းနှင့် ဦးတာလှဖေတို့က ဦးဆောင်၍ လုံခြုံရေးကဏ္ဍဆိုင်ရာ ခေါင်းစဉ်ကြီးနှစ်ခုနှင့် ခေါင်းစဉ်ခွဲများကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ဗိုလ်မှူးချုပ်စိန်ထွန်းလှ၊ ဦးအင်ထုံးခါးနော်ဆမ်၊ ဒေါက်တာချောချောစိန်၊ စဝ်ဘောင်ခေး၊ ပဒိုစောအောင်ဝင်းရွှေ၊ ပူးထက်နီ၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးစောထွန်းအောင်မြင့်နှင့် ဒေါ်နန်းခင်စိန်မြင့်တို့က ပြန်လည်ဆွေးနွေးကြသည်။

**လုံခြုံရေးကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီသည် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ခေါင်းစဉ်နှင့် ခေါင်းစဉ်ခွဲများ သတ်မှတ်နိုင်ရေးအတွက် အဓိကထား ဆွေးနွေးခဲ့ကြပြီး လာမည့်ကော်မတီအစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့အတူ **မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီ၌ ဦးအောင်စိုး၊ ခွန်မြင့်ထွန်းနှင့် ဦးမြင့်စိုးတို့က ဦးဆောင်၍ လူမျိုးအလိုက်၊ ဒေသအလိုက် တင်ပြလာသည့် စာတမ်းများအပေါ် ကော်မတီ၏ ဆွေးနွေးမှုရလဒ်များကို ရှင်းလင်းပြောကြားကြပြီး ဗိုလ်မှူးချုပ်အောင်သိန်းဦး၊ ဦးစိုးဝင်း၊ ဦးဇော်မင်းလတ်၊ ဦးဆန်နီ၊ စောဒဲနယ်လ်၊ စိုင်းစိုင်းငင်း၊ ဒေါ်ဒွဲဘူ၊ ဦးလှခိုင်၊ ခွန်ထွန်းရွှေနှင့် ဦးအိုက်ဆောတို့က ပြန်လည်ဆွေးနွေးကြသည်။

**မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ** ဆွေးနွေးမှုလုပ်ငန်းကော်မတီအနေဖြင့် ပအိုဝ်း၊ ကရင်ပြည်နယ်၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ တင်သွင်းလာသည့် စာတမ်း လေးခုအပေါ် ကော်မတီ၏ ဆွေးနွေးမှုရလဒ်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့သို့ တင်ပြသွားမည်ဖြစ်သည်။

ယနေ့ကျင်းပခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီအစည်းအဝေးများမှ လူမျိုးအလိုက်၊ ဒေသအလိုက်စာတမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုရလဒ်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့သို့ တင်ပြသွားမည်ဖြစ်သည်။ ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့၏ အစည်းအဝေးကို မတ် ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဇော်၊ ဖြိုးသန့် (သတင်းစဉ်)**



မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ ဆွေးနွေးစဉ်

# ဂေဟခရီးသွားစနစ်ဆိုင်ရာ အခြေခံသိသင့်သိထိုက်သည့်အချက်များသိရှိလာစေရန် သင်တန်းဖွင့်

**နေပြည်တော် မတ် ၁၀**

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်တွင် စိုက်ပျိုးရေးနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှုဘာသာရပ်များ ပိုမိုအားကောင်းစေရန်နှင့် ဂေဟခရီးသွားစနစ်ဆိုင်ရာ အခြေခံသိသင့်သိထိုက်သည့်အချက်များ သိရှိလာစေရန်အတွက် Planning on Ecotourism ခေါင်းစဉ်ဖြင့် မတ် ၆ ရက်မှ ၁၂ ရက်အထိ သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။ သင်တန်း၌ ဂျာမနီနိုင်ငံ Konstanz University of Applied Sciences မှ ပါမောက္ခ Dr. Helmut Franz Weber က သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံက နိုင်ငံခြားသားခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုတွေ ပိုမိုများပြားလာခဲ့ပြီး ခရီးသွားများအတွက် တစ်ထောက်နားခိုရာနေရာတစ်ခုဖြစ်လာခဲ့တယ်။ ယဉ်ကျေးမှုအမွေအနှစ်တွေ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်တဲ့အလျောက် မြန်မာနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင်အလှအပတွေက နိုင်ငံခြားသားခရီးသွားတွေအတွက် လည်ပတ်စရာတွေပြည့်နေလို့ အလားအလာကောင်းတဲ့ နိုင်ငံဖြစ်လာနေတယ်။ ခရီးသွားလုပ်ငန်း ၂၀၁၃-၂၀၂၀ စီမံချက်က မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေးနှင့် ဂေဟဗေဒစနစ်များ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်စေရန် ရေးဆွဲထားသည့် စီမံချက်တစ်ခုဖြစ်တယ်။ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုတစေမယ့် စီမံကိန်းရေးဆွဲနည်းတွေ ကျွမ်းကျင်ရန်လိုအပ်သကဲ့သို့ နိုင်ငံတကာ ခရီးသွားလုပ်ငန်းဈေးကွက်ဆိုင်ရာ အချက်အလက်တွေကိုလည်း သိရှိထားဖို့လိုအပ်နေပါတယ်။ ဒါ့အပြင် ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရင်းနဲ့ အမျိုးသားဥယျာဉ်တွေ၊ ကာကွယ်တောတွေ၊ နှစ်ရှည်စိုက်ခင်းကြီးတွေ၊ အော်ဂဲနစ်စိုက်ပျိုးရေးနည်းလမ်းတွေကို သဘာဝဂေဟဗေဒနဲ့ လိုက်လျောညီစွာ ဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်" ဟု သင်တန်းဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့သည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကထိကဆရာတစ်ဦးက ပြောသည်။

ယခုဖွင့်လှစ်လိုက်သည့် သင်တန်းကို အပိုင်း (၆)ပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့မှာ ဂေဟခရီးသွားစနစ်သီအိုရီ အခြေခံသဘောတရားများ၊ စီးပွားရေး၊ ဂေဟဗေဒစနစ်၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာခရီးသွားဈေးကွက်၊ ခရီးသွားများ၏ ဝိသေသလက္ခဏာများဆိုင်ရာ သဘောတရားများလေ့လာခြင်း၊ နိုင်ငံခြားသားခရီးသွားများဆိုင်ရာစီမံချက် ရေးဆွဲနည်းများဖြစ်ပြီး စီမံချက်၏ ရည်မှန်းချက်များ၊ မဟာဗျူဟာနှင့် လက်တွေ့အခြေအနေများ၊ စီမံကိန်းရေးဆွဲရန် ကုန်ကျမည့် ဘတ်ဂျက်နှင့် အချိန်သွင်းအားစုများ၊ အလုပ်တာဝန်ခွဲဝေမှုများအပြင် လက်တွေ့ဆောင်ရွက်နိုင်ခြေ ရှိ/မရှိ လေ့လာခြင်းတို့ဖြစ်ကြောင်း သိရသည်။

သင်တန်းအတွင်း လက်တွေ့လေ့လာမှုအဖြစ် အနီးအနားရှိ သဘာဝပန်းခြံ၊ ကြိုးဝိုင်း၊ နှစ်ရှည်စိုက်ခင်းကြီးများသို့ သွားရောက်လေ့လာကာ ယင်းအပေါ် အခြေခံ၍ သင်တန်းသားများကိုယ်တိုင် စီမံချက်ရေးဆွဲရမည်ဖြစ်ကြောင်း၊ အုပ်စုဖွဲ့၍ မိမိတို့ကိုယ်တိုင်ရေးဆွဲထားသည့် စီမံချက်များကို ပြန်လည်မျှဝေ ဟောပြောခြင်း၊ လေ့လာရေးခရီးစဉ်အတွင်း ကောက်ယူရရှိခဲ့သည့် အချက်အလက်များ အသုံးပြု၍ SWOT ဆန်းစစ်ပုံနည်းလမ်းဖြင့် ဆန်းစစ်သုံးသပ်အဖြေထုတ်သွားရမည်ဖြစ်သည့်အပြင် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများတွင် ပါဝင်ထည့်သွင်း သင်ကြားပေးနိုင်ရန်အတွက် ပြင်ဆင်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါသင်တန်းကို ဂေဟခရီးသွားစနစ်ဆိုင်ရာ အခြေခံသိသင့်သိထိုက်သည့် အချက်များသိရှိလာစေရန်နှင့် လက်တွေ့စီမံကိန်းများ ရေးဆွဲတတ်စေရန်ရည်ရွယ်ကျင်းပခြင်းလည်း ဖြစ်သည်။ သင်တန်းဖွင့်ပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်၊ အစည်းအဝေးခန်းမ (၃) ၌ ကျင်းပခဲ့ရာ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် သင်တန်းသားသင်တန်းသူ ၁၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**



**ဓာတ်ပုံ-မေမိုးသဲ**

# အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၄၀၀ ခွဲဝေသုံးစွဲမည့်ကိစ္စ သဘောတူ

**နေပြည်တော် မတ် ၁၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်အရ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၏ နောက်ဆက်တွဲ ၂ ပါ စီမံကိန်းလုပ်ငန်းများ နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (ပြင်ဆင်ဖြည့်စွက်ချက်)နှင့် စပ်လျဉ်း၍ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း က စက်မှုဝန်ကြီးဌာန အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးဌာနတို့မှ စုစုပေါင်း စက်ရုံ ၄၄ ရုံကို လတ်တလော ရပ်ဆိုင်းထားမည်ဟု ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဆွေးနွေးထားရှိပါကြောင်း။

လတ်တလောရပ်ဆိုင်းထားသည့် လုပ်ငန်းစီမံကိန်းများသည် ယခုရက်ပိုင်းကာလအတွင်းဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများမဟုတ်ပါကြောင်း၊ ဘဏ္ဍာနှစ်အလိုက် ရင်းနှီးမြှုပ်နှံခဲ့ရသည့် နိုင်ငံပိုင်ဘဏ္ဍာငွေကြေးများကို ပြန်လည်စိစစ်ပါက တန်ဖိုးလွန်စွာကြီးမားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်း ပြုလိုက်ပါက ရင်းနှီးမြှုပ်နှံခဲ့ရသည့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ပြုန်းတီးသွားမည်ကိုလည်း သတိပြုသင့်ပါကြောင်း။

အဆိုပါ လုပ်ငန်းစီမံကိန်းများသည် အမျိုးသားဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများဖြစ်၍ ရပ်ဆိုင်းလိုက်ပါက အမျိုးသားဘက်စုံ ဖွံ့ဖြိုးရေးစီမံကိန်းအပေါ်မည်သို့ သက်ရောက်မှုဖြစ်စေနိုင်သည်ကို လေ့လာဆန်းစစ်ရန်နှင့် ဖြစ်ပေါ်လာမည့် အကျိုးအပြစ်အရ မည်သည့်စီမံချက်များဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်မည်ကို ပြည်သူများထံသို့ ပွင့်လင်းမြင်သာရန် ရှင်းလင်းတင်ပြသင့်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေကြမ်းအပေါ် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ (ပြင်ဆင်ဖြည့်စွက်ချက်)၏ လတ်တလော ရပ်ဆိုင်းထားသင့်သည့် လုပ်ငန်းစီမံကိန်း ၄၄ ခုအပေါ် ဝန်ကြီးဌာနမှ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသူများ ပညာရှင်များ၏ အကြံဉာဏ်များကိုရယူကာ လုံးဝရပ်ဆိုင်းထားရမည့် စက်ရုံများနှင့်အစိုးရမှ ကြပ်မတ်ဆောင်ရွက်နိုင်မည့် စက်ရုံများအဖြစ် ပြန်လည်စိစစ်သုံးသပ်သင့်ကြောင်း ဆွေးနွေးသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ အောင်လွင်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဒေါ်သီရိရတနာနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅) ဦးမောင်မောင်အုန်းတို့က ဆက်လက်ဆွေးနွေးကြသည်။



ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့်အခြေခံသဘော ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းအစီအစဉ်ကို ၂၀၁၇ ခုနှစ် မတ် လ ၁၃ ရက်တွင် ဥပဒေကြမ်းတစ်ရပ်လုံးကို အဆုံးအဖြတ်မယူမီ ဦးစွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ ၂ ပါ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများနှင့် ဥပဒေဆိုင်ရာ အကြောင်းအရာတစ်ပိုဒ်ချင်းစီကို ဥပဒေကြမ်း ပူးပေါင်းကော်မတီက အတည်ပြုရန်၊ ငြင်းပယ်ရန်၊ လျှော့၍ ခွင့်ပြုရန်အဆိုတင်သွင်းခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းနှင့် ဥပဒေကြမ်းတစ်ရပ်လုံးကိုအတည်ပြုခြင်း အစီအစဉ်များကို ဆောင်ရွက်ရန်လျာထားကြောင်း ကြိုတင်အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရှမ်းပြည်နယ် အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၄၀၀ ခွဲဝေသုံးစွဲမည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စည်သူက အင်းလေးကန် ရေရှည်ထိန်းသိမ်းရေးသည် ပမာဏကြီးမားကျယ်ပြန့်သည့်အတွက် ငွေကြေးအကုန်အကျများမည်ဖြစ်သကဲ့သို့ ဘက်ပေါင်းစုံပညာရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အင်းလေးကန်သည် ဘီလူးချောင်းမှ လျှပ်စစ်ဓာတ်အားထုတ်သည့် စက်ရုံ သုံး ရုံ၏ ပင်မသွေးကြော ဖြစ်ပါကြောင်း၊ အင်းလေးကန်မတိမ်ကောရန် လိုအပ်ပါကြောင်း၊ Bell 250 Dredging Pump သောင်တူးစက်ကို အသုံးပြုခြင်းဖြင့် ဒေသခံပြည်သူများ၏ ခရီးသွားလာရေး၊ ရောင်းဝယ်ဖောက်ကားရေး၊ ဆက်သွယ်သွားလာရေးများ အဆင်ပြေချောမွေ့လာမည့်အပြင် နိုင်ငံတော်အဆင့် သွားလာရေးနှင့် ဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၄၀၀ ခွဲဝေသုံးစွဲမည့်ကိစ္စရပ်ကို သဘောတူထောက်ခံပါကြောင်းဆွေးနွေးသည်။

ဆက်လက်၍ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံနှင့် နိုင်ငံခုနစ်နိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၁၄ နိုင်ငံနှင့် သံတမန်အဆက်အသွယ်ရှိသည့် နိုင်ငံဖြစ်ပါကြောင်း၊ သို့သော် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နိုင်ငံတကာနှင့် သံတမန်အဆက်အသွယ်ထူထောင်ထားမှု နည်းနေပါကြောင်း၊ နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်၍သော်လည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် သော်လည်းကောင်း၊ နိုင်ငံတကာ အသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက်သော်လည်းကောင်း၊ ဆောင်ရွက်လျက်ရှိနေခြင်းတို့ကြောင့် သံတမန်အဆက်အသွယ် ထူထောင်ခြင်းကို သဘောတူသင့်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃) မှ ဒေါ်ရွှေရွှေ စိန်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ဦးမောင်မောင်လတ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ခင်စည်သူ၊ ခေါင်လံဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန့်ဇင်နှင့် ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်းတို့က ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ နိုင်ငံခုနစ်နိုင်ငံနှင့် သံတမန်ဆက်သွယ်ခြင်းဖြင့် လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံခြားရေးမူဝါဒအရ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဟူသည့် လုပ်ငန်းဆောင်ရွက်ချက်ကို အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် မြန်မာနိုင်ငံနှင့် နိုင်ငံခုနစ်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်ရေးအဆိုပြုချက်ကို ထောက်ခံပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် မြန်မာနိုင်ငံနှင့် နိုင်ငံ ခုနစ်နိုင်ငံတို့အကြား သံတမန်ဆက်သွယ် ထူထောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး မြန်မာနိုင်ငံနှင့် ဂီနီသမ္မတနိုင်ငံ၊ မော်လ်တာသမ္မတနိုင်ငံ၊ အီကွေဒေါသမ္မတနိုင်ငံ၊ ဆေးရဲလ်သမ္မတနိုင်ငံ၊ လိုက်ဘေးရီးယားသမ္မတနိုင်ငံ၊ မာရှယ်ကျွန်းစုသမ္မတနိုင်ငံနှင့် ဟိုလီဆီး(ဗာတီကန်နန်းတော်)တို့ဖြင့် သံတမန်အဆက်အသွယ်ထူထောင်ရန် လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ် မတ်လ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**မင်းဝေမွှေးနန်း(သတင်းစဉ်)**

# (၂၉)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၀**

(၂၉)ကြိမ်မြောက် အာဆီယံ-ဩစတြေးလျဆွေးနွေးပွဲကို မတ် ၉ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ဟိုတယ်ဇုန်ရှိ PARK ROYAL Hotel ၌ ကျင်းပခဲ့သည်။




ဆွေးနွေးပွဲတွင် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ၊ အာဆီယံရေကြောင်းဆိုင်ရာ တိုးချဲ့ဆွေးနွေးပွဲနှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ အပေါင်း အစည်းအဝေး စသည့်ယန္တရားတို့တွင် အာဆီယံ- ဩစတြေးလျ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မည့် နည်းလမ်းများ၊ နိုင်ငံတကာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံ-ဩစတြေးလျ ပူးတွဲကြေညာချက်အသစ်နှင့် အာဆီယံနယ်စပ်ဖြတ်ကျော် မှုခင်းများဆိုင်ရာ အဆင့်မြင့်အရာရှိများ- ဩစတြေးလျအစည်းအဝေးတို့မှတစ်ဆင့် ဒေသတွင်း အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတိုက်ဖျက်ရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ အာဆီယံနှင့် ဩစတြေးလျနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် အာဆီယံတွင် ပိုမိုနီးကပ်သော စီးပွားရေးပေါင်းစည်းမှုများ ရရှိလာစေရေးဆောင်ရွက်ရာတွင် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်မှ ရလဒ်ကောင်းများ ရရှိမှုအခြေအနေများကို အသိအမှတ်ပြုဆွေးနွေးကြသည်။

ထို့ပြင် ၂၀၁၄ ခုနှစ်က နေပြည်တော်၌ ကျင်းပခဲ့သည့် အာဆီယံ- ဩစတြေးလျ နှစ်ပတ်လည်အထိမ်းအမှတ်ထိပ်သီး အစည်းအဝေးမှ ချမှတ်ခဲ့သည့် အာဆီယံ- ဩစတြေးလျ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးအကောင်အထည်ဖော်မှုဆိုင်ရာ အာဆီယံ- ဩစတြေးလျလုပ်ငန်းစီမံချက် ၂၀၁၅-၂၀၁၉ အကောင်အထည်ဖော်မှုကို လည်းပြန်လည်သုံးသပ်ခဲ့ကြသည့် အပြင် လာမည့် ၂၀၁၈ ခုနှစ် မတ်လ၌ ဩစတြေးလျနိုင်ငံ၌ ကျင်းပမည့် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး ကျင်းပ နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုများနှင့် ဘုံစိန်ခေါ်မှုများအား ဖြေရှင်းရာတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုများအပေါ် ဆွေးနွေးခဲ့ကြပြီး ပြောင်းလဲနေသည့် ဗိသုကာအဆောက်အအုံတွင် အာဆီယံ၏အချက်အချာကျမှုနှင့် အရေးပါမှုကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူနှင့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေး ဦးစီးဌာနမှ ဒုတိယဝန်ကြီး H.E.Mr. Gary Quinlan တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဩစတြေးလျနိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၁၀**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ၂၀၁၇ ခုနှစ် မတ်လတွင် ပြုလုပ်ရန်လျာထားပြီး အဆိုပါ ရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အစည်းအဝေး ခေါ်ယူခြင်းဖြစ်သည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကျောက်မျက်ရတနာ သယံဇာတများကို တူးဖော်ထုတ်လုပ်သူများအနေဖြင့် တူးဖော်ထုတ်လုပ်မှုမှရရှိသည့် စီးပွားရေးအကျိုးအမြတ်ထက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနိုင်မှုမရှိစေခြင်းကို ပိုမိုဦးစားပေး တူးဖော်ထုတ်လုပ်ကြရန်၊ နိုင်ငံသားများအားလုံးက ပိုင်ဆိုင်သော ကျောက်မျက်ရတနာသယံဇာတများကို သားစဉ်မြေးဆက် ခံစားရရှိနိုင်အောင် အကန့်အသတ်ဖြင့်သာ တူးဖော်ထုတ်လုပ်ကြရန်၊ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးအမြတ်ဖြင့် ကျောက်မျက်ရတနာ ထွက်ရှိရာဒေသမှ ပြည်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီညီထိန်းညှိပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး အကျိုးခံစားခွင့်ရှိအောင် တူးဖော်ထုတ်လုပ်သွားကြရန်၊ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်မှုကြောင့် ပျက်စီးသွားသည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ပြုပြင် ထိန်းသိမ်းမှုများ ဆောင်ရွက်ပြီး လူမှုဘဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများ မရှိစေရန်စသည့် အခြေခံမူများနှင့် တူးဖော်ထုတ်လုပ်သွားကြရန် လိုကြောင်း။

ကျောက်မျက်ရတနာများကို ရောင်းချရာတွင်လည်း အရိုင်းအတိုင်း ရောင်းချခြင်းအစား ဆင့်တက်ပြုပြင်ခြင်း နည်းပညာများ အသုံးပြုဆောင်ရွက်ထားသည့် ကျောက်မျက်ရတနာအချောထည်များကို ရောင်းချနိုင်ရန် ဦးစားပေးလုပ်ဆောင်ရေး၊ ကျောက်မျက်ရတနာအချောထည်လုပ်ငန်းများ ပြည်တွင်းတွင် ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်တွင်းတွင် ကျောက်မျက်ရတနာအချောထည်ဈေးကွက်နှင့် လက်ဝတ်ရတနာဈေးကွက် တိုးတက်ဖြစ်ထွန်းစေရေး၊ ကျောက်မျက်ရတနာအချောထည်များနှင့် လက်ဝတ်ရတနာများ၏ အရည်အသွေးကို မြှင့်တင်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ရေးတို့ကိုလည်း စီမံလုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီမံရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျောက်စိမ်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျောက်မျက်လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လုံခြုံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့က ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြပွဲခင်းကျင်းမှု၊ ပြသမှု၊ ရောင်းချမှု၊ ဈေးနှုန်းသတ်မှတ်မှု၊ လုံခြုံရေး၊ သွားလာဆက်သွယ်ရေးနှင့် သတင်းထုတ်ပြန်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယခုကျင်းပမည့် ရောင်းချပွဲကို နိုင်ငံသားကျောက်မျက်ရတနာ အချောထည်လုပ်ငန်းရှင်များ ကုန်ကြမ်းပြတ်လပ်မှု မရှိစေရေး၊ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရေး၊ ပြည်ပသို့ တရားမဝင် ရောင်းချခြင်းများ တားဆီးနိုင်ရေးနှင့် တူးဖော်ရေးလုပ်ငန်းရှင်များ ငွေကြေးလည်ပတ်မှုကို အထောက်အကူဖြစ်စေနိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကိုသာ တက်ရောက်ဝယ်ယူခွင့်ပြုသွားမည်ဖြစ်သည်။

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၁၇ ခုနှစ် မတ်လ ၁၉ ရက်မှ ၂၄ ရက်အထိ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ခြင်းလုံးခတ်ပြိုင်

**မန္တလေး မတ် ၁၀**

ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး ဒုတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ်ဖလား (၆) ပေါက်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ အဆိုပါစေတီတော်၌ ကျင်းပသည်။

အခမ်းအနားတွင် ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့အတွင်းရေးမှူး အားကစားပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌဦးမောင်မောင်ဦးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ယင်းပြိုင်ပွဲကို မတ် ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခြင်းလုံးပြိုင်ပွဲတွင် ၂၅ သင်း၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ၂၃ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ပြိုင်ပွဲဝင်အသင်းများအား နေထိုင်စားသောက်စရိတ်နှင့်ခရီးစရိတ်များ ပံ့ပိုး ကူညီပေးထားကြောင်း သိရသည်။ ဆုကြေးအဖြစ် ပထမဆုငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၀ သိန်း၊ တတိယဆုငွေကျပ်ငါးသိန်းချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ရန်နိုင်**



**ပေါက်ခေါင်းမြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ကျောက်ချောလမ်းခင်းခြင်းနှင့် ပြန်လည်ပြုပြင် ရန်လိုအပ်သည့် အပိုင်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ မတ် ၉ ရက်က သွားရောက်စစ်ဆေးစဉ်**
(မြို့နယ် ပြန်/ဆက်)



# နာဂဒေသတွင် လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းနေကြောင်း ဒေသဦးစီးဥက္ကဋ္ဌပြောကြား

**မုံရွာ မတ် ၁၀**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် လောနောက်ကုန်းရွာနှင့် လောနောက် အင်းရွာနေထိုင်သူ ဒေသခံအချို့တွင်မတ်လဆန်းမှ သိရသော တီဘီရောဂါဖြစ်ပွားမှုသည် သတင်းမရရှိခြင်းနှင့်အတူ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း နှင့် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေမှုများကြောင့် ဖြစ်ရကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးကေဆိုင်းက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် တွေ့ဆုံစဉ် ပြောကြားသည်။

“လဟယ်မြို့ နယ် လောနောက်ကုန်း ကျေးရွာမှာ ၁၄ ဦးသေတယ်။ ဆရာဝန် တွေစစ်ဆေးချက်အရ တီဘီလို့သိရတယ်။လူနာ၂၄ ဦးရဲ့ သွေးနမူနာကိုစစ်ကြည့်တာ လေးဦးရဲ့သွေးက တီဘီပိုးတွေ့ရတာပါ။ကျန်တဲ့သူတွေကမတွေ့ရပါဘူး။ အခုဖြစ် နေတာကရောဂါဖြစ်လို့ကိုယ်ခံအားနည်းတဲ့အချိန် ကျန်ရောဂါတွေပါဖြစ်ပြီး လူအသေအပျောက်ရှိခဲ့တာပါ။ ဖြစ်တာက ဒီဇင်ဘာနဲ့ဇန်နဝါရီလလောက် ကတည်းကလို့သိရတယ်။ သတင်းမပို့နိုင်ကြလို့လူအသေအပျောက်ရှိခဲ့တာပါ။ မတ် ၂ ရက်ကမှ သိတော့ ၃ ရက်မှာပဲ ကျန်းမာရေး လုပ်သား နှစ်ဦးကို အရင်လွှတ်လိုက်တယ်။ မတ် ၄ ရက်နေ့မှာ မြို့နယ်ခွဲဆရာဝန်တစ်ဦးနဲ့ တပ်မတော် ဆရာဝန်နှစ်ဦးကိုထပ်လွှတ်ပြီး အထွေထွေအုပ်ချုပ်ရေးမှူးရုံး အပါအဝင် ဌာနပေါင်းစုံကဝန်ထမ်းတွေ ထပ်လွှတ်ပြီးဆေးဝါးကုသမှုတွေလုပ်နေတာ အခုတော့ရောဂါဖြစ်ပွားတာ မရှိတော့ဘူးလို့သိရပါတယ်”ဟု ၎င်းက ပြောပြသည်။

လက်ရှိတွင်အသေအပျောက်မရှိ တော့ဘဲ ဖျားနာနေသူများကို ဆေးဝါးများ ဆက်လက်ကုသပေးနေပြီး ဆက်စပ်နယ်မြေများတွင် ရောဂါကူးစက်မှုရှိမရှိ ကိုမသိရှိရသေးသလို နာဂဒေသတွင် ယခုအချိန်အထိဝန်ထမ်းအင်အားနည်းပြီး ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသေးကြောင်း ဦးကေဆိုင်းက ပြောသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိကျေးရွာတိုင်းကို ဝန်ထမ်းမပေးနိုင်သေးသော်လည်း လက်ရှိတွင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရောဂါ ၁၀ မျိုးကာကွယ်သည့်ဆေးများကို လက်ရှိတွင်ထိုးပေးနေသလို ဆက်လက်၍လည်း ထိုးပေးသွားမည်ဖြစ်ကြောင်း လက်ရှိနာဂဒသ၏ မြို့ရှစ်မြို့ရှိဆေးရုံများတွင် ဆေးရုံဝန်ထမ်းနှစ်ဦးစီသာ ခန့်ထားနိုင်သေးကြောင်း ဦးကေဆိုင်းထံမှသိရသည်။

နာဂဒေသတွင်ဝမ်းစာရေးပြဿနာ ရှိသည့်အတွက်ကိုယ်ခံအားနည်းပြီး ရောဂါများထပ်ဆင့်ဝင်ရောက်လာမှုအပေါ် ကျန်းမာရေးကြိုတင်ကာကွယ်ရေးနှင့်အာဟာရဖြည့်ဆည်းရေးများကို အထူးဆောင်ရွက်ရန်လက်ရှိတွင် လိုအပ်နေကြောင်းသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် ကိုယ်ရည်ကိုယ်သွေးမြှင့်မားရေး စာပေဟောပြောပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၀**

ကျောင်းသားကျောင်းသူများ လိမ္မာရေးခြားရှိစေရေး၊ ကိုယ်ရည်ကိုယ်သွေးမြှင့်မားရေးနှင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းပညာရပ် ကို တန်ဖိုးထားလေးစားတတ်စေရေး ရည်ရွယ်ချက်ဖြင့် စာပေဟောပြောပွဲတစ်ရပ်ကို ယနေ့နံနက် ၉ နာရီက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်- ရန်ကုန်တွင် ကျင်းပသည်။

အဆိုပါ Personal and Professional Development(PPD)အစီအစဉ်ဖြင့် ပြုလုပ်သည့် စာပေဟောပြောပွဲတွင် စာရေးဆရာ သရဝဏ်(ပြည်)က **“စိတ်ဓာတ်တွေကို အတုယူကြ”** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မောင်သာချို (ဂျက်ကွမ်းခြံကုန်း)က **“တစ်ယောက်တည်းပြောင်းလို့မရဘူး”** ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ကြောင်းနှင့် စာပေဟောပြောပွဲသို့ ပါမောက္ခ ချုပ်နှင့် ဆရာ ဆရာမများ၊ အလုပ်သင်ဆရာဝန်များ၊ ကျောင်းသား ကျောင်းသူများအပြင် ဝန်ထမ်းများလည်း တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# လောက်ကိုင်မြို့မှ တိမ်းရှောင်လာသော ပြည်သူများအတွက် လှူဒါန်းပစ္စည်းများထောက်ပံ့

**လားရှိုး မတ် ၁၀**

လောက်ကိုင်မြို့မှ တိမ်းရှောင်လာသော ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပြည်သူလူထုမှ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဆန် ၈၈ အိတ် ၁၉ ပြည် လေးဘူး၊ ဆီ ၁၂၂ ပိဿာ ၅၀ ကျပ်သား၊ ငါးသေတ္တာ ၇၂၉ ဘူး စုစုပေါင်းငွေကျပ် ၃၃၃၅၄၀၀ တန်ဖိုးရှိပစ္စည်းများကို ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်သန်းနှင့် တာဝန်ရှိသူများက တိမ်းရှောင်ပြည်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

လောက်ကိုင်ဒေသမှ လားရှိုးမြို့ မန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိလာသော အနယ်နယ်အရပ်ရပ်မှ အလုပ်သမားမိသားစုဝင် ၂၆၆ ဦးတို့အား ထမင်းဘူးများ၊ သောက်ရေသန့်ဘူးများ ပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို အမှတ်(၁၀) စစ်မြေပြင်ဆေးတပ်ရင်း (တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့)နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါမိသားစုဝင်များ နေရပ်သို့ ပြန်ရန်အတွက် လားရှိုးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် အလှူရှင်များက မော်တော်ယာဉ်ငါးစီးဖြင့် မန္တလေးမြို့သို့ စီစဉ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရှေးဟောင်း သမိုင်းဝင်သီပေါဘော်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် စည်ကားစွာကျင်းပ

**သီပေါ မတ် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ဘော်ကြိုကျေးရွာတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင်ဘော်ကြို ဘုရားကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။



ဒေသခံ ရှမ်း၊ ပလောင်တိုင်းရင်းသားများသည် တစ်နှစ်ပတ်လုံး မိရိုးဖလာလုပ်ငန်းဖြစ်သည့် မိမိတို့လက်ဖက်ခြံမြေအတွင်း လက်ဖက်စိုက်ပျိုး၊ ခူးဆွတ်၊ နေလှန်း၊ ပေါင်းတင် စသည့်အခြေခံလုပ်ငန်းများမှအစ လက်ဖက်စို၊ လက်ဖက်ခြောက်အဖြစ်ရောက်သည်အထိ ကြိုးပမ်းအားထုတ်ပြီး တစ်နှစ်တစ်ကြိမ်ဘော်ကြိုဘုရားကြီးကို ဖူးမြော်ကြည်ညိုလှူဒါန်းနိုင်ရန် အားခဲရည်မှန်းထားကြခြင်းဖြစ်သည်။ ရှမ်းပလောင်တိုင်းရင်းသားများသည် ဘော်ကြိုဘုရားကြီးကို ဖူးမြော်ရန်အဖိတ်နေ့တွင် တောင်ပေါ်ဒေသအသီးသီးမှထွက်ခွာလာကြပြီး လပြည့်နေ့တွင် ဘုရားကြီးသို့ အရောက်လှမ်းကြသည်။ ဘော်ကြိုဘုရားကြီးမုခ်လေးမုခ်မှ ဗုဒ္ဓဆင်းတုတော်များအား ရွှေသင်္ကန်းများ ကပ်လှူကြပြီး တပေါင်းလပြည့်နေ့ နံနက် ၄ နာရီမှ စတင်ကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများကို သဒ္ဓါကြည်ညိုစိတ်အားထက်သန်စွာဖြင့် ကပ်လှူပူဇော်ကြသည်။ တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူတူနိုင်ရိုးလားဆိုစကားနှင့်အညီ အလှူဒါနပြုရာတွင် ရက်ရောလှကြောင်း တွေ့မြင်ရသည်။

ပွဲတော်ရက်များအတွင်း ဘော်ကြိုဘုရားကြီးရင်ပြင်တော်ပေါ်၌ အသံမစဲမဟာပဋ္ဌာန်းပွဲ၊ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ပျော်ပွဲရွှင်ပွဲများ၊ ရှမ်း၊ မြန်မာဇာတ်၊ စင်တင်တေးဂီတရိုးရာယဉ်ကျေးမှုအကများ၊ အခြားပျော်ပွဲရွှင်ပွဲများအပြင် ဒေသထွက်ကုန်အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ အလှကုန်နှင့်ရှမ်းရိုးရာအထည်ဆိုင်များ၊ မိုင်းကိုင်ဒေသမှ ရိုးရာအစားအစာနှင့် ရေတကောင်းမြေအိုးများ၊ ရိုးရာမီးဖိုချောင်သုံးစဉ့်ခွက်ပစ္စည်းများကို ဒေသခံများသာမက ကမ္ဘာလှည့်ခရီးသွားများပင် စိတ်ပါဝင်စားစွာ ဝယ်ယူစားသောက်ကြသည်။

ပွဲတော်လာဘုရားဖူးများ အခက်အခဲမရှိစေရေးအတွက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းသာညွှန့်နှင့်အဖွဲ့ဝင်များက တည်းခိုဆောင်များစီစဉ်ထားရှိပေးခြင်း၊ ပို့ဆောင်ရေးအနေဖြင့် မြန်မာ့မီးရထားက သီပေါ၊ ဘော်ကြိုလာဘုရားဖူးပြည်သူများအတွက် တစ်ရက်လျှင် ရှစ်ခေါက်လွန်းပြန်အထူးရထားစီစဉ်ပြေးဆွဲပေးခြင်း၊ မော်တော်ယာဉ်ကြီးယာဉ်ငယ်၊ သုံးဘီးဆိုင်ကယ်မှအစ ဈေးနှုန်းချိုသာစွာ ပို့ဆောင်ပေးသဖြင့် ဘုရားဖူးများ အဆင်ပြေစိတ်ချမ်းသာကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဂျပန်နိုင်ငံနိပွန်ဖောင်ဒေးရှင်းကဆောက်လုပ်လှူဒါန်းသော ပဋိပက္ခဒဏ်သင့် ပြည်သူများအတွက် နေအိမ်များလွှဲပြောင်းပေးအပ်

**ဘားအံ မတ် ၁၀**

ကရင်ပြည်နယ်အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ ဦးဆောင်မှုဖြင့် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းက ကူညီထောက်ပံ့လှူဒါန်းသော ပဋိပက္ခဒဏ်သင့်ပြည်သူများ နေထိုင်ရန်အတွက် နေအိမ်များလွှဲပြောင်းပေးအပ်သော အခမ်းအနားကို ကရင်ပြည်နယ် မြဝတီခရိုင် လေကေ့ကော်မြို့သစ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

နိပွန်ဖောင်ဒေးရှင်းသည် အဆိုပါဒေသကို ပြီးခဲ့သော ၂၀၁၂ ခုနှစ်က ပြည်နယ်အစိုးရ၊ ကရင်အမျိုးသားအစည်းအရုံးတို့၏ သဘောတူညီမှုဖြင့် နေအိမ်အလုံး ၁၀၀ ဆောက်လုပ်ကူညီထောက်ပံ့ပေးရန် သဘောတူခဲ့ပြီး ယခုအခါ အဆိုပါနေအိမ်များကို ရာနှုန်းပြည့်နီးပါးပြီးစီးပြီဖြစ်၍ သက်ဆိုင်ရာပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။ နေအိမ်တစ်လုံးကို ငွေကျပ် ၆၅ သိန်း အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါနေအိမ်အလုံး ၁၀၀ အတွက် အမေရိကန်ဒေါ်လာသိန်း ၁၀၀ အကုန်အကျခံဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ နိပွန်ဖောင်ဒေးရှင်းသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနရန်ပုံငွေ ရယူကာကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့အတွင်းရှိ ပဋိပက္ခဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးစီမံကိန်းများအဖြစ် နေအိမ်များ၊ စာသင်ကျောင်းများနှင့် အခြားလိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်တွင် စတင်အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သည်။ အဆိုပါဒေသသုံးခုအတွက် နေအိမ်အလုံး၁၂၅၀၊ စာသင်ကျောင်းခုနစ်ကျောင်း၊ ဆေးခန်းသုံးခန်း၊ ကျန်းမာရေးဌာနတစ်ခု၊ တံတားတစ်စင်းနှင့် ရေတွင်းငါးတွင်းတို့ကို ဆောက်လုပ်လှူဒါန်းရန် စီမံဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် နိပွန်ဖောင်ဒေးရှင်းသည် ပဋိပက္ခဒဏ်သင့်ပြည်သူများ အဆင်ပြေစေရေးအတွက် အမေရိကန်ဒေါ်လာသန်း ၂၀ ဖိုးရှိ ဆန်အပါအဝင် စားနပ်ရိက္ခာများကိုလည်း ကူညီထောက်ပံ့ပေးခဲ့သည်။

အခုလို လှူဒါန်းပြီးမြောက်ခဲ့လို့ ဒေသခံပြည်သူတွေနဲ့ ထပ်တူ ဝမ်းသာဝမ်းမြောက်ဖြစ်မိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဒုတိယကမ္ဘာစစ်တုန်းကမိသားစုနဲ့အတူ အခုလို စစ်ဘေးဒုက္ခခံစားခဲ့ရလို့ ကိုယ်ချင်းစာမိတာအမှန်ပါပဲ။ အဲဒီတုန်းကဆို ဗိုက်ဆာလို့ ရေပဲသောက်ခဲ့ရတဲ့ ရက်တွေမနည်းပါဘူး။ တတ်နိုင်သလောက် ကျွန်တော်တို့တတ်နိုင်တဲ့ဘက်ကနေ ကိုယ်ချင်းစာပြီးအခုလို လှူဒါန်းတာဖြစ်ပါတယ်၊ နောက်လည်း ကျွန်တော်တို့တတ်နိုင်တဲ့ဘက်ကနေ ဒီကရင်ပြည်နယ်မှမဟုတ်ပါဘူး၊ ကျန်တဲ့ဒေသတွေကိုလည်း ကူညီထောက်ပံ့ပေးသွားဖို့ ရှိပါတယ်”ဟု နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဆာဆာကာဝါက ယနေ့ကျင်းပသော လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ယနေ့ကျင်းပသော မြန်မာနိုင်ငံအရှေ့တောင်ဒေသရှိ ပဋိပက္ခဒဏ်သင့် ဒေသခံပြည်သူများအတွက် တည်ဆောက်ထားသောနေအိမ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးဆေးဖိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အရှေ့တောင်ပိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ မြန်မာနိုင်ငံဂျပန်သံရုံး ဒုတိယသံအမတ်ကြီး မစ္စတာ မာဂူယာမာ၊ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဆာဆာကာဝါနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ငြိမ်းချမ်းရေးအထိမ်းအမှတ် ငှက်လွှတ်ပွဲတော်ကို ဒေသခံ ပြည်သူများနှင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**




နေအိမ်များ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် တက်ရောက်လာသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်နေစဉ်

# မြန်မာနိုင်ငံ၏ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးအလားအလာများနှင့်စပ်လျဉ်း၍ Bloomberg Invest Myanmar အခမ်းအနား ကမ္ဘောဇဘဏ်လီမိတက်၏ ကမကထဖြင့်ကျင်းပ

**ရန်ကုန် မတ် ၁၀**

Bloomberg Invest Myanmar အခမ်းအနားကို ရန်ကုန်မြို့ Sedona Hotel တွင် မတ် ၉ ရက်က ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးဆိုင်ရာ အလားအလာများကို နိုင်ငံတကာသံတမန်များ၊ ပြည်တွင်း ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။



ကမ္ဘောဇဘဏ်လီမိတက်၏ အမှုဆောင်ဒါရိုက်တာများဖြစ်သော ဒေါ်နန်းလိုင်းခမ်းနှင့် ဒေါ်နန်းခမ်းနောင့်တို့က Private Breakfast ဖြင့် တက်ရောက်လာကြသော ဧည့်သည်တော်များအား ကြိုဆိုနှုတ်ခွန်းဆက်ခဲ့ကြသည်။ ကမ္ဘောဇဘဏ်လီမိတက်၏ အမှုဆောင် ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းက ကြိုဆိုနှုတ်ခွန်းဆက် စကား ပြောကြားရာတွင် “ကျွန်မတို့ နိုင်ငံ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်၊ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ကျွန်မတို့အားလုံးဟာ နိုင်ငံသူနိုင်ငံသားတွေနဲ့ လူမှုဝန်းကျင်ရဲ့ သားစဉ်မြေးဆက် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ယခုအခမ်းအနားသည် ကမ္ဘာကျော် စီးပွားရေးဆိုင်ရာ ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Bloomberg ရုပ်သံလိုင်းမှ "Bloomberg Invest Myanmar" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး၊ အခမ်းအနားတွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးအလားအလာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး Mr.Andrew Patrick အပါအဝင် နိုင်ငံတကာသံရုံးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Bangkok Bank ၏ ဥက္ကဋ္ဌဖြစ်သူ Mr.Chartsiri Sophonpanich အပါအဝင် ပြည်တွင်းပြည်ပ ထိပ်တန်းစီးပွားရေးလုပ်ငန်းကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံတကာမှ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ယခုအခမ်းအနားတွင် ကမ္ဘောဇအုပ်စု၏ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့် မှ "A Final Frontier Opens Up –Is This Finally the Real Deal?" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာအလားအလာများ၊ ကမ္ဘောဇဘဏ်လီမိတက်မှ မြန်မာနိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍတွင် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် အာဆီယံဒေသမှ အမေရိကန်နိုင်ငံအထိ ဘဏ်လုပ်ငန်း ဆိုင်ရာလုပ်ငန်းများ ချဲ့ထွင်နေမှုတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်မီ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို နိုင်ငံသူနိုင်ငံသားများအား တိုးချဲ့ဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ Bloomberg Invest Myanmar အခမ်းအနားကိုလည်း ကမ္ဘောဇဘဏ်လီမိတက်မှ Platinum Sponsor အဖြစ် ကူညီပံ့ပိုးထားခြင်းဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး (မြန်မာစာ)**

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဂျပန်နိုင်ငံက ကန်ဒေါ်လာ ၄ ဒသမ ၂ သန်းနီးပါးကူညီထောက်ပံ့

**တိုကျို မတ် ၁၀**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ် မစ္စတာ တာတက်ရှီဟီဂူချီနှင့် မြန်မာနိုင်ငံရှိ စီမံကိန်းဝန်ဆောင်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNOPS) မှ ညွှန်ကြားရေးမှူး မစ္စတာနီကိုးလပ်ဂျော့တို့သည် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးထူထောင်မှုဖြစ်စဉ်ကို ကူညီထောက်ပံ့ရေးစီမံကိန်းအတွက် ဂျပန်ယန်းငွေ ၄၈၇ သန်း (အမေရိကန် ဒေါ်လာ ၄ ဒသမ ၂ သန်းနီးပါး) ကို ပေးအပ်ရန် ရန်ကုန်မြို့၌ သဘောတူညီလက်မှတ် အပြန်အလှန်ရေးထိုးခဲ့ကြကြောင်း သိရသည်။

UNOPS မှတစ်ဆင့် ထိုသို့ ငွေကြေးအကူအညီ ပေးအပ်မှုသည် မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ပြန်လည်စုစည်းညီညွတ်မှုရရှိရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် ကူညီထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ဂျပန်ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးနှင့် မြန်မာနိုင်ငံ၏နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဂျပန်နိုင်ငံ တိုကျိုမြို့၌ တွေ့ဆုံခဲ့စဉ် မစ္စတာရှင်ဇိုအာဘေးသည် လက်ရှိမြန်မာအစိုးရအဖွဲ့က ဦးစားပေး ဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကူအညီပေးသွားရန် အလေးအနက် ကတိပေးအပ်ခဲ့သည်။

ယခုပေးအပ်သည့် ငွေကြေးကူညီထောက်ပံ့မှုသည် လာမည့် ငါးနှစ်တာအတွက် တိုင်းရင်းသားလူမျိုးစုများရှိရာ ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံက မြန်မာနိုင်ငံသို့ ငါးနှစ်စာ ဂျပန်ယန်းငွေ ဘီလီယံ ၄၀ ကူညီထောက်ပံ့မှုပေးအပ်မည့်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



# တောင်ဆူဒန်ရှိ ဂျပန်မစ်ရှင်အဖွဲ့ နေရပ်သို့ပြန်လည်ထွက်ခွာမည်

**တိုကျို မတ် ၁၀**

တောင်ဆူဒန်၌ ဂျပန်နိုင်ငံမှ ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့များ ချထားမှုကို အဆုံးသတ်တော့မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့သည်။

လက်ရှိ အထူးအဖွဲ့ဝင်များ၏ နေရာတွင် နောက်ထပ်အဖွဲ့ဝင်သစ်များ အစားထိုးချထားရန် စေလွှတ်တော့မည်မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လတ်တလောတွင် တောင်ဆူဒန်၌ ရောက်ရှိနေသည့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့သည် လက်ရှိလုပ်ဆောင်လျက်ရှိသည့် လမ်းတည်ဆောက်ရေးလုပ်ငန်းများကို မေလကုန်တွင် အပြီးသတ်ဆောင်ရွက်ပြီးနောက် မေလကုန်လောက်တွင် ဂျပန်နိုင်ငံသို့ ပြန်မည်ဖြစ်ကြောင်း သိရသည်။




မစ်ရှင်အဖွဲ့၏ တာဝန်ထမ်းဆောင်မှုသည် ပြီးခဲ့သည့်ဇွန်လက ငါးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တောင်ဆူဒန်၌ ယခုအခါ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာပြီဖြစ်သောကြောင့် ဂျူးဘား၌ SDF ၏ ဆောက်လုပ်ရေးလှုပ်ရှားဆောင်ရွက်မှုကို တစ်ခန်းရပ်ရန် ဆုံးဖြတ်လိုက်ရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တောင်ဆူဒန်ရှိ ကုလသမဂ္ဂမစ်ရှင်အဖွဲ့ရုံးချုပ်တွင် အကြီးတန်းအရာရှိအချို့ကို ရှိမြဲအတိုင်း ဆက်လက်တာဝန်ထမ်းဆောင်စေမည်ဖြစ်ပြီး ဂျပန်နိုင်ငံသည် တောင်ဆူဒန်အား ပုံမှန်အတိုင်း အကူအညီများ ဆက်လက်ပေးအပ်နိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် အကြမ်းဖက်ဆူပူမှုများဖြင့် ပြိုကွဲလျက်ရှိသည့် တောင်ဆူဒန်ကို ပြန်လည်ထူထောင်ရေး အကူအညီပေးရန် အဖွဲ့ဝင်များ စေလွှတ်မှုကို ၂၀၁၂ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

# သမ္မတ ပတ်ဂွမ်ဟေးအား ရာထူးမှအပြီးအပိုင်ရပ်စဲ

**ဆိုးလ် မတ် ၁၀**

တောင်ကိုရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက သမ္မတ ပတ်ဂွမ်ဟေးအား စွပ်စွဲပြစ်တင်ခြင်းအဆိုကို ထောက်ခံလိုက်ပြီး တောင်ကိုရီးယားနိုင်ငံသမ္မတ ပတ်ဂွမ်ဟေးအား မတ် ၁၀ ရက်တွင် သမ္မတရာထူးမှ အပြီးအပိုင်ရပ်စဲလိုက်ပြီဖြစ်ကြောင်း သိရသည်။

ခုံရုံး၏ ယာယီတရားသူကြီးချုပ် လီဂျွန်မီက သမ္မတအား စွပ်စွဲပြစ်တင်မှုနှင့်ပတ်သက်ပြီး အမိန့်ချမှတ်မှုအား နိုင်ငံတစ်ဝန်းရုပ်သံလိုင်းများက အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသခဲ့ပြီး ယင်းအမိန့်ချမှတ်မှုကို တရားသူကြီးရှစ်ဦးက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း လီက ပြောခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ဥပဒေခုံရုံး၏အမိန့်စာသည် ကြေညာပြီးသည်နှင့် တစ်ပြိုင်နက် စတင်အသက်ဝင်ပြီဖြစ်ကာ ပတ်အနေဖြင့် လက်ရှိသမ္မတရာထူးနှင့် သမ္မတလုပ်ပိုင်ခွင့်အာဏာအားလုံးကို ဆုံးရှုံးသွားပြီဖြစ်သောကြောင့် သမ္မတအိမ်ပြာတော်မှ ထွက်ခွာပေးရတော့မည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# အမေရိကန်မှ ပြန်ပို့လိုက်သည့် ဆိုမာလီယာနိုင်ငံသားများ မိုဂါဒစ်ရှူးသို့ ပြန်လည်ရောက်ရှိ

**မိုဂါဒစ်ရှူး မတ် ၁၀**

အမေရိကန်ပြည်ထောင်စုမှ နှင်ထုတ်လိုက်သည့် ဆိုမာလီယာနိုင်ငံသား ၇၀ ကျော်သည် သောကြာနေ့တွင် မိုဂါဒစ်ရှူးသို့ ပြန်လည်ရောက်ရှိလာကြောင်း အစိုးရအဖွဲ့အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ဆိုမာလီယာပြည်တွင်း လုံခြုံရေးဌာနဝန်ကြီး အဘဒီရီဆတ်အိုမာမိုဟာမက်က ယခုကဲ့သို့ ဆိုမာလီယာနိုင်ငံသားများ နိုင်ငံအတွင်းသို့ ပြန်လာခြင်းသည် သမ္မတဒေါ်နယ်ထရန့်စတင် တာဝန်ထမ်းဆောင်ချိန်တွင် ပြည်ဝင်ခွင့်ဆိုင်ရာ အမိန့်ထုတ်ပြန်ပြီး တရားမဝင် ရွှေ့ပြောင်းသွားလာသူများအား ပြင်းထန်စွာ အရေးယူမှုကြောင့် ဒုတိယအကြိမ်မြောက် နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့ ဆိုမာလီယာနိုင်ငံသားများ ပြန်လည်ရောက်ရှိလာမှုအပေါ် သတိထားစောင့်ကြည့်လျက်ရှိကြောင်း၊ ၎င်းတို့သည် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပြီးနောက် အမေရိကန်ပြည်ထောင်စုရှိ ထိန်းသိမ်းရေးစခန်းများတွင် နှစ်နှစ်ကြာအောင်နေထိုင်ခဲ့ရကြောင်း မိုဟာမက်က ဆိုသည်။

ဆိုမာလီယာနိုင်ငံသားများအား နေရပ်သို့ ပြန်ပို့ရန် အမေရိကန်ရှိ ဆိုမာလီယာသံရုံးနှင့် အမေရိကန်အာဏာပိုင်များက သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**



# ကမ္ဘာ့အဝဆုံးအမျိုးသမီးအား အိန္ဒိယဆရာဝန်များက အောင်မြင်စွာခွဲစိတ်ကုသ

**မွမ်ဘိုင်း မတ် ၁၀**

အိန္ဒိယဆရာဝန်များက ကမ္ဘာ့အဝဆုံးအမျိုးသမီးအဖြစ် ယူဆရသော ကိုယ်အလေးချိန် ၅၀၀ ကီလိုဂရမ်ရှိ အီဂျစ်အမျိုးသမီးတစ်ဦးအား မွမ်ဘိုင်းမြို့ရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံ၌ အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

မွမ်ဘိုင်းဆိုင်ဖီးဆေးရုံ ပြောရေးဆိုခွင့်ရှိသူက အသက် ၃၆ နှစ်အရွယ် အီမန်အာမက် အက်ဘ်အယ်လ်အာတီသည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး လအနည်းငယ်အကြာတွင် ကိုယ်အလေးချိန် ၁၀၀ ကီလိုဂရမ်လျော့ကျသွားပြီး ကိုယ်အလေးချိန်လျှော့ချသည့် ခွဲစိတ်မှုအား အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဆေးရုံထုတ်ပြန်ချက်တွင် အီမန်၏ အစာအိမ်အစိတ်အပိုင်းများကို ဖယ်ထုတ်ပစ်သည့် ခွဲစိတ်မှုအား အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကာ ၎င်းအားမေ့ဆေးပေးကာ ခွဲစိတ်နေစဉ်အတွင်း ထူးခြားသည့်ဖြစ်စဉ်များ မရှိခဲ့ကြောင်း၊ မကြာမီ အချိန်အတွင်း အီဂျစ်နိုင်ငံသို့ ပြန်နိုင်လောက်သည်အထိ ကိုယ်အလေးချိန် လျော့ကျသွားစေရန် ဆရာဝန်များက ကြိုးစားနေကြောင်း သိရသည်။

အီမန်၏ မိသားစုဝင်များက အီမန် အိမ်ပြင်မထွက်သည်မှာ ၂၅ နှစ်ရှိပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အီမန်သည် မွမ်ဘိုင်းသို့ လွန်ခဲ့သောလက စင်းလုံးငှားလေယာဉ်ဖြင့် ရောက်ရှိလာခဲ့သည်။ ပထမပိုင်းတွင် ကိုင်ရိုမြို့ရှိ အိန္ဒိယသံရုံးက အီမန်၏ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားမှုကို ပယ်ချခဲ့သော်လည်း နောက်ပိုင်းတွင် အီမန်၏ဆရာဝန်က အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီး၏ တွစ်တာစာမျက်နှာတွင် အကူအညီတောင်းခံခဲ့ရာ အဆင်ပြေခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ရခိုင်ပြည်နယ် မောင်တောဒေသ လက်ရှိတည်ငြိမ်မှုအား ဆက်လက်ပိုမိုကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရေးကိစ္စဆွေးနွေး

**နေပြည်တော် မတ် ၁၀**



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ UN, NGOs, INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံအတွင်းရှိ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံ၊ ကဏ္ဍစုံမှ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှု၏ အောင်မြင်ဖြစ်ထွန်းမှုများ၊ ရခိုင်ပြည်နယ် မောင်တောဒေသ၏ လက်ရှိတည်ငြိမ်အေးချမ်းမှုအား ဆက်လက်၍ ပိုမိုကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်း ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ ဒေသအတွင်း စီးပွားရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ နယ်စပ်ဒေသများရှိ IDPs များနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

✪ *ကျောဖုံးမှ*

ယခုပွဲတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲပြန်ရရေးအတွက် ခရစ္စတိုဖာနှင့် ကင်မ်ကို တစ်ပြိုင်နက်အသုံးပြုခဲ့ပြီး မကွေးအသင်းမှာမူ ဒဏ်ရာရနေသည့် နန္ဒကျော်မှလွဲ၍ လူစုံပါဝင်ခဲ့သည်။ ခြေစွမ်းပိုင်းအရ ရှမ်းယူနိုက်တက်အသင်း ကစားပုံပိုကောင်းခဲ့ပြီး မကွေးအသင်းသည် ကွင်းလယ် ကစားပုံပျက်နေသောကြောင့် ခံစစ်သာမက တိုက်စစ်တွင်ပါ ဟာကွက်များဖြစ်ပေါ်ခဲ့သည်။ နိုင်ငံခြားသားတိုက်စစ်မှူး နှစ်ဦး၏ တိုးအားကြောင့် ရှမ်းယူနိုက်တက်အသင်း တိုက်စစ်အားကောင်းခဲ့ပြီး ၁၂ မိနစ်တွင် ထိုက်ထိုက်အောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် ခရစ္စတိုဖာက ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်က ပွဲကို ထိန်းချုပ်ကစားသွားပြီး ဒုတိယဂိုးကို ပထမပိုင်းပြီးခါနီးတွင် ရန်နိုင်ဦးက သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် မကွေးအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဆယ်လာ၏ကန်သွင်းမှုများကို ရှမ်းဂိုးသမား သီဟစည်သူ လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေးများ ထပ်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

ပွဲစဉ် (၉) ဒုတိယနေ့ကို မတ် ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ GFA နှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

---

## ရေကြီးမှုကြောင့် ပျက်စီးခဲ့သည့် လယ်မြေများအတွက် ထောက်ပံ့

**မင်းလှ မတ် ၁၀**

မင်းလှမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လယ်မြေများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်ထွေ/အုပ်ရုံး၌ မတ် ၁၀ ရက် နံနက်က ကျင်းပခဲ့သည်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က အမှာစကားပြောကြားပြီး မင်းလှမြို့နယ်အတွင်း မိုးသီးနှံများ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် မင်းလှမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားခဲ့သည့် မိုးစပါးစိုက်ဧကပေါင်း ၇၄၃၈ ဧက၊ ကျေးရွာအုပ်စုပေါင်း ၁၄ အုပ်စု၊ တောင်သူပေါင်း ၂၀၉၇ ဦးရှိပြီး တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၇၄၃၈၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

---

## ဖြည့်စွက်ဖတ်ရှုပါရန်

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပို(ခ)ပထမကော်လံ စာကြောင်းရေ (၅)တွင် "အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ" အစား "အရေးပေါ် စီမံခန့်ခွဲမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ" ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

---

# ရေကြီး / ရေလွှမ်းမှု အန္တရာယ်လျော့ပါးစေရေးပညာပေး

**လှလှအောင်**

မြန်မာနိုင်ငံတွင် ရှည်လျားလှသောမြစ်ကြီးလေးသွယ်စီးဆင်းနေရာတွင် မြစ်ကြီးနှစ်သွယ်ဖြစ်သော ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်မှာပူးပေါင်းပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်အရပ်မှ ကပ္ပလီပင်လယ်အတွင်းသို့လည်းကောင်း၊ စစ်တောင်းမြစ်သည် မုတ္တမပင်လယ်ကွေ့ထဲသို့လည်းကောင်း၊ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ သောင်းရင်းမြစ်မှာမူ မုတ္တမပင်လယ်ကွေ့ထဲသို့လည်းကောင်း အဆုံးသတ်စီးဝင်သည်။ မြစ်ရေကြီးခြင်း၊ မြစ်ရေလွှမ်းခြင်းကြောင့် အသက်ဆုံးရှုံးရခြင်း၊ စိုက်ပျိုးပင်များပျက်စီးခြင်း၊ မွေးမြူရေးတိရစ္ဆာန်များဆုံးရှုံးရခြင်း၊ အိုးအိမ်နှင့်လမ်းတံတားများ ပျက်စီးရခြင်းအပြင် နိုင်ငံတော်စီးပွားရေးကိုပါ ထိခိုက်စေသည်။ ဧရာဝတီချိုင့်ဝှမ်း၊ ချင်းတွင်းချိုင့်ဝှမ်း၊ စစ်တောင်း၊ သံလွင်မြစ်ကြောင်းချိုင့်ဝှမ်းများသည် နှစ်စဉ်မိုးကာလများတွင် ရေကြီး/ရေလွှမ်းသည်။ လူနှင့်လူ့ပတ်ဝန်းကျင်ကို ထိခိုက်စေသော ရေကြီး/ရေလွှမ်းနေခြင်းတွင် မိုးကြီးခြင်း၊ မြစ်ရေလျှံခြင်း၏ ဆိုးကျိုးသက်ရောက်မှုကြီးမားသည့်အပြင်လူနှင့်လူ့ပတ်ဝန်းကျင်၏ ကြံ့ခိုင်မှုလွန်စွာအားနည်းချက်ကလည်း သက်ရောက်မှုပို၍ ကြီးမားစေသည်။ ထိုအခါ ရေကြီးရေလွှမ်းခြင်းဒဏ်လျော့ပါးစေရေး ဆောင်ရွက်ချက်များတွင် (၁) လူ့ပတ်ဝန်းကျင်ခိုင်ခံ့ကြံ့ခိုင်မှုရှိအောင် ပြုလုပ်ပေးခြင်း၊ (၂) သဘာဝအန္တရာယ်ကို အသိပေးပညာပေးခြင်းဖြင့် သတိရှိစေခြင်း၊ (၃) ကြိုတင်ကာကွယ်ထားခြင်းသာ အဓိကဖြစ်သည်။ လူတို့အား ကျန်းမာရေးအသိရှိရန် ကျန်းမာရေးဝန်ထမ်းများမှ ပညာပေးအစီအစဉ်များ တက်တက်ကြွကြွလုပ်ဆောင်နေသကဲ့သို့ ရေကြီးရေလွှမ်းခြင်း သဘာဝဘေးအန္တရာယ်ပညာပေးခြင်းကိုလည်း ထိထိရောက်ရောက်အသိရှိစေရန် ပညာပေးခြင်းလုပ်ဆောင်နိုင်မှသာ အနာဂတ်တွင် အသက်ဆုံးရှုံးမှုလျော့နည်းပြီး သီးနှံနှင့်အိုးအိမ်ပျက်စီးမှုမှလည်း လျော့ပါးစေမည်ဖြစ်သည်။

ရေကြီး၊ ရေလွှမ်းခြင်း၊ ပျက်စီးမှုစီမံခန့်ခွဲရေး (Damage assessment) တွင် အကျိုးသက်ရောက်မှုရှိစေရန်မှာ ရေလွှမ်းလွင်ပြင်မှ ဒေသခံလူများအား အသိပညာပေးခြင်းနှင့် ရေလွှမ်းမှုဒဏ်ခုခံကာကွယ်နိုင်စွမ်းတိုးမြှင့်ပေးခြင်းသာဖြစ်သည်။ ရေလွှမ်းနိုင်မည့် ကျေးရွာဒေသများအား အသိပညာပေးခြင်းတိုးမြှင့်မည်ဆိုရာတွင် ရေကြီး/ရေလွှမ်းခြင်း၏ဆိုးကျိုးကို ရုပ်ပုံကားချပ်များဖြင့် ဖော်ပြ၍ အသိပညာပေးခြင်းကသာ အထိရောက်ဆုံးဖြစ်သည်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပညာပေးရေးအစီအစဉ်တွင် တွေ့ရှိရသည်။

ဤသို့ပုံများဖြင့် လူထုပညာပေးခြင်းကြောင့် ရေကြီး၊ ရေလွှမ်းခြင်းဒဏ်၊ မုန်တိုင်းဒဏ်ကြောင့်လူများထိခိုက်မှုနှင့် ကောက်ပဲသီးနှံဆုံးရှုံးမှုများကို များစွာလျော့ပါးစေခဲ့သည်ဟု ဆိုသည်။ မြစ်ကြောင်းချိုင့်ဝှမ်းများ(သို့) ရေလွှမ်းလွင်ပြင်အရပ်များတွင် နေထိုင်သူများ(သို့) ဘေးသင့်နေသူများအား ရေကြီး/ရေလွှမ်းမှုဘေးမှ လျော့ပါးစေရန် လွယ်ကူသော ဖြေရှင်းချက်မှာ မြေနိမ့်လွင်ပြင်အရပ်များထက်မြင့်သော ကုန်းမြင့်အရပ်များသို့ ပြောင်းရွှေ့နေထိုင်ခြင်းသာ အကောင်းဆုံးဟုဆိုရသည်။ သို့သော်ဒေသခံများအနေဖြင့် မြေနုလွင်ပြင်အရပ်များသည် စိုက်ပျိုးမွေးမြူရန် ကောင်းမွန်သော အရပ်များဖြစ်၍ ဤဒေသတွင်သာ (သို့) အနီးအနားတွင်သာ နေထိုင်လိုကြသည်။ ဤသို့ဆိုလျှင်ဒေသခံများအတွက် ဤသဘာဝဘေးကိုကြံ့ကြံ့ခံနိုင်မည့် အဆောက်အအုံနှင့်ရေရှည်တည်တံ့ခိုင်မြဲစေမည့် လုပ်ဆောင်ချက်ကိုသာ လိုလားကြပေမည်။

> **မြစ်ကြောင်းချိုင့်ဝှမ်းများ(သို့) ရေလွှမ်းလွင်ပြင် အရပ်များတွင် နေထိုင်သူများ (သို့) ဘေးသင့်နေသူများအား ရေကြီး/ရေလွှမ်းမှုဘေးမှ လျော့ပါးစေရန် လွယ်ကူသော ဖြေရှင်းချက်မှာ မြေနိမ့်လွင်ပြင်အရပ်များထက်မြင့်သော ကုန်းမြင့်အရပ်များသို့ ပြောင်းရွှေ့နေထိုင်ခြင်းသာ အကောင်းဆုံးဟု ဆိုရသည်။ သို့သော် ဒေသခံများအနေဖြင့် မြေနုလွင်ပြင်အရပ်များသည် စိုက်ပျိုးမွေးမြူရန် ကောင်းမွန်သောအရပ်များဖြစ်၍ ဤဒေသတွင်သာ (သို့) အနီးအနားတွင်သာနေထိုင်**

ရေကြီးရေလွှမ်းခြင်းလျော့ပါးစေလိုလျှင် ဒေသခံပြည်သူများ ကိုယ်တိုင် လုပ်ဆောင်ရမည်မှာ (၁)မိမိတို့နေထိုင်သည့်အိမ်များကိုရေကြီး ရေမြုပ်ခြင်းဒဏ် ကြံ့ကြံ့ခံနိုင်သည့် နေအိမ်များ ဖြစ်စေရန် ပြုပြင်ဆောက်လုပ်ရမည်။ (၂) ယင်လုံအိမ်သာများကို ရေမမြုပ်နိုင်မည့် အမြင့်အထက်မှာ ဆောက်ရမည်။ (၃) ရေကြီးရေမြုပ်နေစဉ် ကာလများတွင် သောက်သုံးရေရရှိစေရန် ကြိုတင်၍ရေသိုလှောင်ထားရမည်ဖြစ်သည်။ ခိုင်ခံ့သောအိမ်ဆောက်မည့်ပုံစံနှင့် ယင်လုံအိမ်သာပုံစံတကျဆောက်လုပ်ပုံကို သက်ဆိုင်ရာ ဌာနများမှ ဒေသခံပြည်သူအများသိရှိစေရန် ဝေငှထားရမည်။ ရေလှောင်ကန်များကို သက်ဆိုင်ရာမှ စနစ်ကျနစွာ ဆောက်လုပ်ထားရမည်။ ရေလှောင်ကန်သည် မြေပြင်မှ တစ်မီတာ အမြင့်ကွန်ကရစ်ပေါ်တွင် ဆောက်လုပ်ထားရမည်။ ရေသိုလှောင်မည်ဆိုလျှင် မိုးရေ ၁၈၀၀၀ လီတာ ဆံ့သော ၁၈ မီတာပတ်လည်အကျယ် မိုးရေကန်ကို ဆောက်လုပ်ထားရမည်။ မြစ်ရေကိုဖြစ်စေ၊ နှစ်စဉ်ရရှိသော မိုးရေကို ဖြစ်စေ၊ ဤကန်ထဲတွင် ထည့်ထားရမည်။ ရေကြီးကာလတွင် ထိုသိုလှောင်ရေကိုသုံးစွဲနိုင်မည်ဖြစ်သည်။

* မိမိတို့နေအိမ်ကိုလည်း မြေပြင်မှရေမြင့်တက်လာနိုင်သည် ထက်မြင့်သော အရပ်အထိ ကွန်ကရစ်ခံ၍ဖြစ်စေ၊ ခြေတံရှည် ဖြစ်စေ ဆောက်လုပ်ရမည်။
* အဆိုပါ ကြိုတင်ပြင်ဆင်ထားခြင်းများ ဆောင်ရွက်စေရန် ဌာနဆိုင်ရာမှ အထောက်အပံ့များ ပံ့ပိုးကူညီပေးရမည်။
* ဒေသဆိုင်ရာ အုပ်ချုပ်ရေးအကြီးအကဲများက အလှူငွေများလက်ခံသိမ်းဆည်းပြီး မျှဝေပေးရမည်။
* ရေကြီးလာပါက အိုးအိမ်စွန့်ခွာ၍ ခိုလှုံရမည့်နေရာကို အမြင့်နေရာတွင်ရွေးချယ်ထားရမည်။
* ရေကြီး/ရေတက်လာပြီဆိုလျှင် ယာယီခိုလှုံရမည့်နေရာသို့ အလျင်အမြန် ရောက်နိုင်သည့်လမ်းကြောင်းကို ကြိုတင်ဖန်တီးပြုလုပ်ထားရမည်။
* ကျောင်းများတွင်အသိပညာပေးရမည်။
* ကောက်ပဲသီးနှံမျိုးစေ့များ သိမ်းဆည်းထားရန် သိုလှောင်ရုံများ ကြိုတင်ဆောက်လုပ်ထားရမည်။
* အရေးကြီးသော မိသားစုဆိုင်ရာ စာရွက်စာတမ်းများကို ရေမစိုနိုင်ရန် ကြိုတင်ကာကွယ်သိမ်းဆည်းထားရမည်။
* အလွယ်တကူအသုံးပြုနိုင်မည့် အိမ်သုံးဆေးများစုစည်းထားရမည်။
* မိမိတစ်ကိုယ်ရေ မထိခိုက်စေရန် သတိရှိရမည်။
* အိမ်ထောင်စုတိုင်းတွင် မိသားစုဝင်များ တစ်ဦးချင်းကလည်း မထိခိုက်စေရန် သတိရှိရမည်။
* တောင်ပေါ်ဒေသမျိုးတွင် မြစ်ရေကြီးလျှင် ရေစီးသဖြင့် မြေ/တောင်ပြိုမှုများဖြစ်တတ်သည်ကိုလည်း သတိရှိရမည်။
* မြစ်ရေကြီးမည့် သတိပေးချက်များကို ဂရုပြုလိုက်နာရမည်။
* ရေဒီယို၊ တီဗွီနှင့်သတင်းစာများတွင် ဖော်ပြထားသော သတိပေးခြင်းများကို အာရုံစိုက်သင့်သည်။

နှစ်စဉ်မိုးကာလတိုင်းတွင် ကြုံတွေ့နေရသော မြစ်ရေကြီးခြင်း၊ မြစ်ရေလျှံခြင်းကြောင့် လူ့အသက်အိုးအိမ်စည်းစိမ်နှင့်တကွ ကောက်ပဲသီးနှံ၊ တိရစ္ဆာန်များဆုံးရှုံးရခြင်းသည် ကြုံတွေ့ခံစားရသူတစ်ဦးချင်းတွင် နစ်နာရခြင်းသာမက နိုင်ငံအတွက်လည်း ကြီးမားသော ဆုံးရှုံးမှုကြီးဖြစ်သည်။ တစ်ဦးချင်းအတွက် သက်ဆိုင်ခြင်းမဟုတ်၊ နိုင်ငံနှင့်သက်ဆိုင်နေသောဘေးဖြစ်သည်။ နှစ်စဉ်ကြုံတွေ့နေသည်။ နှစ်စဉ်ပြန်လည်ထူထောင်မှုကို လုပ်ဆောင်နေရသည်။ ငွေကြေးအမြောက်အမြားသုံးစွဲ၍ ပြန်လည်နေရာချထားရသည်။ တစ်ဦးချင်းလည်း ဆုံးရှုံးသည်။ နိုင်ငံတော်လည်း ဆုံးရှုံးသည်။ ငွေကြေးများစွာလည်း ထပ်မံသုံးစွဲ၍ ပြုပြင်ပေးရသည်။ နှစ်တိုင်းကြုံတွေ့ရမည်ကိုလည်းသိပြီးဖြစ်သည်။ ထိုသို့ဆိုလျှင် မပျက်စီး/မဆုံးရှုံးခင်နှစ်စဉ်ကုန်ကျမည့်ငွေကြေးကို အသုံးပြုပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် လူ့ပတ်ဝန်းကျင်ကို ထူထောင်သင့်သည်။

မြန်မာနိုင်ငံတွင် မကြာခဏကြုံတွေ့နေသော သဘာဝဘေးတို့အနက် ရေကြီး/ရေလွှမ်းခြင်းဘေးသည် ၁၁ ရာခိုင်နှုန်းခန့်ရှိပြီး နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေရသောဘေးဖြစ်ကာ ၁၉၁၀ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း အကြီးစားရေကြီးမှု ၁၂ ကြိမ်ဖြစ်ခဲ့ဖူးကြောင်းကို Hazard Profile of Myanmar တွင် ဖော်ပြထားသည်။ (ကျမ်းကိုးစာရင်းတွင်ကြည့်ရန်)

မိုးတွင်းကာလဖြစ်သော မေလလယ်မှ အောက်တိုဘာလအတွင်းတွင် မြစ်ရေကြီး/ရေလျှံခြင်းသည် နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိသော သဘာဝဘေးဖြစ်ပြီး ဇွန်လ၊ ဩဂုတ်လ၊ စက်တင်ဘာလမှ အောက်တိုဘာလများသည် မိုးကြီးတတ်သောကာလဖြစ်သည်။ ရေကြီး/ရေလွှမ်းခြင်းဖြစ်လေ့ဖြစ်ထရှိသော ဒေသများမှာ

(၁) မြစ်ကြောင်းချိုင့်ဝှမ်းများတစ်လျှောက် မြစ်ရေကြီး၍ ရေလွှမ်းရခြင်း။
(၂) တောင်ထိပ်တောင်တန်းများဆီမှ မိုးများ၍ အောက်ခြေဒေသများတွင် ရေလွှမ်းရခြင်း။
(၃) ရေကာတာကျိုး၍ ရေလွှမ်းရခြင်း။
(၄) မုန်တိုင်းကြောင့် ကမ်းရိုးတန်းဒေသများ ရေလွှမ်းရခြင်းတို့ဖြစ်သည်။

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၁ စီး၊ သွင်းကုန် ၇၃၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၆၂ စီး၊ သွင်းကုန် ၂၂၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။




အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မတ်လ ၉ ရက်နေ့ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၈၄ သန်းခန့် ရှိသည့်အနက် ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၉ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် SINGHA Beer(300)ml (1x24 Can) (200) Pkgs၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စတုတ္ထအကြိမ် ဂျပန်စတိုင် ဆယ်ပြားဈေးကျင်းပမည်

**ရန်ကုန် မတ် ၁၀**

ဂျပန်စတိုင် ဆယ်ပြားဈေးရောင်းပွဲတော် (Flea Market)ကို စတုတ္ထအကြိမ်အဖြစ် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ် ပြည်လမ်းဝင်ပေါက်အနီး၌ မတ် ၁၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ သိရသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ ဂျပန်လူမျိုးများ၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ဂျပန်နိုင်ငံရောက် သဘော်သားများ၊ ပြည်တွင်းရှိ ဂျပန်အဖွဲ့အစည်းများ၊ ကုမ္ပဏီများအပါအဝင် စုစုပေါင်း ဆိုင်ခန်း ၆၀ ကျော်ခန့် လာရောက်ရောင်းချမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်တွင် ငွေကျပ်တစ်သိန်းအထက်မကျော်သော လျှပ်စစ်ပစ္စည်းများ၊ အမျိုးသား၊ အမျိုးသမီး သုံးအလှကုန်ပစ္စည်းများ၊ အင်္ကျီနှင့်လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ မီးဖိုချောင်သုံးပစ္စည်းများ ပြသရောင်းချမည်ဖြစ်သည်။

ထို့ပြင် ဈေးပွဲတော် လာရောက်ဝယ်ယူလှေ့လာသူများကို Luck Draw အစီအစဉ်ဖြင့် ဆိုင်ခန်းတစ်ဆိုင်လျှင် ကုန်ပစ္စည်းတစ်ခုနှုန်း မဲဖောက်ရွေးချယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ဘူးသီးတောင်မြို့နယ် ကာဒီကျေးရွာမှ ကျေးရွာတာဝန်ခံတစ်ဦး အသတ်ခံရ

**နေပြည်တော် မတ် ၁၀**

ဘူးသီးတောင်မြို့နယ် အထက်ကျွဲကြိုမော်ကျေးရွာအုပ်စု ကာဒီကျေးရွာ တာဝန်ခံ မာမောက်ဆော်လိမ်သည် မတ် ၉ ရက် ညပိုင်းက လူခြောက်ဦးမှ တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**ဘူးသီးတောင်မြို့နယ် အထက်ကျွဲကြိုမော်ကျေးရွာအုပ်စု ကာဒီ(၂)ကျေးရွာ၌ ကျေးရွာတာဝန်ခံအသတ်ခံရသည့် နေရာပြမြေပုံ**




မောင်တောမြို့နယ် ကာဒီကျေးရွာတာဝန်ခံ မာမောက်ဆော်လိမ်သည် မတ် ၉ ရက် ည ၈နာရီခွဲခန့်က နေအိမ်၌ရှိစဉ် တစ်ရွာတည်းနေ မာမောက်အီနုစ်မှ ၎င်း၏ ဇနီးဖြစ်သူအား ရွာသားများမှ ဝိုင်းဝန်းရန်ရှာနေ၍ လာရောက်ဖြေရှင်းပေးရန် ဖုန်းဖြင့် အကြောင်းကြားလာခဲ့သဖြင့် ဆယ်အိမ်မှူး အဘူလာရှိမ်းနှင့် အတူ ကာဒီကျေးရွာအတွင်း လိုက်သွားခဲ့ကြောင်း သိရသည်။ ထိုမှ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ၎င်း၏ဖခင် မောင်ဖူရှိမျာမှ ရွာထဲသို့လိုက်သွားစဉ် မာမောက်ဆော်လိမ်အား မာမောက်အီနုစ်၏ နေအိမ်ရှေ့လမ်းဘေးတွင် မာမောက်အီနုစ်၊ အဘူလာရှိမ်း၊ အဒူရော်မာန်(ခ)ဘောဒီလာ၊ ဒေးလာ(ခ)အဒူလာ၊ အဘူတာဟဲရ်၊ ကာလာတို့ ခြောက်ဦးမှ တုတ်၊ ဓား ကိုယ်စီဖြင့် တိုက်ခိုက်နေသည်ကို တွေ့ရ၍ အော်ဟစ်အကူအညီတောင်းရာ ၎င်းတို့ ခြောက်ဦးမှာ ရွာပြင်ခနိတောထဲသို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

မာမောက်ဆော်လိမ်မှာ မာမောက်အီနုစ်ပါ ခြောက်ဦးမှ တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းတိုက်ခိုက်မှုကြောင့် ဦးခေါင်းငယ်ထိပ်ပြတ်ရှဒဏ်ရာ၊ ယာဘက်မျက်လုံးအနီး ဖူးရောင်ဒဏ်ရာ၊ ဝဲဘက်နဖူးပြတ်ရှဒဏ်ရာ၊ ဝဲဘက်ပါးစောင်းပြတ်ရှဒဏ်ရာ၊ ဝဲဘက်မေးစေ့အနီး ထိုးသွင်းဒဏ်ရာ၊ လည်ပင်းလှီးဖြတ်ဒဏ်ရာ၊ ရင်ဘတ်ပြတ်ရှဒဏ်ရာ တစ်ချက်စီနှင့် အပေါ်အောက် ရှေ့သွားများကျိုး ဒဏ်ရာရရှိကာ သေဆုံးနေကြောင်း သိရသည်။

မာမောက်ဆော်လိမ်အား တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းတိုက်ခိုက်သူ မာမောက်အီနုစ်ပါ ခြောက်ဦးအား သေဆုံးသူ၏ဖခင်မှ ယနေ့မွန်းလွဲပိုင်းတွင် ညောင်ချောင်းနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်ကြားသဖြင့် တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ RSO အဖွဲ့ဝင်တစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၀**



မောင်တောမြို့နယ် ဆင်သေပြင် အနောက်ရွာ၌ မတ် ၆ ရက် ညနေပိုင်းက ကျီးကန်းပြင် အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်တိုက်ခိုက်ခဲ့သော RSO အဖွဲ့ဝင် တစ်ဦး ဖမ်းဆီးရမိခဲ့ ကြောင်း သိရသည်။

မောင်တောမြို့နယ် ဆင်သေပြင် အနောက်ရွာ ဗလီရှေ့ရွာလယ်လမ်း၌ မတ် ၆ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မောင်စိုး(ခ)ရှောင်ရှူးအာလောင်ထံမှ အရိုးအသွား ကိုးလက်မခန့်ရှိ ခေါက်ဓားတစ်ချောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး ဆင်းကတ်ပါ လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

၎င်းအား စစ်ဆေးချက်အရ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ကျီးကန်းပြင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် တိုက်ခိုက်ခဲ့သော RSO အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်သည့် Aqu Mul Mujahidin သောင်းကျန်းသူအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်တွင် နေအိမ်တစ်လုံး မီးလောင်

**နေပြည်တော် မတ် ၁၀**

မောင်တောမြို့နယ် စဉ်တောင်ကျေးရွာ တွင် မတ် ၈ ရက် ညသန်းခေါင်ကျော်က နေအိမ်တစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် စဉ်တောင် ကျေးရွာနေ နိရူလာမိန်၏ လူမနေသော သက်ငယ်မိုး၊ ထရံကာ၊ မြေစိုက်အိမ်သည် မတ် ၈ ရက် ညသန်းခေါင်ကျော်အချိန်တွင် မီးလောင်ခဲ့ပြီး တန်ဖိုးငွေကျပ် ၃၀၀၀၀ ခန့် ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၁၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

**ရောင်းရန်**

မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ ရဲရိပ်သာလမ်း၊ သုံးထပ်တိုက်၊
**ဖုန်း- ၀၉-၄၂၁၀၈၆၁၂၁၊ ၀၉-၇၇၁၀၁၄၂၀၀**

**မိဘအမည်မှန်**

မြိတ်မြို့၊ အလက (ဘုရားကိုင်)၊ တတိယတန်း(ခ)မှ မောင်ဟိန်းသူစိုင်း၏ မိဘအမည်မှန်မှာ ဦးသိန်းဇော်ဦးနှင့် ဒေါ်ဖြူဖြူလွင်တို့ ဖြစ်ပါကြောင်း။
**ဦးသိန်းဇော်ဦး-ဒေါ်ဖြူဖြူလွင်**

**မွေးသက္ကရာဇ်အမှန်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ (၂)ရပ်ကွက်နေ ဦးဒါဝိဒ်၏သမီး နော်မူးမူဖော ၇/ကတခ(နိုင်)၁၅၃၇၂၄၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်အရ ၁၈-၄-၁၉၉၀ ဖြစ်ပါသည်။
**နော်မူးမူဖော**

**EVER ENGLISH March**
မြန်မာ့ပထမဆုံး DVD ခွေပါ 5 Skills မဂ္ဂဇင်း
Audioနှင့် Video ဖိုင်(၈၀)ကျော် ပါရှိသည်
၁၈၀၀ ကျပ် | ချမ်းဇော်ထက်စာပေ 09 452653374

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၅၀၄၄၅ Jialing 90 MC ယာဉ်လက်ဝယ်ရှိသူ ဦးဇော် ၉/နထက(နိုင်)၁၁၆၀၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

**ရောင်းမည်**
- သယ်နီးကျွန်း၊ မလီခအိမ်ရာ၊ သုံးထပ်တိုက်သစ်။
- ဒလမြို့နယ်၊ လမ်းဘေး လယ်မြေ (၂-၃)ဧက။
- ကွမ်းခြံကုန်းမြို့နယ်၊(အမည်ပေါက်ခြံမြေ)၊ (၁-၆)ဧက တစ်ကွက်၊ (၂)ဧက တစ်ကွက်။
ဖုန်း - 095105104,09250191100

**လျှပ်တစ်ပြက် အင်္ဂလိပ်စကားပြော**
Speak Up, Speak Out
အတွဲ ၁ + ၂ | ဆရာချမ်းဇော်ထက် | CD
၃၅၀၀ ကျပ် | ချမ်းဇော်ထက်စာပေ 09 452653374

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၃၅၅၈၂ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေး ၉/မခန(နိုင်)၁၆၇၈၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၀ယ/၁၉၆၃ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမိုးခိုင် ၉/တသန(နိုင်)၁၂၁၃၅၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**လူမှုဖူလုံရေးအဖွဲ့**
**အငယ်တန်းစာရေးရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် စာမေးပွဲဖြေဆိုထားသူများ၏**
**အောင်စာရင်းထုတ်ပြန်ခြင်း**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း- ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပခဲ့သော ရေးဖြေ၊ လူတွေ့/နှုတ်ဖြေ၊ ကွန်ပျူတာ လက်တွေ့စာမေးပွဲ အောင်မြင်သူများ၏ အမည်စာရင်းနှင့် ဆောင်ရွက်ရမည့်အစီအစဉ်များအား သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးရှိ လူမှုဖူလုံရေးရုံးခွဲများတွင် ၁၂-၃-၂၀၁၇ ရက်မှစ၍ ထုတ်ပြန်ကြေညာပေးထားမည် ဖြစ်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မိခင်လေးထွေး ၃/ဘအန(နိုင်)၁၆၆၅၇၆၏ Passport (No.MA-624346) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၄၉၀၅၁၂**



# အမြန်လမ်းမကြီး၌ ယာဉ်သုံးစီးဆင့်ကဲတိုက်

**နေပြည်တော် မတ် ၁၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၃၅၆/၁ နှင့် ၃၅၆/၂ကြား မီးရထားသံလမ်းကူး၌ နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ALPHARD ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ရှေ့မှ ယာဉ်မောင်း ဦးနေဝင်း မောင်းနှင်လာသော COROLLA VAN ယာဉ်၏ အောက်ပိုင်းအား ယနေ့ နံနက် ၄နာရီ ၄၅ မိနစ်က ဝင်တိုက်မိခဲ့သည်။ အဆိုပါ VAN ယာဉ်မှတစ်ဆင့် ရှေ့မှယာဉ်မောင်း ကျော်ဆန်းထွန်း မောင်းနှင်နေသည့် SUZUKI SOLIO မော်တော်ယာဉ်နောက်ပိုင်းကို ထပ်မံတိုက်မိခဲ့သည်။

အဆိုပါဖြစ်စဉ်အား စကားအင်းအဝိုင်း အမြန်လမ်းမကြီးရဲစခန်းနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ALPHARD ယာဉ်မှ ယာဉ်မောင်းသည် ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး SUZUKI SOLIO ယာဉ်ပေါ်ပါသူများမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း COROLLA VAN ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးနှင့် သံဃာတစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

ဒဏ်ရာရရှိသူနှစ်ဦးအား တပ်ဖွဲ့ပိုင်မော်တော်ယာဉ်ငယ်ဖြင့် တံတားဦးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဖြစ်စဉ်အား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# တရားမဝင်သယ်ဆောင်လာသည့်နွားများ ဖမ်းဆီးရမိ

**ဘားအံ မတ် ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်းတံတားအနီး၌ ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်နိုင်ဦးစီး၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေစဉ်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း လမ်းစည်းကမ်းများ စစ်ဆေးဆောင်ရွက်နေစဉ် မတ် ၇ ရက်က ဘားအံဘက်မှ မြဝတီဘက်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသော နွားအရှင်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဂျိုင်းနယ်မြေ ရဲတပ်ဖွဲ့ဝင်များသည် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မိတ်ဖက်အဖွဲ့များနှင့်အတူ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဘားအံ-မြဝတီကားလမ်းအတိုင်း ဘားအံဘက်မှ မြဝတီဘက်သို့ အောက်ရွာ(၅)ရပ်ကွက် ကော့ကရိတ်မြို့နေ ယာဉ်မောင်း ဖြူနု(ခ) အီစွပ် (၂၉နှစ်) မောင်းနှင်ပြီး သရဖီလမ်း အမှတ်(၆)ရပ်ကွက် ကော့ကရိတ်မြို့နေ ယာဉ်နောက်လိုက် ဦးရာဟင် (၅၀နှစ်) တို့ လိုက်ပါလာသည့် 8H/---- Musubishi ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် နွားထီး ၁၄ ကောင်ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် စစ်ဆေးရာ အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိ၍ သိမ်းဆည်းခဲ့သည်။

သယ်ဆောင်လာသည့်နွားများနှင့် ပတ်သက်ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား မေးမြန်းစစ်ဆေးရာ နွားပိုင်ရှင်မှာ အမှတ်(၇) တံတားဦးရပ်ကွက် ကော့ကရိတ်မြို့နေ မိုဟာမက်(ခ) ဟာမက်(၄၅နှစ်) ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့သုံးဦးအား ဂျိုင်းနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ရွှေထည်ပစ္စည်းမျိုးစုံ ငွေကျပ် ၈၉ သိန်းဖိုးခန့် ခိုးယူခံရ

**ဝေါ မတ် ၁၀**

မတ် ၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ဝေါမြို့ မင်းလမ်းချမ်းမြသာစည်ရပ်ကွက်နေ ဒေါ်ရီရီဝင်းသည် အိမ်တံခါးမကြီးပွင့်နေသဖြင့် နေအိမ်အပေါ်သို့ တက်ကြည့်ရာ ဗီရိုတံခါးများပွင့်နေသည်ကို တွေ့ရှိရပြီး ဗီရိုအတွင်း သိမ်းဆည်းထားသည့် အမြင့် နှစ်လက်မခန့်၊ အလျား ၁၀ လက်မခန့်ရှိ သံဘူးမှာ အဖုံးပွင့်လျက် အိပ်ခန်းအတွင်း ခုတင်ပေါ်၌ တွေ့ရှိပြီး ယင်းသံဘူးအတွင်း သိမ်းထားသည့် ရွှေထည်ပစ္စည်းမျိုးစုံ ၁၈ မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၈၉ သိန်းခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ရွှေထည်ပစ္စည်း ခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ဒေါ်ရီရီဝင်းက ရဲစခန်းသို့ လာရောက်၍ တရားလိုပြုတိုင်တန်းသဖြင့် ဝေါမြို့မရဲစခန်းက စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပေါ့ဆ၍ မီးလောင်မှု အိမ်ရှင်အား အမှုဖွင့်အရေးယူ

**ရန်ကုန် မတ် ၁၀**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၉)ရပ်ကွက် သူရ(၂)လမ်း၌ မတ် ၅ ရက် ည ၇ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူအသေအပျောက်မရှိဘဲ အမျိုးသမီးနှစ်ဦးထိခိုက်ဒဏ်ရာရရှိကာ နေအိမ်ငါးလုံးမီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ အိမ်အမှတ် (၉၈/ခ)နေအိမ်တွင် ခြင်ဆေးခွေထွန်းထားရာမှ ဂျာနယ်ပုံပေါ်သို့လဲကျ၍ မီးစတင်လောင်ခြင်းဖြစ်သဖြင့် အိမ်ရှင် ဦးတင်ရွှေအား တောင်ဥက္ကလာပမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ကြည်(သဃ်န်းကျွန်း)**


## ဝန်ထမ်းအလိုရှိသည်

(၁) အိမ်ခြံမြေ Marketing Manager 2 post (M/F)။ လစာညှိနှိုင်းပေးမည်။
(၂) တရုတ်စကားပြောနိုင်သူ Marketing Executive 4 post (M/F) လစာညှိနှိုင်းပေးမည်။
(၃) Korea Translator 3 post (M/F) လစာညှိနှိုင်းပေးမည်။

**လိပ်စာ** - အမှတ် ၃၁၅/I၊ ပေါက်စေတီလမ်း၊ (၈)မိုင်၊ ကျိုက်ဝိုင်း၊ မရမ်းကုန်း၊ ဖုန်း-၀၁-၆၅၂၈၄၆၊ ၀၁-၉၆၆၉၇၂၆
CV-Form တင်ရန် Email-bxtinternationalmm@gmail.com

## မိဘအမည်မှန်

ပုသိမ်မြို့၊ အမက(၂)၊ တံတားကြီးတန်းကျောင်း၊ တတိယတန်း(A)မှ မအေမီမီကျော်၏ မိဘအမည်မှန်မှာ ဦးကျော်ကိုမင်း ၁၄/အမန(နိုင်)၁၇၃၉၃၁ နှင့် ဒေါ်တင်တင်ချို ၁၂/တကန(နိုင်)၀၈၆၀၁၆ တို့ ဖြစ်ပါကြောင်း။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ပုံစံ/စည်းကမ်းချက် ထုတ်ယူရန်နေ့ရက် | တင်ဒါပိတ်မည့်ရက်/ အချိန် |
|---|---|---|---|
| 1. | M.S Plate&M.S Angle | ၁၀-၃-၂၀၁၇ | ၁၇-၃-၂၀၁၇ (၁၃း၀၀)နာရီ |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၁၀-၃-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## ယာဉ်မင်းအေး

အိမ်ခြံမြေအကျိုးဆောင်
ဈေးကောင်းပေးဝယ်လိုသည်
ဒုံအရှေ့၊ဒုံမြောက်၊
ဒုံတောင်၊ဆိပ်ကမ်း
09-421102649
09-421094370
09-458481315

**မီး သတိပြု**

## အောင်ပါရမီ

အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊
ဌာနဆိုင်ရာရုံးခန်းများပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်အလုပ်သမားများအပါ
စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)
Ph: 09 253266665,
09 250554793, 09 256263264

## ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရေတက်ကောင်းမြို့နယ်ခွဲ၊ ကွင်းဘက်ကျေးရွာအုပ်စု၊ ကွင်းဝိုင်းကျေးရွာ၊ ကွင်းအမှတ် ၆၇၄/၂၊ ဦးပိုင်အမှတ် (N-135)၊ မြေဧရိယာ ၅၀ဧကရှိ ဥယျာဉ်ခြံမြေနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးတင်ထူး ပါ (၁၂)ဦး၏ ညွှန်ကြားချက်အရ-

အထက်ဖော်ပြပါ မြေဧရိယာ ၅၀ဧကရှိ ဥယျာဉ်ခြံမြေအား ပိုင်ရှင်များဖြစ်ကြသည့် ဦးတင်ထူး ပါ (၁၂)ဦးထံမှ ဦးမင်းရန်ပိုင် ၁၂/ကတတ(နိုင်)၁၂၉၃၅၉ (၆-၂-၂၀၁၇) ရက်က ကြိုတင်စရန်ငွေပေးချေပြီး ဝယ်ယူထားပြီးဖြစ်ပါသည်။ ပိုင်ရှင်များဖြစ်ကြသည့် ဦးတင်ထူး ပါ(၁၂)ဦးမှ (၁-၁-၂၀၁၇)ရက်တွင် အဆိုပါခြံမြေအား ဦးအောင်ကျော်ဇော ၁၂/ဗဟန(နိုင်)၀၅၈၇၁၂ ထံသို့ ရောင်းချခဲ့သည်ဆိုသည့်ကိစ္စရပ်ကိုလည်း ဖျက်သိမ်းပြီးဖြစ်ပါကြောင်းနှင့် မူလပိုင်ရှင်များအနေဖြင့် ဦးမင်းရန်ပိုင်ထံသို့ မပျက်မကွက်ဆက်လက်ရောင်းချမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမင်းအောင် LL.B,C.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၀၀)**
**(၃၇)၊ ဦးပုညလမ်း၊ ပုသိမ်မြို့**
**ဖုန်း-၀၉-၇၉၆၅၆၆၁၉၁**

## ဝမ်းစာဝယ်ကြဗြီ

ပေါ်ဆန်းမွှေးသစ်ကြောက်သွေ့ညပြင့် ဝမ်းစာဆန်ဝယ်ကြပါပြီ။
နယ်တွင်ဝယ်မရပါက တိုက်ရိုက်မှာယူပါ။
09-43334111 01-682844
09-43334222 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

## ASEAN

THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES:

1. Assistant Director Standards & Conformance Division
2. Senior Officer Science & Technology Division

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

## NIVEA FRIEND
## Beauty Saloon မှ

(အမျိုးသား၊ အမျိုးသမီး) ဆံပင်ညှပ်၊ ဖြောင့်၊ ဒစ်ဂျစ်တယ်ကောက်၊ ဂိုက်ထိုး၊ ပုံသွင်း ကျွမ်းကျင်စွာလုပ်ကိုင်နိုင်သူ အမျိုးသားဝန်ထမ်း ၅ ဦး အမြန်အလိုရှိသည်။

ကနဦးလစာ - ၂ သိန်း မှ ၃ သိန်းခွဲအထိ
တစ်နှစ်ပြည့်ပြီးပါက လစာ - ၃ သိန်း မှ ၅ သိန်းခွဲအထိ
သုံးနှစ်အထက် လစာ - ၅ သိန်းခွဲမှ ၁၀ သိန်းအထိ

အလှကုန်ပစ္စည်းရောင်းရသည့် အမြတ်ငွေပေါ်မှ ၁၀% ပေးမည်။
သင်တန်းသား သင်တန်းသူ ရှာဖွေသင်ကြားပေးပါက တစ်ဦးအပေါ် ၅၀% ပေးမည်။
အလုပ်အကိုင် ကျွမ်းကျင်သူ၊ အမှန်တကယ်စိတ်ဝင်စားသူများသာ လျှောက်ထားနိုင်သည်။

ဆက်သွယ်စုံစမ်းရန် -၇၃လမ်း၊ ၃၄×၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း-၀၂-၇၁၇၃၁၊ ၀၉-၇၈၇၇၅၅၃၈၈

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ ချောင်းသာကျေးရွာအုပ်စု၊ အကွက်အမှတ် ၁၉၉၀၊ ချောင်းသာအကွက်၊ ဦးပိုင်အမှတ် ၈-၁၈၊ ဧရိယာ ၀ ဒသမ ၁၆၅ ဧကရှိ မြေအား ဒေါ်ဇာလီထက်က မြေငှားဂရန် (အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၉)ရပ်ကွက်၊ အကွက်အမှတ်(၁၂) ထင်းပုံဈေးမြောက်အကွက်၊ ဦးပိုင်အမှတ် (၁၀) ဧရိယာ ၁ ဒသမ ၉၈၇ဧကရှိမြေကို ဦးကိုကိုလေးအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက အကျိုးအကြောင်းဖော်ပြ၍ ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

ညောင်လေးပင်မြို့၊ ဗိုလ်ချုပ်လမ်းမပေါ် ကားဂိတ်၊ ဈေး၊ ဘူတာနီး စီးပွားရေးလုပ်ရန်နေရာကောင်း ပေ၄၀×ပေ၆၀ နှစ်ထပ်တိုက်(ကားဂိုဒေါင်)ပါ ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်။ (ပွဲစားမလို)

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၅၈၅၈၅၆၀**

# အသက်မွေးဝမ်းကျောင်းပညာခေါင်းစဉ်မှ ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

- **အကျုံးဝင်သည့်ဝင်ငွေများ။**
  - အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို ဝန်ဆောင်ခရယူ၍ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု တစ်ရပ်ဖြစ်ပါသည်။ ဥပမာ-ဆရာဝန်၊ သူနာပြု၊ ဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ ပညာရှင်၊ အနုပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ် စသည့်ပညာရှင်တို့က ဝန်ထမ်းအဖြစ် ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဝန်ဆောင်ခရယူလျက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းကို ဆိုလိုပါသည်။
  - အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမှာ လစာမဟုတ်သော ဝန်ဆောင်ခအဖြစ် ရရှိသည့်ဝင်ငွေဖြစ်ပါသည်။
  - မိမိတတ်ကျွမ်းသည့်ပညာကို အခြေခံပြီး လုပ်ကိုင်ခြင်းမှန်သော်လည်း နေ့စဉ် (သို့မဟုတ်) လစဉ် ပုံသေ လုပ်ခ သို့မဟုတ် လစာ ရယူ၍ လုပ်ကိုင်ခြင်းဖြစ်လျှင် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေမဟုတ်ဘဲ လစာမှ ဝင်ငွေသာဖြစ်သည်။
- **အခွန်နှုန်း။** ၁-၄-၂၀၁၇ ရက်မှစတင်ရရှိသည့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဝင်ငွေအပေါ် အောက်ဖော်ပြပါအခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| (က) | ၁ | ၂၀၀၀၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ၅၀၀၀၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ၁၀၀၀၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ၂၀၀၀၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ၃၀၀၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

- **စာရင်းထားရှိခြင်း။** သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေများနှင့် ထိုနှစ်အတွင်း လုပ်ငန်းအတွက် ကုန်ကျသည့်စရိတ်များကို ဖော်ပြသည့် ဘဏ္ဍာရေးရှင်းတမ်း (Financial Statement) တင်ပြရပါမည်။
- **ဝင်ငွေတွက်ချက်ခြင်း။** အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှ ကုန်ကျစရိတ် နုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေအပေါ် သက်သာခွင့်များ နုတ်ပယ်ပြီး သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးပါ-
  - မတည် စရိတ်
  - ကိုယ်ရေးကိုယ်တာစရိတ်
  - လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်
- အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏စရိတ်နှင့် ရှေ့နေတစ်ဦး၏စရိတ် တူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။
- **အခွန်တွက်ချက်ခြင်း။** အောက်ဖော်ပြပါ နမူနာဖြင့် ရှင်းလင်းအပ်ပါသည်-

ဦးကျော်သည် ရုပ်ရှင် သရုပ်ဆောင်တစ်ဦးဖြစ်ပါသည်။ ရုပ်ရှင်တစ်ကားအတွက် သရုပ်ဆောင်ခကျပ် ၁၀ သိန်း၊ ကြော်ငြာတစ်ခုအတွက် သရုပ်ဆောင်ခ ကျပ်ငါးသိန်း ရယူပါသည်။ နှစ်အတွင်း သရုပ်ဆောင်ခကျပ် ၅၄၅သိန်းရရှိပြီး ခရီးသွားလာစရိတ် ကျပ် ၃၅ သိန်း၊ အလှပြင်စရိတ်ကျပ် ၁၅ သိန်း၊ သရုပ်ဆောင်ဆိုင်ရာ အဝတ်အထည် စရိတ်ကျပ် ၁၀သိန်း၊ အလုပ်လက်ခံဆောင်ရွက်ရန် မန်နေဂျာတစ်ဦး တစ်လ လေးသိန်းဖြင့် ၄၈ သိန်း၊ အထွေထွေစရိတ် တစ်သိန်း၊ စုစုပေါင်းကုန်ကျစရိတ် ကျပ် ၁၀၉ သိန်းဖြစ်သဖြင့် ရုပ်ရှင်နှင့်ကြော်ငြာ သရုပ်ဆောင် ဦးကျော်သည် ဝင်ငွေနှစ်အတွင်း သရုပ်ဆောင်ခ စုစုပေါင်း ကျပ် ၅၄၅ သိန်း ရရှိသော်လည်း အသုံးစရိတ်များနုတ်ပယ်ပြီးသည့် အသားတင်ဝင်ငွေမှာ ကျပ် ၄၃၆ သိန်း ရရှိသည်ကို တွေ့ရှိရပါသည်။ ဦးကျော်တွင် မိခင်သူ ဇနီးရှိပြီး သားသမီးနှစ်ဦးအနက် တစ်ဦးမှာ အိမ်ထောင်သည်သားဖြစ်၍ ကျန်တစ်ဦးမှာ ၁၀တန်း ကျောင်းသူဖြစ်ပါသည်။ ဦးကျော်၏ သရုပ်ဆောင်ခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှ ဝင်ငွေကို အောက်ပါအတိုင်း တွက်ချက်ရမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| သရုပ်ဆောင်ခ ဝင်ငွေစုစုပေါင်း | | | = | ၅၄၅၀၀၀၀၀ |
| (နုတ်)ကုန်ကျစရိတ် | | | | |
| ခရီးသွားလာစရိတ် | = | ၃၅၀၀၀၀၀ | | |
| အလှပြင်စရိတ် | = | ၁၅၀၀၀၀၀ | | |
| အဝတ်အထည်စရိတ် | = | ၁၀၀၀၀၀၀ | | |
| အထွေထွေစရိတ် | = | ၁၀၀၀၀၀ | | |
| မန်နေဂျာလစာ | = | ၄၈၀၀၀၀၀ | | |
| စုစုပေါင်း လုပ်ငန်းအတွက် ကုန်ကျစရိတ် | | | = | ၁၀၉၀၀၀၀၀ |
| အသားတင်ဝင်ငွေ | | | = | ၄၃၆၀၀၀၀၀ |
| **(နုတ်)သက်သာခွင့်များ** | | | | |
| (က) အခြေခံသက်သာခွင့် (စုစုပေါင်းဝင်ငွေ၏ ၂၀% ဖြင့်) | = | ၈၇၂၀၀၀၀ | | |
| (ခ) အိမ်ထောင်ဖက်အတွက် | = | ၁၀၀၀၀၀၀ | | |
| (ဂ) အိမ်ထောင်သည်သားအတွက် | = | ခွင့်မပြု | | |
| (ဃ) ကျောင်းသူ သမီးအတွက် | = | ၅၀၀၀၀၀ | | |
| | = | | = | ၁၀၂၂၀၀၀၀ |
| **အခွန်စည်းကြပ်ရန်ဝင်ငွေ** | | | = | ၃၃၃၈၀၀၀၀ |
| **အခွန်တွက်ချက်ခြင်း** | | | | |
| ၁ ကျပ်မှ ၃၀၀၀၀၀၀၀ ထိ အဆင့်ဆင့်စုစုပေါင်း | | | = | ၄၁၅၀၀၀၀ |
| ၃၀၀၀၀၀၀၁ကျပ်မှ ၃၃၃၈၀၀၀၀ ထိ ကျန် ၃၃၈၀၀၀၀ အတွက် ၂၅% | | | = | ၈၄၅၀၀၀ |
| **စုစုပေါင်း ကျသင့်အခွန်** | | | = | ၄၉၉၅၀၀၀ |

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ကြိုတင်ဝင်ငွေခွန်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

- ▲ တည်ဆဲဝင်ငွေခွန် ဥပဒေပုဒ်မ ၁၆-က အရ ဝင်ငွေနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ကို ကြိုတင်ပေးဆောင်ရန် နည်းလမ်းများကို ပြဋ္ဌာန်းထားရာ ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ် သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။
- ▲ ကြိုတင်ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့်အခွန်သည် သက်ဆိုင်ရာစည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက်လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည် ဖြစ်ပါသည်။
- ▲ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုပါတော့သဖြင့် ပေးသွင်းရမည့် ကြိုတင်ဝင်ငွေခွန်ကို မပျက်မကွက် အချိန်မီ ပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 8M/1145, YAN NAING L/T (YNT-L2-02) ယာဉ်အမည်ပေါက်သူ ဦးမြင့်ကို ၉/တတဥ(နိုင်)၀၀၁၆၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

MHDO

arche noVa
Initiative for people in need

## မြန်မာ့နှလုံးသား လူမှုဖွံ့ဖြိုးမှုအဖွဲ့ (MHDO)

## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ဆတ်ကျွန်းအုပ်စု၊ ၅-အရှေ့ကျေးရွာ (၅ကွက်)တွင် MHDO နှင့် arche noVa မြန်မာတို့ပူးပေါင်း၍ အရှည်ပေ ၉၀၊ အကျယ် ၈ ပေ၊ အမြင့် ၂၇ ပေ၊ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့်ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အောက်ပါအဖွဲ့အစည်းလိပ်စာတွင် သတ်မှတ်ပုံစံများအား ထုတ်ယူဖြည့်စွက်ကာ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း အိတ်ပိတ်တင်ဒါသွင်းနိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါဖွင့်မည့်ရက်အား ဆက်သွယ်အကြောင်းကြားပေးသွားမည် ဖြစ်ပါသည်။

**မြန်မာ့နှလုံးသား လူမှုဖွံ့ဖြိုးမှုအဖွဲ့ (MHDO)**
**တင်ဒါခေါ်ယူရေးအဖွဲ့**
**အမှတ်(၇၄၀)၊ ခမ္မစေတီလမ်း၊ ၄၅ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/8936၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ချမ်းအေးအနောက်၊ မြေကွက်/ဦးပိုင်အမှတ်(၅၀ ဃ)၊ ဧရိယာ ၀ဒသမ ၀၉၇၈ဧကရှိ ဦးစံရှိန်၊ ဒေါ်စိန်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်စိန် ၉/ပမန(နိုင်)၀၂၅၀၉၇ (ဘ) ဦးဘဦးမှ ကျမ်းကျိန်မှတ်ပုံတင်အမှတ် ၅၃/၂၀၁၆၊ ပိုင်ဆိုင်ကြောင်း အမွေဆက်ခံမှတ်ပုံတင်အမှတ် ၀၀၉/၂၀၁၇၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၄၀/၂၀၁၆ များတင်ပြ၍ ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၁၀**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များအတွက် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို မတ် ၈ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့မှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ယခင်ဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ကိစ္စရပ်များအား ပြန်လည်သုံးသပ်၍ ပိုမိုထိရောက်မြန်ဆန်စွာ ဖြေရှင်းဆောင်ရွက်သွားရေး၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် လက်ရှိတွင် အပေါင်ပစ္စည်း ရယူသောချေးငွေ (Quality Loan) ချေးငွေများအား ထုတ်ချေးလျက်ရှိရာ လူနည်းစုကိုသာ အကျိုးရှိထိရောက်မှုရှိသဖြင့် ပြည်သူအများစု ပါဝင်ချေးယူခွင့်ရရှိရေးအတွက် အရည်အသွေးမီ အပေါင်ပစ္စည်း ရယူသောချေးငွေအပေါ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ရှိသတ်မှတ်သည့် နှုန်းအတိုင်းထားရှိပြီး အခြားချေးငွေများအတွက် အတိုးနှုန်းအား သက်ဆိုင်ရာ ဘဏ်များကသာ မိမိတို့၏ အန္တရာယ်ရှိနိုင်ခြေ စီမံခန့်ခွဲမှုမူဝါဒ (Risk Management Policy) အရအတိုးနှုန်းသတ်မှတ် ဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ကြပ်မတ်ဆောင်ရွက်ရေးစသည်တို့အား ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသမီးများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အရှိန်မြှင့်တင်

**ရန်ကုန် မတ် ၁၀**
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Day of Women) အခမ်းအနားကို "၂၀၃၀ အမီ ကမ္ဘာကြီးကိုပြောင်းလဲဖို့ အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်မှုကို မြှင့်တင်စို့" ဟူသော ဆောင်ပုဒ်ဖြင့် မတ် ၈ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပသည်။

"ဒီကနေ့ဟာ ကမ္ဘာတစ်ဝန်း အမျိုးသမီးများနေ့ကို ကျင်းပသလို၊ မြန်မာနိုင်ငံမှာလည်း နှစ်စဉ်မတ်လ ၈ ရက်နေ့ရောက်တိုင်း အမျိုးသမီးများနေ့ကို ကျင်းပခြင်းဖြစ်ပါတယ်။ ဒီနှစ်အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ရဲ့ ဆောင်ပုဒ်အရဆိုရင် ကျွန်မတို့နိုင်ငံအနေနဲ့ ဒီနေ့ဒီအချိန်ကစပြီး အမျိုးသမီးတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။ အမျိုးသမီးတွေကို အလုပ်အကိုင်အခွင့်အလမ်းတွေများများ ဖန်တီးပေးနိုင်ဖို့၊ SME လုပ်ငန်းတွေမှာ အမျိုးသမီးများရဲ့ဦးဆောင်မှုအခန်းကဏ္ဍတွေကို ပိုမိုမြှင့်တင်ပေးဖို့၊ အမျိုးသမီးများ အမျိုးသားများနဲ့ တန်းတူအခွင့်အရေး ပိုမိုရရှိဖို့ လိုအပ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက အခမ်းအနားတွင် ပြောကြားသည်။




၁၉၄၅ ခုနှစ် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရသော်လည်းကောင်း၊ ၁၉၄၈ ခုနှစ် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအရသော်လည်းကောင်း အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ တန်းတူအခွင့်အရေးရှိသည်ဟု ဖော်ပြထားကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် အမျိုးသမီးများ၊ အမျိုးသားများနှင့်အတူ တန်းတူအခွင့်အရေး မရရှိသည့် ကဏ္ဍများစွာရှိနေသေးကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများ အမျိုးသားများကဲ့သို့ တန်းတူအခွင့်အရေး မရရှိသေးသည့်ကဏ္ဍများကို ဖော်ထုတ်ပြီး တန်းတူအခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးများနှင့် သက်ဆိုင်သော ဖောင်ဒေးရှင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။
**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အဘယမုနိစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

**ဖြူး မတ် ၁၀**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးချောင်းမြောက်ဘက်အနီး ဇေယျဝတီမြို့ဟောင်းလယ်ပြင်ကြီးကျေးရွာအုပ်စု အောင်စည်ယွန်းရွာဘေး၌ရှိသော အဘယမုနိစေတီတော်မြတ်ကြီး၏ တပေါင်းလဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၁၃ ရက်မှ ၁၅ ရက် လပြည့်နေ့ မတ် ၁၀ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး လပြည့်နေ့ နံနက်ပိုင်းတွင် ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်မည်ဖြစ်သည်။

အဆိုပါ အဘယမုနိစေတီတော်မြတ်ကြီးကို ဘုရင့်နောင်မင်းတရားကြီး ဟံသာဝတီနေပြည်တော်မှ ကေတုမတီ တောင်ငူမြို့သို့ စစ်ချီရာတွင် အဆိုပါနေရာ၌ အောင်မြေနင်း၍ ယာယီနန်းတော်ဆောက်လုပ်၍ နန်းမြို့ရိုး ၊ ကျုံး စသည်တို့ကို ပြည့်စုံအောင် တည်ဆောက်ပြီး စစ်အောင်မြင်စေရန် နန်းတော်၏ အရှေ့တောင်ထောင့် မြေနေရာယခု အဘယမုနိစေတီတော်မြတ်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့ကြောင်း ဘုရားဂေါပကထံမှ သိရသည်။ **ဖြူး- မြင့်ဦး**

# ကွမ်းဈေးနှုန်းများကျဆင်းနေ၍ ကွမ်းစိုက်တောင်သူများအခက်တွေ့နေ

**သထုံ မတ် ၁၀**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်း အခြားဒေသမှ ကွမ်းရွက်များ ဈေးကွက်အတွင်းသို့ အများအပြားဝင်ရောက်လာ၍ ကွမ်းရွက်ဈေးနှုန်းများကျသည့်အပြင် ကွမ်းခြံများတွင် လုပ်ကိုင်ရန် ခြံလုပ်သားများရှားပါးလာသောကြောင့် လုပ်သားဈေးနှုန်းပိုမိုပေးပြီး ခေါ်ယူနေရသဖြင့် အခက်အခဲများနှင့်ကြုံတွေ့နေရကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

"အရင်နှစ်တွေက ဒီချိန်ဆို အထွက်နှုန်းလည်းကောင်းပြီး ကွမ်းဈေးလည်းကောင်းတယ်။ ဒီနှစ်က ဈေးကွက်ထဲကို မုံရွာဘက်က ကွမ်းရွက်တွေ အများကြီးဝင်တော့ ဒီဘက်က ကွမ်းတွေ ဈေးလိုက်ကျတာပေါ့။ ဒီကြားထဲလုပ်သားကငှားရတာလည်း ပိုပြီးခက်လာတယ်။ အများစုက အလုပ်ကောင်းတဲ့ ထိုင်းဘက်ပဲ သွားကြတော့ ဒီမှာလုပ်မယ့်သူတောင် မရှိသလောက်ဘဲ ဈေးပိုပေးပြီးငှားနေရတော့ တစ်နေ့တစ်နေ့ကွမ်းရွက်ခူးလို့ရသမျှ ငွေက အလုပ်သမားခတောင် အနိုင်နိုင်" ဟု နောင်ဘိုကျေးရွာမှ ကွမ်းစိုက်တောင်သူတစ်ဦးဖြစ်သူ စိုးဝေထိုက်က ပြောသည်။

ယခင်လအတွင်းက ကွမ်းရွက်တစ်ပိဿာ ကျပ် ၃၀၀၀ ဝန်းကျင်ရရှိခဲ့ရာမှ ယခုအချိန်၌ ငွေကျပ် ၂၂၀၀ ဝန်းကျင်အထိ ဈေးကျလာခဲ့သည့်အပြင် လုပ်သားငှားရမ်းခမှာလည်း ယခင်နှစ် လုပ်သားတစ်ဦးလျှင် ငွေကျပ် ၃၅၀၀ နှုန်းပေးခဲ့ရပြီး ယခုနှစ်တွင် ငွေကျပ် ၅၀၀၀ အထိ ပေးကာ ငှားရမ်းနေရကြောင်း ၎င်းက ဆက်လက်ပြောသည်။

သထုံမြို့နယ်အတွင်း ကွမ်းရွက်စိုက်ပျိုးလုပ်ငန်းလုပ်ကိုင်သူ ၁၀၀ ခန့်ရှိပြီး ထွက်ရှိသည့် ကွမ်းရွက်များကို ဒေသတွင်းစားသုံးသည့်အပြင် ရန်ကုန်၊ မော်လမြိုင်နှင့် ကရင်ပြည်နယ်တို့သို့ အများဆုံး တင်ပို့ရောင်းချကြောင်း၊ ကွမ်းစိုက်ပျိုးသူများအနေဖြင့် အပင်တစ်ထောင်ခန့် စိုက်ပျိုးလျှင် တစ်နှစ်ကုန်ကျစရိတ် ငွေကျပ် ၁၀ သိန်းဝန်းကျင်ခန့်ရှိကြောင်း ကွမ်းစိုက်တောင်သူများ၏ ပြောကြားချက် အရသိရသည်။**သက်ဦး(သထုံ)**

# ၆၆ ကေဗွီနှင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ စစ်ဆေး

**ပြည် မတ် ၁၀**
လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး၊ လျှပ်စစ်ဓာတ်အားပေးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ ကြီးကြပ်၍ လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာနနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှ ဝန်ထမ်းများ ပူးပေါင်းကာ မတ် ၄ ရက်မှ ၇ ရက်အထိ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ၆၆ ကေဗွီနှင့် ၃၃ ကေဗွီဓာတ် အားခွဲရုံများ၏ ထရန်စဖော်မာနှင့်ဆက်စပ်ပစ္စည်းများအား စမ်းသပ်စစ်ဆေးခြင်း၊ အသစ်လဲလှယ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။
**ရွှေဝင်း(ပြည်)**

# ကမ္ဘာ့တတိယအကြီးဆုံးကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာန ကျိုင်းတုံ၌ဖွင့်

**ကျိုင်းတုံ မတ် ၁၀**
ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံပြည်သူ့ဆေးရုံကြီးဝင်းအတွင်း တည်ဆောက်ပြီးစီးသည့် ခုတင် ၃၄ လုံးဆံ့ ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာန ခြေတုစက်ရုံဖွင့်ပွဲကို မတ် ၈ ရက် နံနက် ၁၀ နာရီက စက်ရုံဝင်ပေါက်၌ ကျင်းပရာ ICRC မှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အစပိုင်းတွင် ဒေသအတွင်းရှိ ဒူးအောက်ပိုင်းခြေတု တပ်ဆင်မည့်သူများနှင့် ခြေတုပြုပြင်မည့်သူများကို လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်နိုင်လျှင် တစ်နှစ်လျှင် လူနာ ၉၁၀ လက်ခံကာ ခြေတုများ၊အားပြုကိရိယာများ၊ အကြောအဆစ် ကုထုံးများဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း Mr . Didier Reck ကပြောသည်။

ဒေသအတွင်းရှိ ပြည်သူများ အထူးသဖြင့် မြေမြှုပ်မိုင်း(သို့မဟုတ်) မပေါက်ကွဲသေးသည့် စစ်လက်နက်အကြွင်းအကျန်များကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ ယာဉ်မတော်တဆမှုများ၊ ရောဂါဘယနှင့် ကျန်းမာရေးပြဿနာများကြောင့် ကိုယ်အင်္ဂါဖြတ်တောက်လိုက်ရသူများဟာ အထက်ပါဝန်ဆောင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

၂၀၁၅ခုနှစ် အောက်တိုဘာလက စက်ရုံစတင်တည်ဆောက်ခဲ့ပြီး စတုရန်းပေ ၃၆၀၀၀ ရှိသော တစ်ထပ်ပတ်လည် အဆောက်အအုံဖြစ်ကာ ငွေကျပ် ၁ ဒသမ ၈၆ ဘီလီယံ ကုန်ကျခဲ့သည်။ စက်ရုံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ယခုအခါ ရှမ်းပြည်နယ်အတွင်း ပထမဆုံးသော ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနကို ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

ICRC မှအဆိုပါဌာနများကို ဘားအံ့နှင့်မြစ်ကြီးနားမြို့များတွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ယခုဖွင့်လှစ်သည့် ကျိုင်းတုံဌာနသည် လုပ်ငန်းဆောင်ရွက်သည့် မျက်နှာပြင်ဧရိယာ အကျယ်အဝန်းအရ အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့ရှိ ဌာနနှစ်ခုပြီးလျှင် ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာန ဖြစ်ကြောင်း ဌာနေကိုယ်စားလှယ် Mr. Juerg Montani ကပြောသည်။

ICRC ၏ကိုယ်ကာယပြန်လည်သန်စွမ်းရေးအစီအစဉ်သည် ၁၉၇၉ ခုနှစ်မှစတင်၍ ပဋိပက္ခများ ဖြစ်ပွားနေသည့် နိုင်ငံများရှိ မသန်စွမ်းသူများကို ကူညီ ထောက်ပံ့ပေးလျက်ရှိရာ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ဌာနပေါင်း၁၆၅ခုကို ကူညီပေးလျက်ရှိကြောင်း သိရသည်။
**မောင်မောင်နိုင်(ကျိုင်းတုံ)**



# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများ လှိုင်သာယာမြို့နယ်အတွင်း၌ ပြုလုပ်

**ရန်ကုန် မတ် ၁၀**

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၌ ပယ်မဲလျော့နည်းစေရန်နှင့် မဲပေးသည့်စနစ်ကို မဲဆန္ဒရှင်ပြည်သူများသိရှိ နားလည်စေရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများက မတ် ၈ ရက်က လှိုင်သာယာမြို့နယ်အတွင်း၌ ပြုလုပ်သည်။

"မဲစာရင်းတွေ စကပ်ခဲ့တဲ့အချိန်တုန်းကလည်း ပထမအဆင့်အနေနဲ့ အသိပညာပေးမှုတွေ လုပ်ခဲ့ပါတယ်။ အခုကတော့ မဲပေးတဲ့နေ့ကျရင် မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ မှန်မှန်ကန်ကန် မဲပေးနိုင်ဖို့ အသိပညာပေးမှုတွေလုပ်နေတာပါ။ ကြားဖြတ်ရွေးကောက်ပွဲကို ပြည်သူတွေ စိတ်ဝင်စားမှု မြင့်တင်တဲ့သဘောမျိုးနဲ့ လုပ်ပေးနေတာပါ" ဟု ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ အသိပညာပေးမှုများ ပြုလုပ်ပေးနေသည့် အရပ်ဘက်အဖွဲ့အစည်း(Rain Maker)မှ ပရောဂျက်မန်နေဂျာ ကိုမင်းသုနောင်က ပြောသည်။

၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲဆန္ဒရှင်ပြည်သူများအား အသိပညာပေး လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့်အတူ ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်းများအပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် Australian Aid၊ UK Aid၊ USAID၊ International Foundation For Electoral Systems (IFES) စသည့်အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည်။



၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းမှ ၁၄ ရက် အထိ သက်ဆိုင်ရာမြို့နယ်များအလိုက် ရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာပေးခဲ့သော်လည်း လာရောက်ကြည့်ရှုသူနည်းပါးခဲ့ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲပေးပိုင်ခွင့်ရှိသူ ၉၉၀၀၀၀ ကျော်ရှိသည့်အနက် သတ်မှတ်ကာလအတွင်း လာရောက်ကြည့်ရှုသူ ၇၇၀၀၀ ကျော် (၇ ဒသမ ၈၇ ရာခိုင်နှုန်း) သာ လာရောက်ကြည့်ရှုခဲ့ကြောင်း တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

တစ်နိုင်ငံလုံး သက်ဆိုင်ရာ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာတွင် အမျိုးသားလွှတ်တော်သုံးနေရာ၊ ပြည်သူ့လွှတ်တော်ကိုးနေရာ၊ တိုင်းဒေသကြီးလွှတ်တော် ခုနစ်နေရာတို့အတွက် မဲဆန္ဒနယ်များတွင် ပါဝင်သည့် မြို့နယ် ၂၂ မြို့နယ်ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ကော့မှူးစသည့် ၁၁ မြို့နယ်ပါဝင်သည်။

ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီ ၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ ပထမအကြိမ် မဲဆန္ဒရှင် စာရင်းကပ်ထားကြေညာခဲ့ရာတွင် လိုအပ်ချက်များကို ပြန်လည်စိစစ်ကာပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်၍ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကို မတ် ၁၇ ရက်တွင်ကပ်ထားကြေညာပေးသွားမည်ဖြစ်သည့်အပြင် မှားယွင်းမှုများရှိနေပါက မဲဆန္ဒရှင်များအနေဖြင့်မတ် ၂၅ ရက်နေ့အထိ ပြင်ဆင်ခွင့်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၄ ခုမှ ကိုယ်စားလှယ်လောင်း ၉၆ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင် စုစုပေါင်းမှာ ၂ ဒသမ ၁ သန်းရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

# အလုပ်သမားကျွမ်းကျင်လေ့ကျင့်ရေးကျောင်းမှ ဂဟေဆက်နှင့် Air Con ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေး

**ရန်ကုန် မတ် ၁၀**

ပြည်ပနိုင်ငံများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုခြင်းခံရပြီး အလုပ် အကိုင်အခွင့်အလမ်းကောင်းများရရှိစေရန် ပြည်ပအသိအမှတ်ပြု ဂဟေဆက်နှင့် Air Con ကျွမ်းကျင်လုပ်သား ၂၀၉ ဦးအား အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)နှင့် PTTEPI တို့ ပူးပေါင်းစီစဉ်မှုဖြင့် မွေးထုတ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

ထိုကျွမ်းကျင်လုပ်သားများအား အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို မတ် ၈ ရက်က ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES)ရုံး၌ ကျင်းပရာ သင်တန်းဆင်းကျွမ်းကျင်လုပ်သားများအား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်၊ PTTEPI မှ မန်နေးဂျင်းဒါရိုက်တာ Mr.Piya Sukhumpanument နှင့် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)ကျောင်းအုပ်ကြီး ဒေါ်ခင်မာအေးတို့က သင်တန်းဆင်းအောင်လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထိုသင်တန်းဆင်းအောင်လက်မှတ်များရရှိသူများသည် ပြည်တွင်း ပြည်ပ စက်မှုလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပထမတန်းကလပ်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအသင်း အုပ်စုပွဲစဉ်များကျင်းပ

**မန္တလေး မတ် ၁၀**

၂၀၁၇ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှ ကြီးမှူး၍ AUNG KENBO Cup ပထမတန်းကလပ်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် ပွဲစဉ်ပြိုင်ပွဲကို မတ် ၈ ရက်က မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြိုင်ပွဲစတင်ယှဉ်ပြိုင်ကစားကြရာ သမုဒယမောင်အသင်းက မန္တလေး FC အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ပွဲဦးထွက် သုံးမှတ်ရရှိသွားသည်။

AUNG KENBO Cup ပထမတန်းကလပ်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲကို ဗထူးကွင်း၌ ခြေစွမ်းပြယှဉ်ပြိုင်ကစားလျက်ရှိသော သမုဒယမောင်၊ ကြယ်စင်စု FC၊ မန္တလာ FC၊ Academic United FC နှင့် ကုန်စည်ဒိုင်အသင်းတို့က (က) အုပ်စုတွင်ပါဝင်ကာ နန်းမြို့လူငယ် Glory FC၊ ဇင်ယော် FC နှင့် မြို့မအသင်းတို့က (ခ) အုပ်စု၌ ပါဝင်ပြီး မတ် ၈ ရက်မှ မတ် ၂၃ ရက်နေ့အထိ ပထမအဆင့်အုပ်စု အမှတ်ပေးပွဲစဉ်အဖြစ် ဗထူးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အတတ်ပညာပိုင်းဆိုင်ရာကျွမ်းကျင်မှု အလုပ်ရုံဆွေးနွေးပွဲ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် မတ် ၁၀**


အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှု အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်မြို့ ပြည်လမ်း ကမာရွတ်မြို့နယ် လှည်းတန်းစင်တာ၌ မတ် ၈ ရက်က ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ လုပ်ငန်းခွင်တွင် အမျိုးသမီးများအား လုပ်ပိုင်ခွင့်ပေးရန်နှင့် ကျား/မတန်းတူ ညီမျှသော အသိုက်အဝန်း ဖြစ်ပေါ်လာစေရန် ကြိုးပမ်းအားထုတ်သည့် အနေဖြင့် ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်းက တက္ကသိုလ်ကျောင်းသားကျောင်းသူများအတွက် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မတ် ၁၁ ရက်တွင် Myanmar Imperial Collage ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဟာ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးနယ်ပယ်မှာ ကမ္ဘာတစ်လွှားက အမျိုးသမီးများရဲ့ အောင်မြင်မှုကိုဂုဏ်ပြုဖို့ ကျင်းပတာဖြစ်ပါတယ်။ ဒီနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့နဲ့ မြန်မာနိုင်ငံ အမျိုးသမီးများ ရက်သတ္တပတ်ကို မြန်မာနိုင်ငံမှာ ပထမဆုံးကျင်းပရခြင်းနဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအတွက် အထူးပြင်ဆင်ပေးမယ့် သင်တန်းကို စီစဉ်ရတဲ့အတွက် စိတ်လှုပ်ရှားပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ပါဝင်ခြင်းဖြင့် သူတို့ရဲ့ အနာဂတ်လုပ်ငန်းခွင်မှာ အောင်မြင်ဖို့နဲ့ ကျား/မ တန်းတူညီမျှမှု ကွာဟချက်တွေကို စီမံခန့်ခွဲနိုင်မှာ ဖြစ်ပါတယ်" ဟု ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်းမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Jodl Weedon က ပြောကြားသည်။

ဆွေးနွေးပွဲသို့ တက္ကသိုလ်ကိုးခုမှ ကျောင်းသား ကျောင်းသူ ၂၅၀ မှ ၃၀၀ ခန့်အထိ တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍများခွဲခြားထားပြီး My World နှင့် The British Council တို့မှ ပညာရှင်များက CV နှင့် Cover Letter ရေးနည်း၊ အင်တာဗျူးဖြေနည်းများနှင့် လုပ်ငန်းခွင်နှင့်ပတ်သက်သော လက်တွေ့ကျသည့် ကျွမ်းကျင်မှုများအား သင်ကြားပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အောင်မြင်ထင်ရှားလျက်ရှိသည့် အမျိုးသမီးခေါင်းဆောင်များက ၎င်းတို့၏ ဖြတ်သန်းမှုများကို ပါဝင်ဆွေးနွေးပေးမည်ဖြစ်ကြောင်း သိရသည်။

ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်းကို ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဩစတြေးလျနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် အခွင့်အလမ်းများကို ရှာဖွေပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**



ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများအသင်းမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Jodl Weedon က အလုပ်ရုံဆွေးနွေးပွဲအကြောင်း ရှင်းလင်းပြောကြားနေစဉ်

# နဝမအကြိမ်မြောက် မန္တလေးအဖေနေ့ ဝတ္ထုတို၊ ကဗျာရှည်ဆုရစာရင်းထုတ်ပြန်

**မန္တလေး မတ် ၁၀**

နဝမအကြိမ်မြောက် မန္တလေးအဖေနေ့ ဝတ္ထုတို၊ ကဗျာရှည် ဆုရစာရင်းများကို အဖေနေ့ ဖိတ်ခေါ် အလွတ်တန်းစာမူရွေးချယ်ရေးကော်မတီ (ဆုရွေးချယ်ရေးကော်မတီ)က ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုဆုရစာရင်းများမှာ ပထမဆု- ကြူတာသွန်း(ကသာ)၏"သားနှင့်အတူ အဖေရှိနေမယ်"၊ ဒုတိယဆု-နှင်းနွယ်၏ "ဝင့်ကြွေးကြမ္မာ မရှောင်သာ"၊ တတိယဆု-ဘိုရွှေလတ်(သာစည်)၏ "အိုဘယ့်မေတ္တာရှင်တို့ "ဖြစ်သည်။

နှစ်သိမ့်ဆုများမှာ ယုယုမော်(စစ်ကိုင်း)၏ "ရွှေနှင့်မလဲ ငွေနှင့်မလဲ"၊ မွန်ဆွန်း၏ "မြင့်မိုရ်ကိုစိန်ခေါ်သူ"၊ စံရတီ၏ "မြစ်မင်းရာဇာ"၊ သွေးနီနီ၏ "ချွေးသောက်ငှက်တို့ နားခိုရာ"၊ အမေ့သား၏ "မုဆိုးတစ်ပိုင်း သားကောင်တစ်ပိုင်း"၊ ဈာန်ဇာနည်၏ "သာရေးနာရေး အဖေ "၊ သက်ဝေမှူး(မြဝတီ)၏ "မေတ္တာမြစ်တစ်စင်းရဲ့ ချစ်ခြင်းဖွဲ့ တေးသံ"၊ ထာရာ (တွံတေး)၏ "ပေးဆပ်သူတို့နှလုံးသား"၊ နော်နန်းမူ၏ "မပြဖြစ်သော မေတ္တာပန်းချီကားတစ်ချပ်"၊ ရွှေခင်ထိုက်အောင်၏ "နောက်ဆုံးခရီး"၊ ရွှေကျွန်းခိုင်သစ်၏ "မေတ္တာဆုံမှတ်"၊ လှိုင်းလေပြေဦး(ညောင်ဦး)၏ "နေမင်းကို ပြန်တွေ့သည့် ကောင်းကင်"တို့က ရရှိကြသည်။

ကဗျာရှည်ဆုရစာရင်းများမှာ ပထမဆု-သမိုင်း(တံတားဦး)၏ "အနီရောင်ခြယ် အဘိဓာန်"၊ ဒုတိယဆု လွင်မြန်မာ(မန်းတက္ကသိုလ်)၏ "ရေမရောတဲ့သွေး အမွေပေးခဲ့သူ"၊ တတိယဆု လင်းဝင့်မြူ(ပြင်ဦးလွင်)၏ "အမေ့ရဲ့အိမ်ဦးနတ်ဘုရား"တို့ဖြစ်ကြသည်။ နှစ်သိမ့်ဆုများအဖြစ် ကျော်ဝင်းမောင်(ကျောက်မဲ)၏ "ပျော်ရွှင် ချမ်းမြေ့ အဖေနေ့ "၊ ကမ္ဘာကျော် (မန္တလေး)၏ "ကြွေ"၊ ဒီလူည၏ " အဖေ(သို့) ကမ္ဘာ အဆက်ဆက် မှိန်မသွားတဲ့မီးပြတိုက်" တို့က ရရှိခဲ့ကြသည်။

ဆုရရှိသူများသည် (၁၂.၃.၂၀၁၇)မတ်လ ၁၂ ရက် တပေါင်းလပြည့်နေ့တွင် ဆုပေးပွဲကျင်းပမည့် ၈၅×၃၄လမ်းရှိ ပရိယတ္တိသာသနာ့ဗိမာန် ဦးလှသိန်းဗိမာန်သို့ နေ့လယ် ၁၂ နာရီမတိုင်မီ သတင်းပို့၍ ဆုယူရမည်ဟု သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# အစားအသောက်နှင့် ဆေးဝါးဘေးကင်းလုံခြုံမှုဆိုင်ရာ မူဝါဒရေးဆွဲရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနနှင့် FAO တို့ ပူးပေါင်းကျင်းပသော အစားအသောက်နှင့်ဆေးဝါးဘေးကင်းလုံခြုံမှုဆိုင်ရာ မူဝါဒရေးဆွဲရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (National Workshop on Development of Food Safety Policy and Evidence-Based Decision Making in Myanmar) ကို မတ် ၈ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ The Lake Garden Hotel ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က အမှာစကားပြောကြားရာ Food Safety နှင့် ပတ်သက်ပြီး ခေတ်အဆက်ဆက်က လိုအပ်ချက် မြောက်မြားစွာ ရှိသည့်အတွက် ယနေ့အချိန်အခါတွင် စိန်ခေါ်မှုများ မြောက်မြားစွာဖြစ်လာကြောင်း၊ အစားအသောက်ဘေးကင်းလုံခြုံရေး၊ အန္တရာယ်ကင်းရှင်းရေးသည် နိုင်ငံတော်အတွက် ဦးစားပေးရမည့်အရာဖြစ်လာသဖြင့် ယင်းလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် နှီးနွှယ်အစိုးရဌာနများ၊ လုပ်ငန်းရှင်များ၊ ပြည်သူများပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်လည်း ယခုအခါ ပိုမိုကောင်းမွန်သော တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံနိုင်ပြီး ပိုမိုစနစ်ကျသော ကမ္ဘာ့အဆင့်မီ မူဝါဒများ၊ လုပ်ဆောင်ချက်များ လိုအပ်လာသည့်အတွက်ကြောင့် ယခုကဲ့သို့ နိုင်ငံတကာကျွမ်းကျင် ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ အားလုံး၏ အကူအညီများရယူပြီး မူဝါဒရေးဆွဲရေး ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အစားအသောက် ဘေးကင်းလုံခြုံရေး မူဝါဒရေးဆွဲဖော်ဆောင်ရေးအတွက် နည်းပညာအရ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည့် FAO၊ GIZ၊ အစားအသောက်နှင့်သက်ဆိုင်သည့် နည်းပညာရှင်များ၊ နေပြည်တော်ကောင်စီ အပါအဝင် စားသုံးသူရေးရာအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်ကာ အဆိုပါ မူဝါဒဖော်ဆောင်မှုသည် အနည်းဆုံး ရှစ်လနှင့်ဆယ်လအတွင်း အကောင်အထည်ပေါ်လာနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"Food Safety ဆိုတာ တစ်ကမ္ဘာလုံးက လူတိုင်းအတွက် အရေးကြီးပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံတည်း အစားအသောက်အန္တရာယ်ရှိတာ မဟုတ်ပါဘူး။ နိုင်ငံတိုင်းမှာလည်း ဒီလိုမျိုးတွေရှိပါတယ်။ ယနေ့ခေတ်ယနေ့အခါမှာ ဆန်းပြားလာတဲ့ အတွေးအခေါ်တွေ၊ ဆန်းပြားလာတဲ့ နည်းပညာတွေကြောင့် အစားအသောက်တွေကို တာရှည်ခံအောင်၊ အရောင်လှအောင်၊ စားကောင်းအောင် အမျိုးမျိုးသော တီထွင်ဆန်းသစ်ခြင်းနဲ့အတူ ပေါက်ပွားလာတဲ့ အန္တရာယ်တွေရှိနေပါတယ်။ မြန်မြန်စားသောက်ဖို့အတွက် မြန်မြန်တီထွင်ကြရတယ်။ အဲဒီအတွက် မြန်ချင်လုံခြုံမှုအားနည်းတယ်။ ဒါကြောင့်မို့ အစားအသောက်ဘေးကင်းလုံခြုံရေးအတွက် စိန်ခေါ်မှုတွေ ဖြစ်လာတယ်” ဟု ၎င်းကပြောသည်။



အစားအသောက်များ ထုတ်လုပ်၊ တင်သွင်းရာတွင် အနံ့အရသာ ထူးဆန်းကောင်းမွန်စေရေးအတွက် ဆိုးဆေးများ အသုံးပြုလာကြသည်။ ကုန်ကျစရိတ်နည်းနည်းနှင့်ထုတ်ကုန်များကိုထုတ်လုပ်ချင်လာကြသည်။ ထုတ်ကုန်များ တာရှည်ခံအောင် လုပ်လာကြသည်။ ဥပမာ မုန့်ဖတ်တွေကို ဖော်မလင်ထည့်သည့်ကိစ္စ၊ FDA ထောက်ခံချက်မရှိဘဲ သောက်ရေသန့်များ ထုတ်လုပ်ရောင်းချမှုများသည် အစားအသောက် ဘေးကင်းလုံခြုံရေးဆောင်ရွက်ရာတွင် စိန်ခေါ်မှုများကြောင်း ဒေါက်တာသန်းထွဋ်ကပြောသည်။

“သောက်ရေသန့်တွေ ထောက်ခံချက်ရှိပြီးထုတ်တာရှိတယ်။ ထောက်ခံချက်မရှိဘဲထုတ်တာတွေရှိတယ်။ ခွင့်ပြုချက်တရားဝင်ပေးထားပြီး သောက်ရေသန့် ၉၉၇ ခုခန့်နဲ့ ခွင့်ပြုချက်မရှိတဲ့ သောက်ရေသန့် ၂၀၀ လောက်ရှိတယ်။ ခွင့်ပြုချက်မရှိတာကိုအရေးမယူဘူးလားဆိုတော့ အရေးယူတာတွေရှိပါတယ်။ တန်းပြီးတော့ အရေးယူလို့တော့မရဘူး။ ဒီတရားမဝင် တံဆိပ်က ဈေးကွက်မှာ အမှန်တကယ်ရောင်းနေသလား စစ်ဆေးရတယ်။ အဲဒီရေကို ယူပြီးတော့ ဓာတ်ခွဲခန်းမှာ စစ်ဆေးရတယ်။ အဲဒါတွေ စစ်ဆေးပြီး ရန်ကုန်မှာ ပိတ်သိမ်းထားတာ ခြောက်ခုလောက်ရှိပါတယ်”ဟု ၎င်းက ပြောပြသည်။

လတ်တလော အစားအသောက် အန္တရာယ်ကင်းရှင်းရေးအတွက် FDA မှ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်မတင်မီစစ်ဆေးခြင်း၊ ကုန်ပစ္စည်းမတင်သွင်းမီနှင့် တင်သွင်းပြီးပစ္စည်းများ တိုက်ဆိုင်စစ်ဆေးကာ ဈေးကွက်ဝင် စစ်ဆေးရေးအဖွဲ့များလည်း ဖွဲ့စည်းပြီး ဈေးကွက်အတွင်း စစ်ဆေးလျက်ရှိကာ တွေ့ရှိပါက အရေးယူခြင်း၊ ပိတ်သိမ်းခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

“မြန်မာနိုင်ငံက နည်းပညာအားဖြင့် နောက်ကျတယ်။ ဥပဒေအားဖြင့် တချို့တွေမှာ ပြန်ပြုပြင်စရာတွေရှိတယ်။ အဲဒီအတွက်ကြောင့် ဒီကိစ္စဆောင်ရွက်ဖို့အတွက် ဥပဒေခိုင်မာအောင်လုပ်ရတယ်။ နည်းပညာအရ မြင့်မားအောင် လုပ်ဖို့ လိုနေတာတွေရှိတယ်။ အခုအချိန်မှာတော့ ကျွန်တော်တို့ဆီက ဓာတ်ခွဲခန်းပစ္စည်းတွေလည်း ခေတ်မီနေပါပြီ။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းတွေလည်း တစ်တိုင်းပြည်လုံးရှိလာတော့မယ်။ ခရိုင်ရုံးတွေ စဖွင့်နေပါပြီ” ဟု အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ယခုဆွေးနွေးပွဲကို မတ် ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်တာကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ FAO မှ ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ယခုဆွေးနွေးပွဲအပြီး ရလဒ်များနှင့် တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အခြေခံကာ Food Safety Management Policy ကိုအကောင်အထည်ဖော်ရေး ဆွေးနွေးပွဲတစ်ရပ်ကိုလည်း မကြာခင် ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**

# ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး သောက်သုံးရေများလှူဒါန်း

**ညောင်ဦး မတ် ၁၀**

ပုဂံမြို့ ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်း နာယကဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာရေလှူတော်အသင်းက နှစ်စဉ်နွေရာသီအချိန်များ၌ ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့်ကျေးရွာများသို့ သွားရောက်ပြီး ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး အတွက် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိရာ မတ် ၆ ရက်က ဖြူစင်မေတ္တာရေလှူတော်အသင်းမှ ဦးဇော်ပွေး ဦးဆောင်၍ အသင်းအဖွဲ့သားများက ညောင်ဦးမြို့နယ် ကြို့ပင်တောကျေးရွာနှင့် ရွာသစ်တောင်ကျေးရွာတရားစခန်းရှိ တရားဘာဝနာပွားများ အားထုတ်နေကြသည့် အဘိုးအဘွား ၇၀ အတွက် သောက်သုံးရေများသွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



သောက်သုံးရေများ သွားရောက်လှူဒါန်းရာသို့ ညောင်ဦးမြို့မြင့်မြတ်သူ ပရဟိတလူမှုရေးအသင်းသားများက လိုအပ်သည်များကို လိုက်ပါကူညီ ဆောင်ရွက်ပေးခဲ့ကြောင်းသိရပြီး ကြို့ပင်တောကျေးရွာ အရှေ့ဘက်ခြမ်းရှိ အိမ်ထောင်စု ၃၀ အတွက် ရေဂါလန် ၁၅၀၀ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း၊ ရွာသစ်တောင်ကျေးရွာ တရားစခန်းရှိ သက်ကြီးရွယ်အို အဘိုးအဘွား ၇၀ အတွက် ရေဂါလန် ၁၅၀၀ နှင့် ညောင်ဦး - ကျောက်ပန်းတောင်းသွားလမ်းပေါ်တွင် ခရီးသွားပြည်သူများ ဝင်ရောက်နားခိုသောက်သုံးနိုင်ရေးအတွက် ရေဂါလန် ၁၅၀၀ စုစုပေါင်း ရေဂါလန် ၄၅၀၀ ခန့် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း ဖြူစင်မေတ္တာရေလှူတော်အသင်းမှ အဖွဲ့ခေါင်းဆောင်၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



ဖျာပုံခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဖျာပုံမြို့နယ်ရှိတိမ်ကောနေသည့် ဇင်းဘောင်ချောင်း အလျား ၃ ဒသမ ၇၈ မိုင်တူးဖော်ခြင်းလုပ်ငန်းကို ဌာနစက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၆ ရက်တွင် ၈၅ ရာခိုင်နှုန်းပြီးစီးနေသည်ကို တွေ့ရစဉ်

သပြေထွန်း

**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

# ဇီးကုန်းမြို့ သမိုင်းဝင်မြသိန်းတန်စေတီတော် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကျင်းပမည်

**ဇီးကုန်း မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ သမိုင်းဝင်မြသိန်းတန်စေတီမြတ်ကြီး၏ (၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲအား ၁၃၇၈-ခုနှစ် တပေါင်းလပြည့် မတ်လ ၁၂ ရက်နေ့မှ လပြည့်ကျော် ၁၁ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်အကြိုအဖြစ် တစ်နေ့တာတရားစခန်းသုံးပွဲ၊ ညတရားပွဲသုံးပွဲအပြင် မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များအား အရုဏ်ဆွမ်းများ ၁၀ ရက်တိုင်တိုင် ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ပွဲတော်ရက်အတွင်း မြန်မာဆိုင်းဝိုင်းများ၊ အငြိမ့်ဇာတ်သဘင် ဧည့်ခံဖျော်ဖြေမှု အပါအဝင် အထူးအစီအစဉ်အဖြစ် ဆရာကြီးမင်းသိခ်၏ တပည့်များက ဘုရားဖူးလာသူများအား အခမဲ့ဗေဒင်ဟောပေးခြင်းနှင့် နွားပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။ သမိုင်းဝင်မြသိန်းတန် ဘုရားပုရိဝုဏ်အတွင်း ယခုနှစ်ထဲ၌ အုတ်ခွက်ဘုရား၊ ရဟန္တာငါးရာရုပ်တုတော်များ၊ ပဋ္ဌဝင်္ဂီငါးပါး ဗျာဒိတ်ပေးဘုရား၊ ရပ်တော်မူဘုရားများ၊ ကျိုက်ထီးရိုးစေတီ၊ မြသိန်းတန်စေတီတော်၏ မူလဒါယိကာသတိုးနော်ရထာဘုရင်ရုပ်တုပုံတော်များအပါအဝင် သာသနိကအဆောက်အအုံများ တိုးပွားများပြားလာခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# ပဏာမ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်

**ရေး မတ် ၁၀**

မွန်ပြည်နယ် ရေးမြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ သွားပိုးရောဂါ၊ သွားဖုံးရောဂါများအဖြစ်များလာသည့်အတွက် အချိန်မီကြိုတင်ကာကွယ် သွားနိုင်ရန် မတ် ၉ ရက်မှ ၁၀ ရက် အထိ ပဏာမသွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

“သွားရောဂါကြိုတင်ကာကွယ်ရေးနှင့်ရောဂါဖြစ်ပွားခဲ့ပါက အချိန်မီစောစောစီးစီးကုသဖို့လိုအပ်နေသလို သွားနှင့်ခံတွင်းစောင့်ရှောက်မှုကို မြို့နယ်အတွင်းမှာရှိတဲ့ ပြည်သူတစ်ရပ်လုံးလက်လှမ်းမီခံယူကုသနိုင်ဖို့အတွက် အဓိကရည်ရွယ်၍သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်” ဟု မြို့နယ်ကုသရေးဦးစီးဌာနသွားနှင့် ခံတွင်းအထူးကုဆရာဝန်ဒေါက်တာကင်းရှိန်က ပြောသည်။

သင်တန်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်း သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန သွားနှင့်ခံတွင်းကျန်းမာရေးဌာန နေပြည်တော်မှ ဒေါက်တာခင်မောင်၊ ဒေါက်တာမေဖြိုးလင်းတို့က စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်-ရေး**

# လွမ်းမောဖွယ် တပေါင်းနွေဦးချိန်ခါ

**ဝိသုဇ္ဇက (ပဲခူး)**

နွေဦးရာသီသည် နံနက်ခင်းကာလ မြူမှုန်များဝေသီစွာ ကျဆင်းပြီး ကျေးငှက်သာရကာတို့ မြူးထူးပျော်ပါး တေးဆိုသံများနှင့် ဝေစည်နေသောကာလ ဖြစ်သည်။ နေ့အချိန်ကာလ ပင်အိုတို့က ရိုးတံပြိုင်းပြိုင်းထကာ ရော်ရွက်ဝါတို့ မြေခပြီး ရွက်သစ်နုများတို့ဖြင့် လိပ်ပြာလေးများ ဝဲပျံနေကြသောကာလ၊ ညချမ်းချိန်ခါ ကောင်းကင်မှာ မြူတိမ်ကင်းလျက် ကောင်းကင်ပြာကို အဆုံးအစမရှိ ထိုးဖောက်မြင်နေရသောကာလ၊ တပေါင်းလ မိန်ရာသီသို့ ရောက်ပြီဆိုလျှင်ဖြင့် လောဘ၊ ဒေါသ၊ မောဟ မကင်းသော လူသားများသာမက နိဗ္ဗာန်လမ်းကိုမြန်းရန် ကြိုးစားအားထုတ်တော်မူကြကုန်သော ဈာန်ပျံပုဂ္ဂိုလ်များသည်ပင် လွမ်းမောဖွယ်သောအာရုံများကို ခံစားမိကြ၍ ဈာန်လျှောရသည်ကို ဖတ်ဖူးမှတ်ဖူးကြပေသည်။

ဤသို့ လွမ်းမောဖွယ်နွေသရုပ်အတွက် ရှေးစာဆိုကြီးများက နွေရတုသင်္ကေတဖြစ်သော "နွေဦးကာလ မြူထသောအခါ" အစရှိသည့် တျာချင်း၊ ကဗျာလင်္ကာများကို စပ်ဆိုခဲ့သည်။ "မိန်ရာသီလတပေါင်း လက်ပံပွင့်ကောက်အရောက်လာမယ်"စသည့် နွေနှင့်ပတ်သက်သော လွမ်းဖွယ်တေးသီချင်းများကိုလည်း နှောင်းခေတ်ဂီတစာဆိုကြီးများက စပ်ဆိုခဲ့ကြသည်။

ဤနွေ၏ ပုံရိပ်များသည် မကြာမြင့်မီ ပြောင်းလဲပေတော့မည်။ ဧပြီ၊ မေလသို့ ရောက်လာပြီဆိုက ရော်ရွက်ဝါတို့ မကြွေနိုင်တော့သလို ရွက်နုတို့လည်း မဝေနိုင်တော့ပါ။ ကျေးငှက်သာရ ကာများ၏ တေးသီကျူးသံများလည်း တိတ်ဆိတ်ကြတော့ မည်ဖြစ်သည်။ ရဟန်းရှင်လူများသည်လည်း ပူပြင်းလှသော နွေ၏ဒဏ်ကြောင့် နွေဦးပုံရိပ်ကို မခံစားနိုင်တော့သလို ကဗျာ စာဆိုတို့၏ ရင်တွင်း၌ ခံစားချက်များလည်း ကုန်ဆုံးတော့ မည့်ကာလသို့ ရောက်ရှိနေကြပြီဖြစ်သည်။ ထိုသို့သော သဘာဝ တောတောင်ရေမြေ အလှတရားများ ပြောင်းလဲလာရသည့် အဓိကမှာ ရာသီဥတုပြောင်းလဲမှုကြောင့်ပင်ဖြစ်၏။

များမကြာတော့သော အချိန်အခါတွင် ရောက်လာနိုင်သည့် အန္တရာယ်များကို မြန်မာနိုင်ငံတွင် ကာကွယ်ကြရမည်။ မုန်တိုင်းဘေးကျရောက်တတ်သော မိုးဦးကာလ(ဧပြီ၊ မေ)သို့ ရောက်ရှိတော့မည်ဖြစ်၍ မုန်တိုင်းဘေးနှင့်အတူ ကမ်းရိုးတန်းဒေသများတွင် ဒီရေပါ တက်ရောက်နိုင်သည်။ ကုန်းတွင်းပိုင်းဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးမှုဘေးများ ဖြစ်ခဲ့သည်ကို လွန်ခဲ့သောနှစ်များအတွင်းက ကြုံတွေ့ခဲ့ရပါသည်။ မိမိနေထိုင်သည့် အနီးတစ်ဝိုက်တွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း မကြာခဏဖြစ်တတ်၍ မိုးကြိုးဘေးအန္တရာယ်လည်း ရှိနိုင်သည်။ မိုးကြိုးဘေးအတွက် ရှောင်ရန်ဆောင်ရန်တို့မှာ လျှပ်စစ်ဓာတ်အားအသုံးပြုသော ပစ္စည်းများကို ဆင်ခြင်အသုံးပြု၍ ပလတ်ဖြုတ်ခြင်း၊ ခလုတ်ပိတ်ခြင်းတို့ ပြုလုပ်ရန် လိုအပ်ပေသည်။ ပြင်ပပယောဂကြောင့် ဖြစ်လာနိုင်သော ဘေးအန္တရာယ်အမျိုးမျိုးကို ကြိုတင်ပြင်ဆင်မှုပြုလုပ်ခြင်းဟူသော ကာကွယ်မှုဖြင့် ကြိုးစားအားထုတ်မှုပြုကြမှသာ ရင်ဆိုင်ကြုံတွေ့ရမည့် အန္တရာယ်တို့ကို လျော့ပါးစေမည်။

ထို့ကြောင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသည် မဖြစ်မနေ ပြုလုပ်ရမည့် လုပ်ငန်းများဖြစ်ပြီး အချိန်မရွေးကျရောက်လာမည့် ဘေးအန္တရာယ်များကို ကာကွယ်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေသော ခြေလှမ်းများသည် သွက်လက်စွာ လျှောက်လှမ်းနိုင်လိမ့်မည် ဖြစ်ပါသည်။

ရှေးစာဆိုများအနေဖြင့် ဤအခါသမယ နွေဦးကာလကို ရှုထောင့်အဖုံဖုံ ပုံစံအမျိုးမျိုးဖြင့် စာပန်းချီခြယ် မှတ်တမ်းတင်ခဲ့ကြသည်။ သုံးလူ့ထွတ်ထား မြတ်ဗုဒ္ဓသည်ပင်လျှင် ဥဒ္ဒကနိကာယ် သုတ္တနိပါတ်ပါဠိတော် ရတနသုတ်တော်တွင် "ဝနပ္ပဂုမ္ဗေ" အစချီသောဂါထာ၌ "ဂိမှာနမာသေ နွေလေးလတို့တွင်၊ ပထမသိမ္မိဂိမှေ အစဦးစွာဖြစ်သော နွေလ၌၊ ဖုသိတဂ္ဂေ ပွင့်သောအဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ တောတန်းတောအုပ်သည်၊ သီရိကောယထာ အညွန့်အဖူး ကွန့်မြူးဝေဖြာနေသော သစ်ပင်သစ်တောတို့ဖြင့် ကျက်သရေအရှိဆုံး သာယာကြည်နူးဖွယ် အကောင်းဆုံးဖြစ်သကဲ့သို့"ဟု တပေါင်းလ၏ တင့်တယ်သာယာလှပပုံကို နိဗ္ဗာန်သို့ပို့ဆောင်ပေးတတ်သော တရားတော်နှင့် တင်စားခိုင်းနှိုင်းကာ ဟောကြားတော်မူခဲ့ပေသည်။

တပေါင်းလ၏ပုံရိပ်နှင့်စပ်လျဉ်းပြီး စာဆိုရှင် မင်းဇေယျရန္တမိတ်၏ မြနန်းရဝေချီရတုတွင် 'ရာသီကြက်ဆောင်း တပေါင်းမူးမူး မင်းလွင်ဦး၌ ညွန့်ဖူးကင်းငုံ ပင်တိုင်းစုံသည် ရဂုံထွေတဆန်း လှည့်သော'ဟူ၍ တစ်ဖုံ၊ 'တပေါင်းသာခေါင် လများ နှောင်ဝယ် တောတောင်စုံပေါင်း ညွန့်သစ်လောင်းသည် နှာမောင်းခွေလည် လှည့်လိမ်စည်'ဟူ၍ တစ်နည်း သီကုံးဖွဲ့ဆိုထားခဲ့သည်။

အညာဒေသစာဆိုရှင် ရာသီဖွဲ့ဆရာကြီး ဦးကြင်ဥကလည်း တပေါင်းလအခါသမယတွင် အရပ်ရှစ်မျက်နှာတစ်ခွင်ဝယ်၊ မြူနှင်းများအုံ့ဆိုင်းကာ၊ သဇင်ကြွင်းနှင့် အင်ကြင်းပွင့်ကလေးများ ဖူးပွင့်ဝေဆာနေပုံ၊ လိပ်ပြာ၊ ပိတုန်းကောင်လေးများ၊ ဝဲပျံသန်းလျက်၊ ပန်းဝတ်ရည်များ ဆွတ်ခြွေစားသုံးနေကြပုံတို့ကို တပေါင်းလဖွဲ့ လေးဆစ်သဖြန့်တစ်ပုဒ်တွင် 'ရှစ်ခွင်တိုင်း မှိုင်းမှုန်တဲ့ပတ်လည်၊ သဇင်ကြွင်းငယ်နှင့် အင်ကြင်းသန္တာညွန့်ငယ်တို့၊ ဖူးကွန့်ကိုက်စည်၊ အမရာရွှေပိတုန်းငယ်တို့ ချွေသုံးကြဝတ်ရည်၊ ညွတ်ကြည်ဖွဲ့ဖော်ကွဲ၊ ယင်းသည့်နေ့တိုင် ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင် ဈာန်ယိုင်လျှောရတယ်၊ ရာသီတွင် စာညီပြောပေပ၊ ကျော၍သာမြဲ'ဟု ကဗျာအနု ချယ်သခဲ့လေသည်။

တပေါင်းလနှင့်ပတ်သက်၍ မြန်မာလအမည်များ စာအုပ်တွင် 'တ' သည် တပို့တွဲ၊ တန်ခူးတို့၌ကဲ့သို့ ထန်းပုဒ်ပျက် ထန်းဟောပင် ဖြစ်ကြောင်း၊ 'ပေါင်း'၏အဓိပ္ပာယ်မှာ ချက်ခြင်း၊ ကျိုခြင်း၊ ပြုတ်ခြင်း၊ လှော်ခြင်း၊ ဖုတ်ခြင်း စသည်တို့ဖြင့် တစ်စုံတစ်ရာကို ကျက်နပ်စေသည်ဟု အဓိပ္ပာယ်ရခြင်း၊ ရေတွင်ထည့်၍ ပြုတ်ခြင်းပင် ဖြစ်ကြောင်း၊ တနှင့် 'ပေါင်း'ပုဒ်တို့ကို တွဲဆက်လိုက်ပါက တပေါင်းဟူသော မြန်မာဘာသာသည် ထန်းချက်လ၊ ထန်းရည်ကို ထန်းလျက်ဖြစ်အောင် ကျိုချက်သောလဟု အဓိပ္ပာယ်ဖော်ညွှန်းထားသည်ကို လေ့လာရပေသည်။

> **တပေါင်းလ၏ သာယာပုံနှင့် ရောင်စုံပြာလွင် တိမ်တိုက်များ၊ လေရူး တိုက်ခတ်ပုံများကိုလည်း ရှင်ဥတ္တမကျော်က ဂါထာ ခြောက်ဆယ်ပျို့တွင် 'တိမ်ညိုမိုလ္လာ တိမ်စူကာနှင့် တိမ်ပြာရောယှက် မရမ်းဖက်၍ တိမ်သက်တံရောင် အဝါဘောင်ဝယ်၊ မှောင်ခဲ့တစ်ခါ ပြာခဲ့တစ်ချို့ ညိုခဲ့တစ်လီ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊ ယုဂန်ထက်က လေးဖက်လုံးခြုံ တိမ်ဂဠုန်လည်း နဂါးစုံကြွေ့ ရန်ချင်းတွေ့သော် ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့" ဟူ၍ ဖွဲ့ဆိုထားခဲ့ပါသည်**

ထန်းသမားတို့သည် တပို့တွဲလ၌ နင်းနှိမ်ထားသော ထန်းဖူး ထန်းခိုင်များကို တပေါင်းလသို့ရောက်သောအခါ ထန်းရည်ခံကာ ထန်းလျက်ချက်ကြသည်မှာ ရှေးအစဉ်အလာတစ်ရပ်ဖြစ်နေပေသည်။ ထိုအကြောင်းကို 'ထန်းလျင်တိုခဲ မြစ်မကြည်နေ၊ ကမ်းခြေရစ်ဆင်း ဖြူစင်သဲထက်၊ မြို့နောက်ဘက်ဝယ် ကျေးငှက်တွန်သောင်း ပျော်နှစ်ထောင်းသည် တပေါင်းလများ သခင်သောဝ်'ဟု စာဆိုနဝဒေးက ရေးဖွဲ့ထားခဲ့သည်။

မြန်မာနိုင်ငံတွင် တပေါင်းလသို့ ရောက်ရှိလာသည့်အချိန်၌ မြစ်ဖျား၊ ချောင်းဖျားများတွင် ရေစစ်ကာ သဲခုံ၊ သောင်ခုံများ နေရာအနှံ့ ပေါ်ထွန်းလာလေ့ရှိကြသည်။ တောင်သူဦးကြီးတို့ အနေဖြင့် လယ်ယာလုပ်ငန်းခွင်မှ အနားယူသည့်ကာလလည်း ဖြစ်သည့်အတွက် မြန်မာဘုရင်များသည် ထိုလတွင် သဲပုံစေတီပွဲကို ရာသီအဖြစ် သတ်မှတ်ကာ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာလေးများအထိ ခြိမ့်ခြိမ့်သဲ ဆင်နွှဲကျင်းပလာကြသည်။ ပွဲတော်ကား ဘာသာရေးဆိုင်ရာ ပွဲတော်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာ စတင်ထွန်းကားလာချိန်ကစတင်၍ ကျင်းပခဲ့သော ပွဲတော်အဖြစ် ယူဆရပေသည်။

အင်းဝခေတ်စာဆိုအကျော် ရှင်မဟာသီလဝံသ ဖွဲ့ဆိုထားသည့် ဗုဒ္ဓါပ္ပတ္တိပျို့လာ တပေါင်းလဘွဲ့တွင် 'ငါးတန် ငါးကြင်း ရွှေတသင်းတို့၊ မြစ်တွင်းမြူးပျော်၊ ဇင်သော်မြစ်ထွေး၊ ချစ်သံလေးနှင့် ရေကျေးရေငှက်၊ စက္ကဝါက် ဟင်္သာ ငှက်တကာလည်း ဘာသာကျူးကျော် မြူးပျော်ကြတုံ ငွေသောင်ခုံဝယ် သဲပုံစေတီပွဲတော်ပြီတည်း'ဟု ဖွဲ့ဆိုထားခြင်းဖြင့် အင်းဝခေတ်၌ပင် သဲပုံစေတီပွဲတော်ကို ကျင်းပနေပြီဖြစ်ကြောင်း သိရှိရသည်။

သဲပုံစေတီ တည်ထားကိုးကွယ်ခြင်းနှင့်စပ်လျဉ်း၍ အပါဒန်ပါဠိတော် ပုလိနပ္ပူဒမထေရ် အပါဒန်တွင် ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလက ဒေသလမည်သော ရသေ့တစ်ပါးသည် ကျောင်းသင်္ခမ်းမှထွက်၍ သဲများကို စေတီပြုပြီး သဲပုံစေတီတည်ကာ ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်းကိုလည်းကောင်း၊ ပုလိနတူပိသမေထေရ် အပါဒန်၌လည်း ကျောင်းသင်္ခမ်းအနီးရှိ အမရိကမြစ်ငယ်၌ သဲပုံစေတီတစ်ဆူတည်ပြီး ပူဇော်ခြင်းတို့ကိုလည်းကောင်း ပါဠိအဋ္ဌကထာတို့တွင် ဖော်ပြထားလေသည်။

မြန်မာတို့အနေဖြင့် သဲပုံစေတီပွဲတော်ကို နွေဦးကာလသို့ ကျရောက်၍ မြစ်ရေခန်းခြောက်စ ဖြူလွလွ သဲသောင်စပ်တွင် ရိုးရာနှင့်အညီ ပျော်ရွှင်ဆင်နွှဲကြပုံကို 'တောင်လည်း သာမော၊ တောလည်း သာထွေ၊ ရေလည်း သာလှ ဖြူဆွသောင်ပြင်၊ ငှက်ပေါင်းရွှင်၍၊ သဘင်အညီ သဲစေတီဟု မြောက်ချီရွှင်ပလှူဒါန်းကြလျက်၊ ပြည်တွင်း ပြည်ပ ဖြောင့်စင်းရည်ဆောင်၊ ဆီမီးထောင်နှင့် ထွန်းပြောင်ညီရုံး ပန်းလျှင်ကုံးသို့၊ နှလုံးမြတ်စွာ၊ ရတနာသုံးဖော် ဖူးမြော်ကုန်ကြ'ဟု စာဆိုဦးအောင်ကြီးက ဖွဲ့ဆိုထားသည်။ စာဆို လူဦးမင်းကလည်း တစ်ဆယ့်နှစ်ရာသီဘွဲ့ လေးချိုးတွင် 'ရေသီဒါဆိပ် သောင်ကျွန်းမြိတ်ထက်၊ ဗျာဒိတ်ကယ်သရီ၊ သဲစေတီနှင့် သိင်္ဂီလျှံဝါ၊ ရွှေဟင်္သာလဲခြင်းရာလူလို၊ သံညှင်းသာ ချိုတော့တယ်'ဟု ရသမြောက်စွာ လွမ်းစဖွယ် စာပန်းချီခြယ်သထားရစ်ခဲ့ကြသည်။

တပေါင်းလ၏ သာယာပုံနှင့် ရောင်စုံပြာလွင် တိမ်တိုက်များ၊ လေရူးတိုက်ခတ်ပုံများကိုလည်း ရှင်ဥတ္တမကျော်က ဂါထာ ခြောက်ဆယ်ပျို့တွင် 'တိမ်ညိုမိုလ္လာ တိမ်စူကာနှင့် တိမ်ပြာရောယှက် မရမ်းဖက်၍ တိမ်သက်တံရောင် အဝါဘောင်ဝယ်၊ မှောင်ခဲ့တစ်ခါ ပြာခဲ့တစ်ချို့ ညိုခဲ့တစ်လီ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊ ယုဂန်ထက်က လေးဖက်လုံးခြုံ တိမ်ဂဠုန်လည်း နဂါးစုံကြွေ့၊ ရန်ချင်းတွေ့သော် ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့" ဟူ၍ ဖွဲ့ဆိုထားခဲ့ပါသည်။

တပေါင်းလပြည့်နေ့တွင် ကာဠုဒါယီမထေရ်မြတ်သည် မြတ်ဘုရားရှင်အား ပင့်ဆောင်တော်မူ၍ ကပိလဝတ် နေပြည်တော်သို့ ကြွရောက်ခြင်းသည်လည်း တပေါင်းလ၏ ထင်ရှားသော ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သည်။ မြတ်ဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူကာ အင်္ဂတိုင်းသားနှင့် မဂဓတိုင်းသားတို့အား တရားရေအေး တိုက်ကျွေးလျက်ရှိသည်။ ထိုသတင်းကို ကြားသိသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက မြတ်ဘုရားရှင်ကို ပင့်ဆောင်ရန် ရာဇဂြိုဟ်ပြည်သို့ တစ်ကြိမ်လျှင် ခေါင်းဆောင်အမတ် တစ်ဦး၊ နောက်ပါ တစ်ထောင်စီဖြင့် ၁၀ ကြိမ်တိုင် စေလွှတ်၍ ပင့်ခိုင်းလိုက်သည်။ မြတ်ဘုရားရှင်က ကြွရောက်တော်မူခြင်းမရှိခဲ့သဖြင့် နောက်ထပ်တစ်ဖန် ကာဠုဒါယိအမတ်ကြီးက ခေါင်းဆောင်၍ ပင့်ဆောင်စေသည်။ ကာဠုဒါယိအမတ်ကြီးသည် မြတ်ဘုရားရှင်အား ခမည်းတော်၏ ကျေးဇူးကို သိရှိသောအနေဖြင့် မွေးရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ပါကြောင်း နွေဦးကာလ၏ သာယာကြည်နူးဖွယ်တို့ဖြင့် လျှောက်ထားလေသည်။ ယင်းသို့ လျှောက်ထားချက်အရ မြတ်ဘုရားရှင်သည် ရဟန္တာအရှင်သူမြတ်နှစ်သောင်း ခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ ကွာဝေးသော ကပိလဝတ်နေပြည်တော်သို့ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀ တိုင်တိုင် နှစ်လကြာမျှ ဒေသစာရီ ကြွချီတော်မူခဲ့သည်။

ဗုဒ္ဓမြတ်ဘုရားရှင်သည် မွေးရပ်မြေ ကပိလဝတ်ပြည်မှ ထွက်ခွာခဲ့သည်မှာ ခုနစ်နှစ် ကြာခဲ့ပြီဖြစ်၍ မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်နေ့မှ နေပြည်တော် ဇာတိဌာနေ ကပိလဝတ်သို့ ရောက်ပါသည်။ ကြာမြင့်စွာ ခွဲခွာခဲ့သည့် သားတော်ကို ခမည်းတော်မင်းကြီးနှင့်တကွ ကျွေးမိခင် မိထွေးတော်ဂေါတမီနှင့် သာကီဝင် မင်းမျိုးအပေါင်းသည် တခမ်းတနား တစ်ဖွဲ့တစ်နွဲ့ ကြိုဆိုကြလေသတည်း။

မြတ်ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွချီတော်မူလာခြင်းဖြင့် သာသနာတော်သမိုင်းတွင်-

(၁) နိဂြောဓာရုံကျောင်းတော်ကြီးပေါ်ပေါက်လာခြင်း၊
(၂) သာကီဝင်မင်းမျိုးတို့၏ မာန်စွယ်ကို နုတ်ပယ်သောအားဖြင့် ပေါက္ခရဝဿမိုး ရွာသွန်းခြင်း၊
(၃) ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေသန္တရာဇာတ်တော် ဟောကြားခြင်း၊
(၄) မဟာ ဓမ္မပါလ ဇာတ်တော်ကြီးကို ကြားနာရသဖြင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂမ်တည်ပြီး နောင်အခါ အရဟတ္တဖိုလ် တည်ခြင်း၊
(၅) မိထွေးတော်ဂေါတမီ သောတာပန်တည်ခြင်း၊ နောင်အခါ ဘိက္ခုနီသာသနာ ထူထောင်ခွင့်ကြုံခြင်း
(၆) ယသောဓရာကိုအကြောင်းပြု၍ စန္ဒကိန္နရီဇာတ်ဟောကြားတော်မူခြင်း၊
(၇) ဇနပဒကလျာဏီ၏ ကြင်ယာတော် နန္ဒမင်းသား ရဟန်းဖြစ်ခြင်း
(၈) သားတော်ရာဟုလာ အမွေတောင်း၍ သာမဏေဘဝသို့ ရောက်ရှိခြင်း၊
(၉) သာကီဝင်အမျိုးမှ မင်းသားတစ်ထောင် ရဟန်းဘောင်သို့ ရောက်ခြင်း၊
(၁၀) ဆွေမျိုးတို့အား မြတ်စွာဘုရားကိုကြည်ညိုစေရန် စွမ်းဆောင်သောကြောင့် အမြင့်မြတ်ဆုံးဘွဲ့ အဂ္ဂကုလပသာဒကဘွဲ့ကို ကာဠုဒါယီမထေရ်အား ချီးမြှင့်တော်မူခြင်း၊
(၁၁) အရှင်သာရိပုတ္တရာ လျှောက်ထား၍ ဗုဒ္ဓဝင်ဒေသနာကို ဟောကြားတော်မူခြင်းစသည်တို့ဖြစ်ပါသည်။

ကပ္ပိလဝတ် နေပြည်တော်၌ပင် မြတ်ဘုရားရှင်၏ တရားတော် နာကြားရသောကြောင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှာ မင်းမြောက်တန်ဆာငါးပါး ဆင်မြန်းလျက်ပင် ထီးဖြူတော်အောက်မှာ အရဟတ္တဖိုလ်ပေါက် ရဟန္တာဖြစ်၍ နိဗ္ဗာန်ဝင်ခဲ့သည်။ ကျွေးမိခင် မိထွေးတော်ဂေါတမီမှာ ဘိက္ခုနီပြု၍ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်ခဲ့ကြသည်။

မာယာဒေဝီမယ်တော်သည် သားတော်သိဒ္ဓတ္တကို ဖွားမြင်ပြီး ခုနစ်ရက်မှာ နတ်ရွာစံခဲ့ရာ သားတော်ဘုရားသည် မွေးမိခင်ကို ကျေးဇူးဆပ်လို၍ နတ်ပြည်သို့ ကြွမြန်းကာ အဘိဓမ္မာတရားကို ဟောကြားကာ ကျေးဇူးဆပ်တော်မူခဲ့ပါသည်။

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ပုဂံခေတ်မှသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်သို့တိုင် ခေတ်အဆက်ဆက်၌ သာသနာတော်ကိုကြည်ညိုကြသော မင်းအစိုးရ အဆက်ဆက်တို့အနေဖြင့် ဘွဲ့တံဆိပ်တော်များကို သာသနာတွင် ထင်ရှားထူးခြားသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းလာခဲ့သည်။

သို့ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းလင်းပျံ့ပွားလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၌ တိုင်းရင်းသားပြည်သူများသည် ဆောင်းအကုန် နွေအကူး နွေဦးကာလ သာယာကြည်နူးဖွယ်ကောင်းလှသော တပေါင်းလပြည့်နေ့ အခါသမယ၌ ကုသိုလ်ကောင်းမှုပြုကြကာ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များအား ဆက်လက်လှူဒါန်းပွဲ ပြုလုပ်လာကြသည်မှာ မြန်မာနိုင်ငံတွင် အစဉ်အလာ ဖြစ်နေပေတော့သည်။ ။

# ကြက်ငှက်တုပ်ကွေးကာကွယ်ရေးအတွက် ကြက်ဥ ကြက်သားများကို စစ်ဆေး



**မော်လူး မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစည်ပင်သာယာဈေးအတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်များတွင် တရုတ်ပြည်မှဝင်ရောက်လာသော ကြက်ဥ၊ ကြက်သားနှင့် ကြက်ထွက်ပစ္စည်းများကို ရောင်းချလျက်ရှိရာ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် တာဝန်ရှိသူများက အဆိုပါ ကြက်ဥ၊ ကြက်သားများကို မတ် ၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးထိန်၊ မော်လူးအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဦးကျော်မင်းဦးနှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးအောင်မင်းထွန်းနှင့် မော်လူးဒေသ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ စည်ပင်သာယာဈေးတွင် ရောင်းချလျက်ရှိသော တရုတ်ပြည်ထွက် ကြက်ဥ ကြက်သားနှင့် ကြက်ထွက်ပစ္စည်းများကို စနစ်တကျစစ်ဆေးခဲ့ပြီး ဆိုင်ရှင်များကိုလည်း အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝ၆၇)

# တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်း ရွှေ့ပြေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ကျောက်ဆည် မတ် ၁၀**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ရာ ရွှေ့ပြေးလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်နှင့် ငါန်းဇွန် စုစုပေါင်း ရှစ်မြို့နယ်တွင် မတ်လအတွင်း ဆောင်ရွက်မည်ဖြစ်သည်။

ကျောက်ဆည်မြို့နယ် သီးပင်ကျေးရွာတွင် မတ် ၈ ရက်မှစတင်၍ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရုံးချုပ်မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာမိုးမိုးခိုင်၊ ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိန်းနိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်နေပြီဖြစ်ပြီး ကျန်ခုနစ်မြို့နယ်တွင်လည်း အလားတူ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ကျောက်ဆည်မြို့နယ်အတွင်းမှ အခြားကျေးရွာများတွင် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းကို ဆောင်ရွက်နိုင်ရန် ကျေးရွာ တစ်ရွာလျှင် စာရင်းကောက်ယူသူ နှစ်ဦးမှ လေးဦးအထိ သင်တန်းပေးခြင်းများကို မတ် ၁၀ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်လွင်**

# မနုဖြူမြို့နယ် ရေတွင်းကုန်း-ရေကြည်-ကင်မွန်းချောင်း တံတားသစ် တည်ဆောက်လျက်ရှိ

**မနုဖြူ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မနုဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စုနှင့် ရေကြည်ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ရေတွင်းကုန်း-ရေကြည်-ကင်မွန်းချောင်း သစ်သားတံတားမှာ ပျက်စီးယိုယွင်းသွားသဖြင့် ရေတွင်းကုန်းကျေးရွာအုပ်စုရှိ ကျေးရွာခွဲလေးရွာ၊ ရေကြည်ကျေးရွာအုပ်စုရှိ ကျေးရွာခွဲလေးရွာနှင့် အခြားကျေးရွာအုပ်စုရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ သွားလာဆက်သွယ်ရေး အခက်အခဲများစွာ ရှိနေသည်။

ယခုအခါ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (ပေ ၆၀ × ၁၄ ပေ× ၁၅ ပေ) သစ်သားတံတားအား အပြီးသတ်တည်ဆောက်လျက်ရှိသည်။ အဆိုပါ သစ်သားတံတား ဆောက်လုပ်ပြီးစီးပါက ရေတွင်းကုန်းကျေးရွာ အုပ်စုရှိ ရေတွင်းကုန်းရွာမ လှည်းဆိပ်၊ လှေဆိပ်၊ ကင်မွန်းချောင်းနှင့် ရေကြည်ကျေးရွာအုပ်စုရှိ ရေကြည်ရွာမ၊ ကမတွတ်၊ ကင်မွန်းချောင်း၊ အညာစုကျေးရွာများမှ အိမ်ခြေ ၁၃၅၁ ရှိ ကျေးလက်နေပြည်သူ ၅၆၁၅ ဦးတို့မှာ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုတိုးတက်လာမည်ဖြစ်၍ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြသည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

# ဝါးလက်မှုထည် ထုတ်လုပ်မှုသင်တန်းဖွင့်

**ဘားအံ မတ် ၁၀**

ဝါးကိုအသုံးပြု၍ အိမ်သုံးလက်မှုထည်များ ထုတ်လုပ်သည့် ရိုးရာပညာရပ် မပျောက်ပျက်စေရေးနှင့် ဝါးလက်မှုထည်လုပ်ငန်းကို မိသားစုတစ်ပိုင်တစ်နိုင် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိစေရန်အတွက် ရည်ရွယ်၍ ကရင်ပြည်နယ် ဘားအံမြို့လှာကဒေါင်ကျေးရွာအုပ်စုနှင့် အုန်းတပင်ကျေးရွာအုပ်စုတို့တွင် ဝါးလက်မှုထည် ထုတ်လုပ်မှုသင်တန်းကို ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

သင်တန်းကို ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သင်ကြားပို့ချပေးနေခြင်းဖြစ်ပြီး သင်တန်းတွင် လှာကဒေါင်ကျေးရွာအုပ်စုနှင့် အုန်းတပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၁၂ ရက်အထိ ဖြစ်သည်။ သင်တန်းတွင် မွေးမြူရေးလုပ်ငန်းသုံး၊ စိုက်ပျိုးရေးသုံးနှင့် အိမ်သုံးပစ္စည်းများဖြစ်သည့် ကြက်အုပ်ဆောင်း၊ ကြက်ဝပ်ကျင်း(ဥကျင်း)၊ မြက်ခြင်းတောင်း၊ ဈေးဗန်း၊ တောင်းအမျိုးမျိုး၊ စပါး/ပဲ/ဆေးရွက်ကြီးလှောင်ပုတ်၊ ပက်လက်ကုလားထိုင်၊ ဝါးထရံ၊ တံမြက်စည်း၊ ငါးဖမ်းကိရိယာများ စသည့် အသုံးအဆောင်အမျိုးမျိုး ရက်လုပ်၊ ပြုလုပ်နည်းများကို သင်ကြားပို့ချပေးကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# အညာသီဟတော ရွှေဆင်းတုတော် (၂၉)ကြိမ်မြောက် ဒေသစာရီကြွချီအပူဇော်ခံ

**ခင်ဦး မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ဧရာဝတီမြစ်အတွင်း၌တည်ရှိသော သမိုင်းဝင် အညာသီဟတောဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်နေ့အထိ ကျင်းပလျက်ရှိကာ နှစ်စဉ် ပင့်ဆောင်ပူဇော်မြဲဖြစ်သော ရွှေဆင်းတုတော်ကိုလည်း မန္တလေးမြို့ ရွှေကျီးမြင်ဘုရားမှ ခင်ဦးမြို့နယ် အညာသီဟတောကုန်းတော်ပေါ်သို့ (၂၉)ကြိမ်မြောက် ပင့်ဆောင်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

သီဟတောရွှေဆင်းတုတော်ကို တပေါင်းလဆန်း ၁၀ ရက် နံနက် ၇ နာရီက ရွှေဘိုမြို့ ရွှေတန်ဆာဘုရားမှ ရွှေဘို-ရေဦးလမ်းအတိုင်း ပင့်ဆောင်အပူဇော်ခံပြီး ရေဦးမြို့အတွင်း ဒေသစာရီကြွချီလှည့်လည် အပူဇော်ခံခဲ့သည်။ ထို့နောက် ရေဦးမြို့မှ ခင်ဦးမြို့သို့ ဒေသစာရီကြွချီအပူဇော်ခံခဲ့ပြီး ခင်ဦးမြို့လယ် ဓမ္မာရုံတွင် တစ်ညတာ ကိန်းဝပ်အပူဇော်ခံခဲ့ရာ ဓမ္မစကြာအဖွဲ့များမှ ဝတ်ရွတ်ပူဇော်ပြီး ဒေသခံပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။ တပေါင်းလဆန်း ၁၁ ရက်တွင် သံဃာတော်များက ဘုရားအနေကဇာတင်ပြီး ခင်ဦးမြို့တွင်း လှည့်လည်အပူဇော်ခံ၍ ခင်ဦး-သင်ပေါင်းလမ်းအတိုင်း အညာသီဟတောကုန်းတော်ပေါ်သို့ ပင့်ဆောင်ပြီး လပြည့်နေ့အထိ အပူဇော်ခံလျက် ဘုရားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ဘုရားပွဲတော်သို့ လာရောက်ကြသူများအတွက် ရေကြောင်းမှလာရောက်လျှင် သင်္ဘောများ၊ မော်တော်များ၊ စက်လှေများ ဆိုက်ကပ်နိုင်ရန် စီစဉ်ထားပြီး ကုန်းကြောင်းမှလည်း လမ်း၊ တံတားများ ကောင်းမွန်နေပြီဖြစ်၍ နေ့ချင်းပြန် လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ကလေးစာပေပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မော်လမြိုင်မြို့ မတ် ၁၀**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကလေးစာပေပွဲတော် စည်းကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ပြည်နယ်အစိုးရအဖွဲ့ရုံး ဟသ်ာခန်းမ၌ မတ် ၇ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကားပြောကြားပြီး ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပိုင်က ကလေးစာပေပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဗဟုသုတရရှိစေရေး၊ ဉာဏ်ရည်ထက်မြက်စေရေးနှင့် ကလေးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ရည်ရွယ်၍ ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌လည်းကောင်း၊ ၂၀၁၇ခုနှစ် ဇန်နဝါရီလတွင် မန္တလေးမြို့၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး တတိယအကြိမ် ကလေးစာပေပွဲတော်ကို မော်လမြိုင်တက္ကသိုလ်၌ မတ် ၂၅၊ ၂၆၊ ၂၇ ရက်များတွင် နေ့စဉ် နံနက် ၉ နာရီမှညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ၏ အပြောအဆိုနှင့် နှုတ်မှုရေးရာစွမ်းရည်များ မြင့်မားလာစေရန်နှင့် ကလေးများ စာပေနှင့် ရင်းနှီးပြီး ကလေးများ၏ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးရန်ဟူ၍ အဓိကအချက်ကြီး လေးချက်ဖြင့် ကလေးစာပေပွဲတော်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်၌ ကလေးစာဖတ်ခန်း၊ ကလေးစာအုပ်ပြပွဲနှင့် စာအုပ်အရောင်းဆိုင်များ ခင်းကျင်းပြသခြင်း၊အသိပညာပေး ကာတွန်းများ ချိတ်ဆွဲပြသခြင်း၊ ပြိုင်ပွဲများအနေဖြင့် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲစသည့် ပြိုင်ပွဲများ၊ မျက်လှည့်ပြပွဲများ၊ စာပေဟောပြောပွဲများ၊ ကာတွန်းရုပ်များဖြင့် ဓာတ်ပုံရိုက်ကူးခြင်း အစီအစဉ်များ၊ ကလေးများအတွက် နည်းပညာ မိတ်ဆက်ခြင်း၊ 3D ရုပ်ပုံများဖြင့် ဓာတ်ပုံရိုက်ကူးခြင်းတို့အပြင် ဂိမ်းကစားနည်းများ စသည့် ပြိုင်ပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များ စုံလင်စွာဖြင့် ကျင်းပသွားမည်ဖြစ်ကာ ပွဲတော်သို့ ပြည်နယ်အတွင်း မြို့နယ် ၁၀ ခုမှ ကလေးငယ်များအပြင် မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# ဂျုံနှင့် ကုလားပဲ စိုက်ပျိုးထုတ်လုပ်မှု တောင်သူနည်းပညာပေးသရုပ်ပြ

**ချောင်းဦး မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပေါက်အင်းစိုက်ကွင်း၌ ဒေသခံတောင်သူများအား ဂျုံနှင့် ကုလားပဲ စိုက်ပျိုးထုတ်လုပ်မှု တတိယအကြိမ် တောင်သူနည်းပညာပေး သရုပ်ပြပွဲကို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မတ် ၈ ရက်က ကျင်းပခဲ့သည်။



သရုပ်ပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းမြင့်၊ ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငွေမောင်နှင့် ပေါက်အင်းစိုက်ကွင်းမှူး ဦးဇော်ဝင်းတို့က အမှာစကားပြောကြားပြီး ပေါက်အင်းစိုက်ကွင်းမှ သုတေသနတာဝန်ခံ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းက သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဂျုံသီးနှံ တာဝန်ခံ ဒုဦးစီးမှူး ဦးအောင်ဆွေဦးက ဂျုံသီးနှံအတွက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှု အခြေအနေများ၊ ကုလားပဲ သီးနှံ တာဝန်ခံ ဒုဦးစီးမှူး ဦးတင်မိုးဇော်က ကုလားပဲသီးနှံအတွက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှု အခြေအနေများကို တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တောင်သူများမှ သိလိုသည်များကို မေးမြန်းကြရာ သီးနှံတာဝန်ခံများက ရှင်းလင်းဖြေကြားပြီး စိုက်ကွင်းအတွင်း စက်များဖြင့် ဂျုံရိတ်သိမ်းမှုနှင့် ကုလားပဲ ခြွေလှေ့နေမှုများကို တောင်သူများအား လက်တွေ့ပြသခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# စားသုံးရန်မသင့်သည့်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ဖရူဆို မတ် ၁၀**

ဖရူဆိုမြို့မဈေးအတွင်း၌ စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများရောင်းချမှုမရှိစေရေးအတွက် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့ မတ် ၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှူး ဒေါ်မြို့ရီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်ထွေးရီတို့ ဦးစီးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးသီဟဘိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ပါဝင်သည့် ပူးပေါင်းကွင်းဆင်းစစ်ဆေးသည့်အဖွဲ့က မြို့မဈေးအတွင်းရှိ ဈေးဆိုင်များနှင့် ပုံကျဈေးသည်များ ရောင်းချနေသည့် စားသောက်ကုန်ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများတွင် စားသုံးရန်မသင့်သည့် တားမြစ်ထားသော အစားအသောက်များ၊ ကျန်းမာရေး ထောက်ခံချက်မရှိသော မုန့်များ၊ နိုင်ငံတော်မှ တားဆီးပိတ်ပင်ထားသည့် မုန့်များ၊ ဆိုးဆေးများပါဝင်သော ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်များ ရောင်းချခြင်း မပြုရန်တို့ကို ကွင်းဆင်းစစ်ဆေးပြီး ဈေးသည်များကိုလည်း အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။



ထို့အပြင် အစားအသောက်များနှင့်ပတ်သက်သော သိကောင်းစရာ ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ပြီး စားသုံးသူအခွင့်အရေး၊ လုပ်ငန်းရှင်တာဝန်များ၊ စားသုံးသူများအနေဖြင့် ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များနှင့် အရေးယူဆောင်ရွက်မှုများ ပါဝင်သည့် ပညာပေးမြေစိုက်ဆိုင်းဘုတ်ကိုလည်း မြို့မဈေးရှေ့၌ စိုက်ထူခဲ့ကြောင်း သိရသည်။

**ဦးကျော် (ဖရူဆို)**

# ၂၀၁၆ အကောင်းဆုံးစမတ်ဖုန်းအဖြစ် ဆမ်ဆောင်း၏ Galaxy S7 edge ဖုန်း ရွေးချယ်ခံရ

**ရန်ကုန် မတ် ၁၀**

နှစ်စဉ်ကျင်းပလေ့ရှိသော ကမ္ဘာ့အကြီးဆုံး မိုဘိုင်းနည်းပညာ ပြပွဲကြီးဖြစ်သည့် Mobile World Congress 2017 ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂ ရက်အထိ ဘာစီလိုနာမြို့တွင် ကျင်းပခဲ့ပြီး အဆိုပါ MWC 2017 ၏ Global Mobile Awards(Glomo Awards)ဖြစ်သည့် အကောင်းဆုံး Handsets and Devices အမျိုးအစားတွင် Best Smartphone ၂၀၁၆ အဖြစ် ဆမ်ဆောင်း၏ Galaxy S7 edge ဖုန်းက ရွေးချယ်ဆုချီးမြှင့်ခံရကြောင်း ဆမ်ဆောင်းမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"Galaxy S7 edge ကို 2017 Glomo Awards မှာ Best Smartphone ၂၀၁၆ အဖြစ် အသိအမှတ်ပြုတဲ့အတွက် တကယ်ကို ဂုဏ်ယူမိပြီးတော့ ကျွန်တော်တို့ရဲ့ ဒီဇိုင်းပိုင်း နဲ့ တီထွင်ဆန်းသစ်မှုပိုင်း အနုစိတ်လက်မှုပညာမှာ ထားရှိတဲ့ ကတိကဝတ်ကို ပိုမိုတိုးတက်လာစေဖို့လည်း တွန်းအားထောက်ခံမှုဖြစ်လာပါတယ်။ ပြောင်းလဲဆန်းသစ်လာတဲ့ မိုဘိုင်းနည်းပညာကတစ်ဆင့် သုံးစွဲသူတွေရဲ့မျှော်မှန်းချက်တွေကို ကျော်လွန်ပြီး စဉ်ဆက်မပြတ် ဖန်တီးခဲ့တဲ့အတွက် ဒီဆုဟာဆိုရင် ကျွန်တော်တို့ရဲ့ ကြိုးစားမှုတွေရဲ့ သက်သေပဲဖြစ်ပါတယ်"ဟု ဆမ်ဆောင်းအီလက်ထရွန်နစ်၏ Mobile Communications Business မှ Vice President Junho Park က ပြောကြားသည်။

ဆမ်ဆောင်းသည် ကမ္ဘာတစ်ဝန်းရှိ သုံးစွဲသူများအတွက် အကောင်းမွန်ဆုံးသော ဟာ့ဒ်ဝဲ၊ ဆော့ဖ်ဝဲနှင့် ဝန်ဆောင်မှုများကို အကောင်းမွန်ဆုံးဖြစ်စေရန် အမြဲတစေ စဉ်ဆက်မပြတ် ပြန်လည်ဖန်တီးဆန်းသစ် လုပ်ဆောင်လျက်ရှိပြီး ယခု ဆုရရှိခဲ့သော Galaxy S7 edge ကိုလည်း ပြန်လည်ဆန်းသစ်ထားသောဒီဇိုင်း၊ အရည်အသွေးမြင့်ကင်မရာနှင့် အကောင်းမွန်ဆုံးသော စွမ်းဆောင်ရည်များဖြင့် ဖန်တီးထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ Glomo Awards ဆုသည် အလျင်အမြန်ပြောင်းလဲနေသည့် မိုဘိုင်းလောကတွင် ဆန်းသစ်တီထွင်နိုင်သည့် လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီများကို အမှန်တကယ် ဖော်ထုတ်ပြသပေးသည့်ဆုဖြစ်ကြောင်း၊ ယခု Mobile World Congress 2017 တွင် Glomo Awards ရရှိသူများနှင့် အဆိုတင်သွင်းခံရသူများ အားလုံးကို ဂုဏ်ပြုကြောင်း GSMA ၏ မားကတ်တင်းအရာရှိချုပ် Michael O'Hara က ပြောကြားခဲ့ကြောင်း သိရသည်။

ဆုရရှိခဲ့သော Galaxy S7 Edge သည် ဆမ်ဆောင်း၏ တန်ဖိုးမြင့်ဖုန်းစီးရီးစ်ဖြစ်သော S Series ထဲမှ နောက်ဆုံးထွက်ရှိထားသည့် ဖုန်းမော်ဒယ်ဖြစ်ပြီး အဓိကအားဖြင့် ထူးခြားဆန်းသစ်သည့် ကွေးနေသော မှန်ဒီဇိုင်းအပါအဝင် ရေဒဏ်၊ ဖုန်ဒဏ်ခံနိုင်သည့် ဖုန်းကိုယ်ထည်၊ မြင့်မားသော နည်းပညာနှင့် စွမ်းဆောင်ရည်များ ပါဝင်သည်။ မြန်မာနိုင်ငံ ဈေးကွက်တွင် နိုင်ငံတကာ၌ စဖြန့်သည့် ၂၀၁၆ ခုနှစ် မတ်လအတွင်းကပင် အထူးနှုန်း ကျပ်ကိုးသိန်းဖြင့် စတင်ရောင်းချခဲ့ပြီး လက်ရှိအချိန်တွင် ဈေးနှုန်းမှာ ကျပ် ၉၆၀၀၀၀ ဖြင့် ဈေးအမြင့်တွင်ပင် ရှိနေဆဲဖြစ်သည်။

**သူရဖြိုး**

## New Product

### ဈေးနှုန်းမများဘဲ စွမ်းဆောင်ရည်မြင့်တဲ့ Redmi Note 4X

Redmi Note 4X ဟာ Xiaomi ရဲ့ Redmi စမတ်ဖုန်းစီးရီးစ်ထဲက နောက်ဆုံးထွက်ဖုန်းဖြစ်ပြီး နိုင်ငံတကာဈေးကွက်မှာ ဖေဖော်ဝါရီလအတွင်းက စတင်ရောင်းချထားပါတယ်။ ပြည်တွင်းဈေးကွက်ကိုတော့ မတ်လဆန်းက စတင်ဝင်ရောက်လာတာဖြစ်ပါတယ်။ Redmi စီးရီးစ်ရဲ့ ထုံးစံအတိုင်း ဈေးနှုန်းပိုင်းမှာ သိပ်မများဘဲ စွမ်းဆောင်ရည်ပိုင်း မြင့်မားတာကြောင့် ပြည်တွင်းဈေးကွက်မှာ စိတ်ဝင်စားမှုများနေတဲ့ ဖုန်းမော်ဒယ်သစ်လည်း ဖြစ်ပါတယ်။

Redmi Note 4X ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိလို့ အရွယ်အစားကြီးမားတဲ့ဖုန်းကို ကြိုက်သူတွေအတွက် စိတ်တိုင်းကျစေမှာဖြစ်ပါတယ်။ Screen အရွယ်အစားကြီးသလို Resolution ကလည်း 1080x1920 pixels ရှိလို့ ရုပ်ထွက်ပိုင်း အထူးကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်းပိုင်းမှာတော့ Android 6.0(Marshmallow)ကို အသုံးပြုထားပါတယ်။ Octa-core 2.0 GHz CPU ကို အသုံးပြုထားပြီး RAM 3GB, မင်မိုရီ 32GB အက်ဒီးရှင်းနဲ့ RAM 4GB, မင်မိုရီ 64GB အက်ဒီးရှင်းလို့ နှစ်မျိုးထွက်ထားပါတယ်။ မင်မိုရီကတ် ထည့်သုံးမယ်ဆိုရင် 256GB အထိ ထည့်သုံးနိုင်ပြီး မင်မိုရီကတ် ထည့်သုံးရင်တော့ ဆင်းကတ်ပေါက်မှာ ထည့်သုံးရတဲ့အတွက် ဆင်းကတ်တစ်ကတ်သာ သုံးနိုင်တော့မှာဖြစ်ပါတယ်။



နက်ဝပ်ပိုင်းမှာတော့ မိုဘိုင်းနက်ဝပ်က GSM နက်ဝပ်ဖြစ်ပြီး အင်တာနက်နက်ဝပ်ကတော့ 4G LTE အထိ ထောက်ပံ့ပေးထားပါတယ်။ ကင်မရာပိုင်းမှာတော့ နောက်ကင်မရာက ၁၃ မဂ္ဂါပစ်ဇယ်ရှိပြီး ရှေ့ကင်မရာကတော့ ၅မဂ္ဂါပစ်ဇယ်ရှိပါတယ်။ ဘက်ထရီပိုင်းမှာတော့ 4100mAh Li-Po ဘက်ထရီကို သုံးထားလို့ စွမ်းဆောင်ရည် အထူးမြင့်မားပါတယ်။

နိုင်ငံတကာ ဈေးကွက်မှာ မီးခိုးရောင်၊ ရွှေရောင်၊ အမည်းရောင်နဲ့ ပန်းရောင် လေးမျိုးထွက်ထားပြီး ပြည်တွင်းဈေးကွက်မှာတော့ RAM 3GB, မင်မိုရီ 32GB အက်ဒီးရှင်း မီးခိုးရောင်နဲ့ ရွှေရောင်ကိုသာ တွေ့ရပါတယ်။ ဈေးနှုန်းက ကျပ် ၂၂၀၀၀၀ ဖြစ်ပါတယ်။

**သူရဖြိုး**

## ကွန်ပျူတာပညာရှင်အသင်း နည်းပညာသင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Wireless Networking နည်းပညာရပ်များကို စိတ်ဝင်စားသူများအတွက် Basic Wireless Networking သင်တန်း အမှတ်စဉ်(၃)ကို လှိုင်မြို့နယ်ရှိ MICT Park ၌ မတ် ၂၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ IT နယ်ပယ်အတွင်း ဝိုင်ယာလက်စ်နက်ဝပ်နည်းပညာကို ကျွမ်းကျင်ပြီး လက်တွေ့အသုံးချနိုင်သော ပညာရှင်များ ပေါ်ထွက်လာရေး၊ လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချလျက်ရှိသော စံနှုန်းများ၊ ဝိုင်ယာလက်စ်နည်းပညာကို Theory ပိုင်းနားလည်ထားပြီး လက်တွေ့အသုံးချလိုသော Wireless Technician များအတွက် အထောက်အကူဖြစ်စေရေး ရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ Networking နည်းပညာကို အခြေခံသိရှိထားသူများသာ တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်း၌ ဆရာ ဦးဟိန်းစိုးက လုပ်ငန်းခွင်များတွင် ဝိုင်ယာလက်စ်ချိတ်ဆက်ရာတွင် ကြုံတွေ့ရနိုင်သည့် အခက်အခဲများကို စာတွေ့အပြင် လက်တွေ့ပိုင်းကို ဦးစားပေး၍ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းမှာ မတ် ၂၅ ရက်မှ ဧပြီ ၂ ရက်အထိ စနေ၊ တနင်္ဂနွေ လေးရက်သင်တန်းဖြစ်ပြီး သင်တန်းကြေးမှာ ကျပ် ၇၀၀၀၀ ဖြစ်ကာ ကွန်ပျူတာပညာရှင်အသင်းဝင်များအတွက် ကျပ်သုံးသောင်းခွဲဖြစ်ကြောင်း၊ သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ သို့ မတ် ၂၅ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

## ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ခွန်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

➢ တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၂(က)အရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးလတစ်ကြိမ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီးနောက် တစ်လအတွင်း တင်ပြရမည်ဖြစ်ပါသည်။

➢ တည်ဆဲကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁(ခ)အရ သတ်မှတ်ထားသောအချိန်အတွင်း လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊ သုံးလတစ်ကြိမ် ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှုတစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

➢ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုပါတော့သဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို မပျက်မကွက် အချိန်မီပေးသွင်းကြပါရန်နှင့် သုံးလတစ်ကြိမ်ကြေညာလွှာကို အချိန်မီတင်သွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါဖျက်သိမ်းကြောင်းကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ကုသရေးဦးစီးဌာန၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီးတွင် (၆)ထပ်လူနာဆောင် (၁)ခုဆောက်လုပ်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကို ၁၄-၁၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာတို့တွင် ကြော်ငြာခဲ့ပါသည်။
၂။ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ ၈-၃-၂၀၁၇ရက်တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ အထက်ဖော်ပြပါသတင်းစာများတွင်ကြော်ငြာခဲ့သော မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် (၆)ထပ်လူနာဆောင်(၁)ခု ဆောက်လုပ်ရန် ခေါ်ယူခဲ့သော အိတ်ဖွင့်တင်ဒါကို ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။
၃။ တင်ဒါခေါ်ယူမည့်ရက်ကို ထပ်မံကြေညာပေးပါမည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာန**

### ဈေးပြိုင်(အိတ်ပိတ်)လေလံခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်(အင်းလေးဒေသ)နိုင်ငံခြားသားခရီးသွားဝင်ခွင့်ကောက်ခံခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွက် ဈေးပြိုင်(အိတ်ပိတ်)လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများ လေလံတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**လေလံလျှောက်လွှာရောင်းချမည့်ရက်** - ၈-၃-၂၀၁၇ရက်မှ ၁၆-၃-၂၀၁၇ရက်ထိ (ရုံးဖွင့်ရက်ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူရန်)
**လေလံဖွင့်မည့်ရက်** - ၂၀-၃-၂၀၁၇ရက်
**လေလံဖွင့်မည့်အချိန်** - နံနက် ၁၀နာရီ
**လေလံဖွင့်မည့်နေရာ** - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ တောင်ကြီးမြို့

အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးရုံးခန်း ဖုန်း-၀၈၁-၂၀၁၈၆၆သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမည်ပြောင်း**
ဦးမြသိန်း ၁၂/သဃက(နိုင်)၀၃၂၅၅၉၏သမီး တာမွေမြို့နယ်နေ အထက(၅)ဗိုလ်တထောင်၊ တက္ကသိုလ်ဝင်တန်း(A)မှ မနှင်းအေးဝေအား ယနေ့မှစ၍ မဇင်ဇင်အောင်ဟုပြောင်းလဲခေါ်ပါရန်။ **မဇင်ဇင်အောင်**

**ဖခင်အမည်မှန်**
ညောင်လေးပင်မြို့နယ်၊ ဇီးကုန်းကြီး၊ (အထက) တက္ကသိုလ်ဝင်တန်းမှ မောင်ထက်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်စိုး ၇/ညလပ(နိုင်) ၁၀၂၃၁၇ ဖြစ်ပါကြောင်း။ **ဦးသန့်ဇင်စိုး**

**မိခင်အမည်မှန်**
ညောင်လေးပင်မြို့နယ်၊ ဇီးကုန်းကြီး (အထက) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ခန့်ဟိန်း၏ မိခင်အမည်မှန်မှာ ဒေါ်အေး၇/ညလပ(နိုင်) ၀၄၂၄၉၇ ဖြစ်ပါကြောင်း။ **ဒေါ်အေး**

ပြင်ဦးလွင် စိုးစံ နေပြည်တော်

# ကိုယ်ပိုင်အထက်တန်းကျောင်း

## ၂၀၁၇-၂၀၁၈

## နွေသင်တန်း

### ပြင်ဦးလွင်၊ နေပြည်တော် စပြီ

**Discipline is rarely enjoyable, but almost always profitable.**




တစ်လချင်းလည်း ပေးသွင်းနိုင်ပါသည် ။

၂၀၁၇ နေ့တက်ကျောင်းသား စာသင်နှုန်းထားများ

**၁၀ တန်း**

- လပေးနှုန်း ပထမလ ၂သိန်း၄သောင်း၊ နောက်လများ လစဉ် ၁သိန်း၂သောင်း
- ၂ရစ်နှုန်း ပထမရစ် ၆သိန်း၊ ဒုတိယရစ် ၅သိန်း
- ၁ရစ်နှုန်း ၁၁သိန်း

**၉ တန်း**


- လပေးနှုန်း ပထမလ ၂သိန်း၂သောင်း၊ နောက်လများ ၁သိန်း၁သောင်း
- ၂ရစ်နှုန်း ပထမရစ် ၆သိန်း၊ ဒုတိယရစ် ၄သိန်း
- ၁ရစ်နှုန်း ၁၀သိန်း

**၈ တန်း**

- လပေးနှုန်း ပထမရစ် ၂သိန်း၊ နောက်လများ ၁သိန်း
- ၂ရစ်နှုန်း ပထမရစ် ၅သိန်း၊ ဒုတိယရစ် ၄သိန်း
- ၁ရစ်နှုန်း ၉သိန်း

(အဆောင်နေစားရိတ် သီးသန့်ဖြစ်ပါသည် ။)

၂၀၁၇၊ မတ်လ (၁၅) မတိုင်မီ ငွေသွင်းလျှင် သွင်းငွေပေါ်မှာ ၅% လျှော့မည် ။



ပြင်ဦးလွင် – အမှတ်(၂၀၆)၊ ဘီလမ်း ။ ဖုန်း ၀၈၅ ၂၂၁ ၂၈၊ ၂၁၃၉၉
နေပြည်တော် – ဥာဏာအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး ။
ဖုန်း ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉

www.facebook.com/soesanboardingschool

# ကျောက်ဆည်အသင်း(ရန်ကုန်)

## ၂၀၁၆ခုနှစ်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားခြင်း

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ၂၀၁၆ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များ စာရင်းပေးပို့ကြပါရန်နှင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးတို့မှ ဇာတိ၊ နွယ်ဖွားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၉-၃-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် (၇)ရက်

**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီမှ ၁၂ နာရီအထိ

**ကျင်းပမည့်နေရာ** - ကျောက်ဆည်မွှော်ရုံဗိမာန်တော်ကြီး
(အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်၊ ဗဟန်း)

**ဆက်သွယ်ရန်** - သက်ကြီးပူဇော်ပွဲသို့ အလှူငွေများထည့်ဝင်လိုပါက ဖုန်း-၀၁-၅၅၂၇၃၆ သို့ ဆက်သွယ်လှူဒါန်းပါရန်။

# ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားခြင်း

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ ဂုဏ်ပြုပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** ။ ။ ၁၉ - ၃ - ၂၀၁၇ (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** ။ ။ ၈း၃၀ နာရီ

**ကျင်းပမည့်နေရာ** ။ ။ ကျောက်ပန်းတောင်းကျောင်း၊ နေမျိုးသူရလမ်း၊ မေတ္တာညွန့်၊ တာမွေ၊ မဟာသန္တိသုခကျောင်းတော်အနီး။
(နတ်သုဒ္ဓါထမင်းဖြင့် ဧည့်ခံပါမည်)။

အလုပ်အမှုဆောင်အဖွဲ့

# သဲအင်းဂူခုနစ်ရက် အဘိဓာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၇ ခုနှစ် မတ်လ ၁၈ ရက်မှ ၂၆ ရက်အထိ ခုနစ်ရက် အဘိဓာန် တရားစခန်းပွဲတွင် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ကမ္မဋ္ဌာန်းမှုနှင့် အညီ အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသီဟ (ပုသိမ်) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည် ဖြစ်ပါသည်။ တရားစခန်းဝင်လိုသူများ မတ်လ ၁၈ရက် (စနေနေ့) ညနေ ၅း၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဓမ္မဗိမာန် ပြုပြင်ရန် အလှူရှင်များ ဖုန်း ၀၉-၈၆၂၃၉၉၇၊ ၀၉-၇၉၇၉၉၉၉၅၁ တို့သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

ရန်ကုန်တမြို့လုံးဆိုင်ရာသဲအင်းဂူသာသနာပြုအဖွဲ့


ကွန်ကရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းဆုံ(၂)တောင်ဒဂုံ


# ခြံရောင်းမည်

တောင်ကြီးမြို့၊ ကျောင်းထိုကျေးရွာ၊ ကျောက်တလုံးမြို့နယ်။

၁။ ဧက (၅)ဧက တစ်ကွက်
၂။ ဧက(၃၀) ဧကတစ်ကွက် [ထောပတ်ပင် (၃)နှစ်သားအပင် (၁၀၀၀) ကျော်ပါပြီး]
၃။ (၁၀၅)ကျပြီး၊ ခြံခတ်ပြီး။

ဖုန်း-၀၉-၇၇၇၆၀၀၀၇၉
(ရုံးချိန်အတွင်းဆက်ရန်)


# ပန္နက်တင်မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးကြောင်း (၈-၃-၂၀၁၇)

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး)၏ အသင်းရုံးအဆောက်အအုံသစ် ဆောက်လုပ်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို အဆောက်အအုံဆောက်လုပ်မည့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊သံလျှက်မော်တောင်ရပ်ကွက်၊ အကွက် ၄၀၆၊ ဦးပိုင်အမှတ်(၉၈-၄)(၉၈-၃) တွင် ၈-၃-၂၀၁၇ ရက် နံနက် ၈း၂၀ နာရီ၌ ကျင်းပပြုလုပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဟန်၊ အသင်းရုံး ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှစိုးဦးနှင့် ကော်မတီဝင်များ၊ ဆောက်လုပ်ခွင့်တင်ဒါ အောင်မြင်သော ဝေထိုက်အောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝေဖြာတင့်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများတက်ရောက်ကြပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ယင်းနောက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး) အသင်းရုံးအစည်းအဝေးခန်းမ၌ တည်ဆောက်ရေးလုပ်ငန်းများအတွက် သဘောတူစာချုပ်ချုပ်ဆိုကြရာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အသင်းရုံးဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလှစိုးဦးနှင့် ကော်မတီဝင်များ၊ တာဝန်ယူဆောက်လုပ်မည့် ဝေထိုက်အောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဝေဖြာတင့်နှင့် တာဝန်ရှိသူများတက်ရောက်ပြီး အောင်မြင်စွာ စာချုပ်ချုပ်ဆိုနိုင်ခဲ့ပါသည်။

**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)**






Sale Enquire

Another Prestigious Project

MGW
MANDALAY GOLDEN WING
Construction Limited

Yangon
No. 2, U Tun Nyein St,Mayangone Tsp,Yangon, Myanmar.
Tel - 01-657860,09 420097998 09-420097992---5,
Mandalay
Diamond Plaza No-635, Between(77-78),33
Chan Aye Thar Zan Tsp, Mandalay.
Tel- 09 6801904,09 6801905, 02. 69351, 02. 69361
E-mail :agm.diamondinyapalaceygn@gmail.com
Website :www.diamondinyapalace.com










## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ မြေကွက်/ဦးပိုင်အမှတ် (၁၄၈)၊ ဧရိယာ ၀.၁၁၃မ၀၈၄ ဧကရှိ ဒေါ်ကျင်ဝါ၊ဒေါ်ကျင်ဥ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကြည်ဝေ၊ ဒေါ်မိုးမိုးအေး၊ ၉/ပမန(နိုင်)၀၁၀၄၉၁ ၉/လဝန(နိုင်)၁၀၃၅၆၉၊ (ဘ)ဦးတူး၊ ဦးအေးမောင်မှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် ၀၀၄/၂၀၁၇ မူရင်းများ တင်ပြ၍ လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ် ဒ-၁၇၃၊ ဧရိယာ ၀.၁၁၃မ၀၈၂ဧက၊ ဒေါ်လေးညိုဝင်း (ဘ)ဦးစံ ၁၂/အစန(နိုင်)၁၀၀၄၁၀ အမည်ပေါက် ပါမစ်မြေကွက်အား ဦးဇော်မိုး(ဘ)ဦးလှရွှေ ၇/သကန(နိုင်)၀၉၄၅၆၁မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဟိုတယ်ဇုန်အရှေ့ရပ်၊ ကျောက်မျက်ရတနာအချောထည်ဈေး၊ မြေကွက်အမှတ် JM-118၊ မြေဧရိယာ ၁ဒသမ၀၀ ဧကရှိ ဦးသန်းဦး[မက်(စ်)မြန်မာကျောက်မျက်ကုမ္ပဏီလီမိတက်] အမည်ပေါက် ပါမစ်မြေကွက်အား ဦးသန်းဦး(ဘ)ဦးနေမျိုးအောင် ၁၄/ရကန(နိုင်)၀၀၆၂၉၀မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများနှင့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းတို့အားတင်ပြပြီး ဦးသန်းဦး(ဧရာကျောက်စိမ်းကုမ္ပဏီလီမိတက်)အမည်ဖြင့် နှစ် ၃၀ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် ချထားခြင်းအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ် ၄၇၅၉၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးနိုင်ငွေး အမည်ပေါက် ပါမစ်မြေကွက်အား ဦးကြည်သိန်း ၉/ပမန(နိုင်)၀၈၅၇၃၃(ဘ)ဦးသန်းညွန့်မှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူအရပ်ကတိအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/4193 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**MYEIK FUTURE DEVELOPMENT PUBLIC CO.,LTD.**

**ဒုတိယအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး**

**[2nd Annual General Meeting (AGM)] တက်ရောက်ရန်ဖိတ်ကြားခြင်း**

**၂၀၁၇ ခုနှစ်၊ မတ်လ ၁၁ ရက်**

မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် [MFD Public Co.,Ltd.] ၏ ဒုတိယအကြိမ် အစုရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးအား အမှတ်-၂၄၊ ကန်ဖျားလမ်းမကြီး၊ ရေပုန်းရပ်၊ မြိတ်မြို့တွင် ၂၀၁၇ခုနှစ် မတ် ၂၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် အကြံပြုတင်ပြချက်၊ မေးမြန်းလိုသောအချက်များ ရှိပါက အစည်းအဝေးကျင်းပမည့်နေ့မတိုင်မီ (၅)ရက်ကြိုတင်၍ ကုမ္ပဏီရုံးခန်းလိပ်စာသို့ စာဖြင့်ရေးသားပေးပို့နိုင်ပါသည်။ **ဒါရိုက်တာအဖွဲ့**

**မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**




## မုံရွာမြို့၊ ရွှေတောင်ဦးလယ်တီဝိပဿနာရိပ်သာ-ထာဝရရိပ်သာဖွင့်ပွဲနှင့် ဝိပဿနာဒီပနီဗိမာန်တော်ကြီး ရေစက်ချပွဲနှိုးဆော်စာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ၊ ကလေးဝတောရစာသင်တိုက်ကြီး၏ ပဓာနနာယက၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ၊ လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ၊ လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်ကြီး၏ ဩဝါဒါစရိယ၊ ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ ဦးဆောင်မှုဖြင့် လယ်တီဝိပဿနာ ပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်များ၊ နာယကဆရာတော်များ၊ ဗဟိုအဖွဲ့ချုပ်အလုပ်မှုဆောင်အဖွဲ့များ၏ ကြိုးစားအားထုတ်တည်ဆောက်ခဲ့သည့် ရွှေတောင်ဦးစေတီတော်မြတ်ကြီး၏ ထီးတော်ရိပ်အောက်ရှိ ရွှေတောင်ဦးလယ်တီဝိပဿနာရိပ်သာကြီးတွင် ပေ ၁၂၀×ပေ ၆၀ ရှိ လေးထပ်ဝိပဿနာဒီပနီဗိမာန်တော်ကြီး၊ သာသနိကအဆောက်အအုံများ၊ ရေစက်ချပွဲနှင့် ထာဝရရိပ်သာဖွင့်ပွဲကို ၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်၊ ၇ ရက်၊ ၈ ရက်၊ (၂၀၁၇ ခုနှစ် မတ် ၁၈၊ ၁၉၊ ၂၀ ရက်)များတွင် သုံးရက်တိုင်တိုင် ရေစက်ချပွဲကျင်းပပြီး ၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက် (၂၀၁၇ ခုနှစ် မတ် ၂၁၊ ၂၂၊ ၂၃ ရက်) ညများ၌ ရေစက်ချအောင်ပွဲ တရားပွဲများအနေအားဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ ဇေယျာဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တလယ်တီ-စန္ဒာဝရ၊ မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်၊ ဝါခင်းကုန်းဆရာတော် ဘဒ္ဒန္တတိက္ခနှင့် စစ်ကိုင်းတောင်ရိုး၊ သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ-အရှင်သူမြတ်ကြီးတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်ပေးမည်ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမြော် အသိပေးနှိုးဆော်အပ်ပါသည်။

| | |
|---|---|
| **ဆရာတော်ဦးကောသလညာဏ** | **ဦးမျိုးတင့်အောင်** |
| **နာယကဆရာတော်** | **အထွေထွေအတွင်းရေးမှူး** |
| **လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်** | **လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်** |

## အသိပေး ဖိတ်ကြားစာ

ရန်ကုန်ဆန်လျှအသင်းကြီး၏ ဆွမ်းဆန်တော်လှူ ရေစက်ချအခမ်းအနားကို အသင်းတိုက်သစ်ကြီးတွင် ကျင်းပမည်ဖြစ်ပါသည်။

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ အကြိမ်(၂၆၀)မြောက် တပေါင်းလ ဆွမ်းဆန်တော်လှူရေစက်ချပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အမှုဆောင်၊ အကျိုးဆောင်၊ အသင်းသူ၊ အသင်းသား၊ အလှူရှင်များ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၁၃၇၈ ခုနှစ် တပေါင်းလပြည့်နေ့
၁၂-၃-၂၀၁၇ ရက် (တနင်္ဂနွေနေ့)

**အချိန်** - မွန်းလွဲ ၂ နာရီ

**နေရာ** - အမှတ် ၇၇/၇၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။

**အမှုဆောင်အဖွဲ့**

## အမည် နှင့် အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာသန္တာရုံကျောင်းလမ်း၊ ညောင်ကွဲရပ်ကွက်၊ အကွက် အမှတ်(၉)နေ ဦးဇော်မိုး (ဘ) ဦးခင်မောင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မိုးသည် ယှဉ်တွဲဖော်ပြပါ "ရွှေမန္တလေး" အမည်ဖြင့် "သဘာဝမြေပဲသန့်ဆီ" အမည်နှင့် အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အမည်နှင့် အမှတ်တံဆိပ်ဖြင့် မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်သွင်း ကြေညာခဲ့ရာ မှတ်ပုံတင်ကြေညာစာတမ်းစာချုပ်အမှတ် (၈၆၃/၂၀၁၆)ဖြင့် လက်ခံမှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။




အဆိုပါအမည်နှင့်အမှတ်တံဆိပ်အား ကျွန်ုပ်၏မိတ်ဆွေသည် ၂၀၁၅ ခုနှစ်မှ စတင် တည်ထောင်လုပ်ကိုင်ခဲ့ပြီး ထိုနှစ်မှစ၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခဲ့ပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မိုး၏ မူပိုင်အမည်နှင့်အမှတ်တံဆိပ်ဖြစ်သော "ရွှေမန္တလေး သဘာဝမြေပဲသန့်ဆီ " အမည်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပ၍ ပုံဏ္ဍာန်တူအောင်ဖြစ်စေ၊ အများပြည်သူ ထင်ယောင်ထင်မှား ဆင်တူယိုးမှားဖြစ်စေအောင် တုပ၍ သုံးစွဲခြင်းမပြုပါရန် သတိပေး ကြေညာလိုက်ပါသည်။ တုပသုံးစွဲကြောင်း တွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲ တရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာ လိုက်ပါသည်။

ဦးဇော်မိုး၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မြဒါလီအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ
အခန်း(၂၂၂)၊ ၂၅လမ်း၊ ၆၄ × ၆၅ ကြား၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ရွှေဘို(၁၃)လမ်း၊မြေကွက်အမှတ်(၁၀၈၀/ခ)၊အကျယ်အဝန်း(၂၀'x၆၀')ရှိ ဦးရှကို(၁၂/ဥကတ(နိုင်)၀၇၇၄၃၀)အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၄၅၃၄/၁၃)အရ ပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်သီ(၁၂/ဥကတ(နိုင်)၀၉၈၆၃၀)+၅နှင့် အရပ်ကတိစာချုပ်ဖြင့်ပိုင်ဆိုင်သူ ဦးမြတ်မင်းစိုး(၇/သကန(နိုင်)၀၈၃၁၅၇)ထံမှ တရားဝင်ဝယ်ယူလက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးမောင်ငယ်(၁၂/လမတ(နိုင်)၀၀၉၀၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်နိုင်ဇင်ဦး LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ်(၁၀၅၁)၊ပြည်ထောင်စုလမ်း ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉ ၄၂၀၀၇၀၇၂၉၈၊ ၀၉ ၇၉၉၅၉၈၈၅၉၉

# နှစ်သစ်ကူးရုံးပိတ်ရက်ကို မဟာသင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ငါးရက်သတ်မှတ် သီတင်းကျွတ်၊ တန်ဆောင်တိုင်နှင့် နိုင်ငံတကာနှစ်သစ်ကူးရုံးပိတ်ရက်များ ဖြည့်တင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ် ၃၁ / ၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်**
**( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်)**

၁။ ၂၀၁၇ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၀-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၊ ၂၉/ ၂၀၁၆ ဖြင့်ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ထုတ်ပြန်ကြေညာခဲ့ရာတွင် နှစ်သစ်ကူးရုံးပိတ်ရက်များအား မဟာသင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ ၁၀ ရက်တိတိ သတ်မှတ်ခဲ့သည့်အတွက် ရက်ရှည်ကာလရုံးပိတ်ရက်နှင့် ဘဏ်ပိတ်ရက်ရှည်ဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းများ အခက်အခဲဖြစ်ပေါ်လာခြင်းနှင့် ကုန်စည်စီးဆင်းမှုများ နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ ၂၀၁၇ ခုနှစ်၊ နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သော မဟာသင်္ကြန်အကြိုနေ့မတိုင်မီတစ်ရက်မှစ၍ ၁၀ ရက်တိတိအစား မဟာသင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ၅ ရက်သာသတ်မှတ်ပြီး ကျန်ရှိသည့် ရုံးပိတ်ရက် ၅ ရက်အား သီတင်းကျွတ်ရုံးပိတ်ရက်များ၊ တန်ဆောင်တိုင်ရုံးပိတ်ရက်များနှင့် နိုင်ငံတကာနှစ်သစ်ကူးရုံးပိတ်ရက်များတွင် ဖြည့်တင်း၍ ယခု ၂၀၁၇ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်များမှာ အောက်ပါနေ့ရက်များဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ကြေညာလိုက်သည်-

| စဉ် | နေ့ | ရက် | အရေအတွက် |
|---|---|---|---|
| ၁။ | လွတ်လပ်ရေးနေ့ | ၄-၁-၂၀၁၇ | ၁ ရက် |
| ၂။ | ပြည်ထောင်စုနေ့ | ၁၂-၂-၂၀၁၇ | ၁ ရက် |
| ၃။ | တောင်သူလယ်သမားနေ့ | ၂-၃-၂၀၁၇ | ၁ ရက် |
| ၄။ | တပေါင်းလပြည့်နေ့ | ၁၂-၃-၂၀၁၇ | ၁ ရက် |
| ၅။ | တပ်မတော်နေ့ | ၂၇-၃-၂၀၁၇ | ၁ ရက် |
| ၆။ | မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များ (သင်္ကြန် အကြို၊ အကျ၊ အကြတ်၊ အတက်၊ နှစ်ဆန်းတစ်ရက်) | ၁၃-၄-၂၀၁၇ မှ ၁၇-၄-၂၀၁၇ ထိ | ၅ ရက် |
| ၇။ | ကမ္ဘာ့အလုပ်သမားနေ့ | ၁-၅-၂၀၁၇ | ၁ ရက် |
| ၈။ | ကဆုန်လပြည့်နေ့ | ၁၀-၅-၂၀၁၇ | ၁ ရက် |
| ၉။ | ဝါဆိုလပြည့်နေ့ | ၈-၇-၂၀၁၇ | ၁ ရက် |
| ၁၀။ | အာဇာနည်နေ့ | ၁၉-၇-၂၀၁၇ | ၁ ရက် |
| ၁၁။ | သီတင်းကျွတ်ရုံးပိတ်ရက်များ (အဖိတ်နေ့၊ လပြည့်နေ့၊ လပြည့်ကျော် (၁) ရက်နေ့) | ၄-၁၀-၂၀၁၇ မှ ၆-၁၀-၂၀၁၇ ထိ | ၃ ရက် |
| ၁၂။ | တန်ဆောင်တိုင်ရုံးပိတ်ရက်များ (အဖိတ်နေ့၊ လပြည့်နေ့) | ၂-၁၁-၂၀၁၇ မှ ၃-၁၁-၂၀၁၇ ထိ | ၂ ရက် |
| ၁၃။ | အမျိုးသားအောင်ပွဲနေ့ | ၁၃-၁၁-၂၀၁၇ | ၁ ရက် |
| ၁၄။ | ကရင်နှစ်သစ်ကူးနေ့ | ၁၈-၁၂-၂၀၁၇ | ၁ ရက် |
| ၁၅။ | ခရစ္စမတ်နေ့ | ၂၅-၁၂-၂၀၁၇ | ၁ ရက် |
| ၁၆။ | နိုင်ငံတကာနှစ်သစ်ကူးရုံးပိတ်ရက်များ | ၃၀-၁၂-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ ထိ | ၂ ရက် |
| ၁၇။ | အီဒွလ်အဿွာဟာပွဲနေ့ | X | ၁ ရက် |
| ၁၈။ | ဒီပါဝလီနေ့ | X | ၁ ရက် |

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၀-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၉/ ၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

မှတ်ချက်။ (၁) အီဒွလ်အဿွာဟာပွဲနှင့် ဒီပါဝလီနေ့များအတွက် ကျရောက်မည့်နေ့ရက်များကို သီးခြားကြေညာပါမည်။
(၂) ဘဏ်ပိတ်ရက်သုံးရက်ကို သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြေညာမည်ဖြစ်ပါသည်။

**အမိန့်အရ**

**ဇော်သန်းသင်း**
**အတွင်းရေးမှူး**
**ပြည်ထောင်စုအစိုးရအဖွဲ့**

# ၂၀၁၇ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉)တွင် ရှမ်းယူနိုက်တက် နိုင်ပွဲပြန်ရ

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် မတ် ၁၀**

၂၀၁၇ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၈) တွင် ရန်ကုန်အသင်းကို ရှုံးနိမ့်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင် မကွေးအသင်းကို အနိုင်ယူကာ နိုင်ပွဲပြန်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ချန်ပီယံလမ်းကြောင်းတွင် ဆက်ရှိနေပြီး ရန်ကုန်နှင့် ရတနာပုံအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ မကွေးအသင်းသည် AFC Cup နှင့် ပြည်တွင်းပြိုင်ပွဲအကြား ပွဲပန်းနေခဲ့ပြီး

*စာမျက်နှာ ၁၁ ကော်လံ ၁*




ရှမ်းယူနိုက်တက်အတွက် ဒုတိယဂိုးကို ရန်နိုင်ဦး သွင်းယူနေစဉ်

## ပြည်သူ့လွှတ်တော်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ ဖော်ပြမည်

ပြည်သူ့လွှတ်တော်နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို မတ် ၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြမည်ဖြစ်သည်။

## ယူရိုပါလိဂ်(၁၆)သင်းအဆင့် ပထမအကျော့ ဂိုးရလဒ်များ

၁၀-၃-၂၀၁၇

| | | |
|---|---|---|
| ရော့စ်တော့ | ၁-၁ | မန်ယူ |
| အေပိုးလ် | ၀-၁ | အန်ဒါလက်ချ် |
| ကိုပင်ဟေဂင် | ၂-၁ | အိုင်းယက်စ် |
| ဆယ်လ်ဗီဂို | ၂-၁ | ခရက်စ်နိုဒါ |
| ရှော်လ်ကေး | ၁-၁ | ဂလာဘတ် |
| လိုင်ယွန် | ၄-၂ | ရိုးမား |
| အိုလံပီယာကို့စ် | ၁-၁ | ဘက်ဆစ်တပ်စ် |
| ဂျင့် | ၂-၅ | ဂျင့်ခ် |

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

ဆင်းကတ် မှတ်ပုံတင်ခြင်းများကို ဤနေရာများတွင် ဆောင်ရွက်ပေးနေပါပြီ။

MPT လက်လီအရောင်းဆိုင်များ
MPT အိတ်ချိန်းရုံးများ
MPT အမှတ်တံဆိပ်အရောင်းဆိုင်များ
သမဝါယမဘဏ် ( သတ်မှတ်ဘဏ်ခွဲများ )
ကမ္ဘောဇဘဏ် ( သတ်မှတ်ဘဏ်ခွဲများ )

ရေဝတီဘဏ် ( သတ်မှတ်ဘဏ်ခွဲများ )
MPT နယ်လှည့်ရှိုးပွဲများ
ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ တက္ကသိုလ်များ
နိုင်ငံတစ်ဝှမ်းရှိ စာတိုက်များ
Bestone ဖုန်းဆိုင်များ

အသေးစိတ်သိရှိလိုပါက www.mpt.com.mm/mm/sim-registration-mm/ တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ မတ် ၁၁၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်

# ပြည်သူ့အတွက် သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်

● သွန်းဝဿန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း နှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုသည်ဟု ပြဋ္ဌာန်းထားသည်။

လွှတ်တော်သည် နိုင်ငံတော်၏ ဥပဒေပြုရေးမဏ္ဍိုင်ကို အကောင်အထည်ဖော် ဆောင်ရွက်ရသည်။ ထို့ပြင် လွှတ်တော်သည် ၎င်းရရှိထားသည့် ဥပဒေပြုရေးအာဏာကို အသုံးပြုကာ နိုင်ငံသူနိုင်ငံသားများ ကြွယ်ဝချမ်းသာ၍ ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမည့် ဥပဒေများ ဆွေးနွေးပြဋ္ဌာန်းနိုင်ရေးတာဝန်ကို အဓိကထမ်းဆောင်ရသည်။




အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဖိလစ်ပိုင်နိုင်ငံအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ အဲရစ်ဆင်းဆန်းထံ အာဆီယံပါလီမန်များ အထွေထွေညီလာခံဥက္ကဋ္ဌရာထူး အဆောင်အယောင်ဖြစ်သည့် တူနှင့် AIPA အလံတို့ကို လွှဲပြောင်းပေးအပ်စဉ်

> လွှတ်တော်သည် နိုင်ငံတော်၏ ဥပဒေပြုရေးမဏ္ဍိုင်ကို အကောင်အထည်ဖော်ဆောင်ရွက်ရသည်။ ထို့ပြင် လွှတ်တော်သည် ၎င်းရရှိထားသည့် ဥပဒေပြုရေးအာဏာကို အသုံးပြုကာ နိုင်ငံသူနိုင်ငံသားများ ကြွယ်ဝချမ်းသာ၍ ဖွံ့ဖြိုးတိုးတက်သည့် ဖယ်ဒရယ်ဒီမိုကရေစီ နိုင်ငံကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမည့် ဥပဒေများ ဆွေးနွေးပြဋ္ဌာန်း

### ပွင့်လင်းမြင်သာ

ဒုတိယအကြိမ်လွှတ်တော်အသီးသီးကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး ပြည်သူ့အကျိုးပြုဥပဒေများ ပေါ်ထွက်လာအောင် ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတို့၏ ဆောင်ရွက်မှုများအတွက် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာစွာ တာဝန်ခံဆောင်ရွက်ပေးခြင်း ရှိ မရှိ၊ ခွဲဝေသတ်မှတ်ထားသည့် ဘတ်ဂျက်များကို ပွင့်လင်းမြင်သာစွာ တာဝန်ခံဆောင်ရွက်ပေးခြင်း ရှိ၊ မရှိ စိစစ်ထိန်းကျောင်းခြင်းတို့ကို နိုင်ငံသားပြည်သူများက ယုံကြည်စွာ ရွေးကောက်တင်မြှောက်ထားကြသည့် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ ကိုယ်စား ဆောင်ရွက်ပေးကြသည်။

နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍများအလိုက် ၎င်းတို့၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့ဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များအား လွှတ်တော်သို့ လာရောက်ရှင်းလင်းတင်ပြစေခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းတို့ဖြင့် လွှတ်တော်များသည် သက်ဝင်လှုပ်ရှားနေသည်။

"၂၀၁၆ ဖေဖော်ဝါရီလ ၈ ရက်နေ့က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ရဲ့ပထမပုံမှန်အစည်းအဝေးကို စတင်ခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က)နဲ့အညီ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွေကို ခေါ်ယူခဲ့ရာမှာ ယနေ့ဆိုရင် စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးအထိ ကျင်းပနိုင်ခဲ့ပြီဖြစ်ပါတယ်။ လွှတ်တော်တွေဟာ ပြည်သူ့အသံတွေ၊ ပြည်သူ့ဆန္ဒတွေကို ထင်ဟပ်စေမယ့် ပြည်သူ့စင်မြင့် (ပြည်သူ့ဟာစ်တိုင်) တွေအဖြစ် ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားသည်။

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလအတွင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို ခန့်အပ်တာဝန်ပေးရန် သဘောတူညီခဲ့ခြင်း၊ ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန ၂၂ ခု ဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီး ၂၀ ဦးခန့်အပ်တာဝန်ပေးရန် သဘောတူညီခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ကို ခန့်အပ်တာဝန်ပေးရန် သဘောတူညီခြင်း၊ လွှတ်တော်ဆိုင်ရာပူးပေါင်းကော်မတီများ ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဖွဲ့စည်းခြင်း၊ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (MPU) ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### ဥပဒေပေါင်း ၂၀

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သည် တစ်နှစ်တာအတွင်း နိုင်ငံတော်အတွက် များစွာအကျိုးရှိစေမည့် ဥပဒေများကို အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ရုပ်သိမ်းခြင်းများ ပြုလုပ်နိုင်ခဲ့ပြီး စုစုပေါင်း ဥပဒေ ၂၀ အထိ ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာကျင့်သုံးလျက် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကို ခိုင်မာစွာ တည်ဆောက်နိုင်ရေးအတွက် "နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာဥပဒေ"ကို ၂၀၁၆ ဧပြီလ ၆ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြောင်းသိရသည်။

ပြည်ထောင်စုလွှတ်တော်၏ ပထမတစ်နှစ်တာအတွင်း ဒီမိုကရေစီနိုင်ငံတော်ကို

**အချပ်ပို (ခ) သို့**


ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

**အချပ်ပို (က)မှ**

လျှောက်လှမ်းရာတွင် ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် ဥပဒေများဖြစ်သည့် "နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ"ကို ၂၀၁၆ ခုနှစ် မေလ ၂၆ ရက်နေ့တွင်လည်းကောင်း၊ "အရေးပေါ်စီမံခန့်ခွဲအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ"ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစနစ်တကျစီတန်းလှည့်လည်ခြင်း၊ ကြွေးကြော်ခြင်းများ ဆောင်ရွက်ခွင့်ရရှိရေးအတွက် "ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ"ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးမြင့်မားလာပြီး နည်းပညာဖွံ့ဖြိုးတိုးတက်ကာ စက်မှုလက်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာစံနှုန်းနှင့်အညီ စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရေး အတွက် "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ"ကို ၂၀၁၆ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင်လည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ"ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင်လည်းကောင်း အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ကြောင်း ပြည်ထောင်စုလွှတ်တော်မှ သိရှိရသည်။

ထို့အပြင် လူမှုရေးကဏ္ဍအနေဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၄၄/၂၀၁၆)ကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့သည်။

**ဥပဒေကြမ်းများ ဆွေးနွေးညှိနှိုင်း**

"လက်ရှိမှာတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်မှာသာ တင်သွင်းဆုံးဖြတ်ရမယ့် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် အတည်ပြုပြဋ္ဌာန်းပေးကြရမယ့် ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနဲ့ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတွေကို ဆွေးနွေးဆောင်ရွက်လျက်ရှိတယ်"ဟု ပြည်ထောင်စုလွှတ်တော် နာယကထံမှ သိရှိရသည်။

**လွှတ်တော်ဆိုင်ရာလုပ်ငန်းများ မိတ်ဆက်**

လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အစီအစဉ် (Induction Programme) ကိုနေပြည်တော်၊ လွှတ်တော်ဝင်းအတွင်းတွင်ရှိသည့် သဘင်ဆောင်၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအတွက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီတွင် ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါအစီအစဉ် Induction Programme ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီစနစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များအတွက် အားဖြည့်ကူညီမှုများရရှိခဲ့ပြီး ရွေးကောက်ပွဲပြီးနောက် ဆောင်ရွက်ရမည့် လွှတ်တော်လုပ်ငန်းများ ပုံဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေခဲ့ကြောင်း သိရသည်။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များသည် ကော်မတီတစ်ခုအတွင်း ၎င်းတို့၏ ခေါင်းဆောင်မှုအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် မည်သို့ဆောင်ရွက်မည်၊ လွှတ်တော်လုပ်ငန်းစဉ်များတွင် အောင်မြင်သောကော်မတီတစ်ခုအား မည်သို့အကောင်အထည်ဖော်ဆောင်မည်ဆိုသည့် **အချပ်ပို (ဂ)သို့**



ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပစဉ်

**(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံ ကျင်းပနိုင်ခဲ့ခြင်းသည် အဖွဲ့ဝင်နိုင်ငံ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သကဲ့သို့ အဖွဲ့ဝင်နိုင်ငံများ၏ ယုံကြည်လေးစားမှု ပိုမိုရရှိခြင်း၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိခြင်းတို့အပြင် အာဆီယံဒေသအတွင်း ထိုက်သင့်သည့် အောင်မြင်မှုတစ်ခုကို ရရှိစေကြောင်း သိရပြီး အဖွဲ့ဝင်နိုင်ငံများ၏ အကြံဉာဏ်ကောင်းများဖြင့် ပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ချမှတ်ဆောင်ရွက်ပေးနိုင်ခဲ့**


ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ မေးခွန်းများ မေးမြန်းဖြေကြားစဉ်



ပြည်ထောင်စုလွှတ်တော်နာယကရှေ့မှောက်၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့ ကတိသစ္စာပြုကြစဉ်

**အချပ်ပို (ခ)မှ**

အချက်များကို ဆွေးနွေးနိုင်ခဲ့သဖြင့် တစ်နှစ်တာကာလအတွင်း အကျိုးရှိစေမည့် လွှတ်တော်ဆိုင်ရာ အရေးကိစ္စများကို ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အစီအစဉ်သို့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံတကာမှ ဖိတ်ခေါ်ထားသော လွှတ်တော်ကိုယ်စားလှယ်ဟောင်းများ အပါအဝင် လက်ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ UNDP မှ ဌာနေကိုယ်စားလှယ် နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ IPU နှင့် The House of Commons မှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၄၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကိုယ်စားလှယ်များ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည်များကိုမြှင့်တင်ရန်၊ ဆက်သွယ်ဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အဓိကလုပ်ငန်းတာဝန်များဖြစ်သော ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းများနှင့်ပတ်သက်သည့် ပြည်တွင်းနှင့် နိုင်ငံတကာမှ ထင်မြင်ယူဆချက်များကို သိရှိနားလည်လာမည်ဖြစ်ပြီး လူထုခေါင်းဆောင်မှုကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပိုမိုစဉ်းစားသုံးသပ်လာနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်မှ သိရှိရသည်။ အဆိုပါအစီအစဉ်မှ အမျိုးသမီးကိုယ်စားလှယ်များ၏ အခွင့်အရေးများနှင့် စိန်ခေါ်မှုများကိုသိရှိလာခဲ့ပြီး စွမ်းရည်ပြည့်ဝသော အမျိုးသမီးကိုယ်စားလှယ်များ ဖြစ်လာရန်အတွက် မည်သို့ ကောင်းစွာပံ့ပိုးရမည်ကိုလည်း သိရှိလာမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားသည်။

### အာဆီယံပါလီမန်များ အထွေထွေညီလာခံ

တစ်နှစ်တာကာလအတွင်း ပြည်ထောင်စုလွှတ်တော်မှ တာဝန်ယူကာ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံ (The 37th General Assembly of the ASEAN Inter-Parliamentary Assembly) ကိုလည်း ၂၀၁၆ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိ "Vibrant AIPA for a progressive ASEAN Community" ခေါင်းစဉ်ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့ခြင်းသည် အဖွဲ့ဝင်နိုင်ငံ၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သကဲ့သို့ အဖွဲ့ဝင်နိုင်ငံများ၏ ယုံကြည်လေးစားမှု ပိုမိုရရှိခြင်း၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိခြင်းတို့အပြင် အာဆီယံဒေသအတွင်း ထိုက်သင့်သည့် အောင်မြင်မှုတစ်ခုကို ရရှိစေကြောင်း သိရပြီး အဖွဲ့ဝင်နိုင်ငံများ၏ အကြံဉာဏ်ကောင်းများဖြင့် ပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ချမှတ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားသည်။

အထွေထွေညီလာခံကာလတွင် ကော်မတီခြောက်ခု၏ အစည်းအဝေးများကို ကျင်းပ၍ ဒေသတွင်းအဖွဲ့ဝင်နိုင်ငံများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အမျိုးသမီးရေးရာကဏ္ဍများနှင့်သက်ဆိုင်သည့် အရေးပါသောဆုံးဖြတ်ချက် ၂၆ခုကို ချမှတ်ပေးခြင်းဖြင့် သမိုင်းမှတ်တိုင်တစ်ရပ်ကို ချမှတ်နိုင်ခဲ့သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တာဝန်ရှိသူများ အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲကို မောင်းတီးခတ်ဖွင့်လှစ်ပေးစဉ်




(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားတွင် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်

### အရေးကြီးကိစ္စများ ဆုံးဖြတ်ချက်ချမှတ်

ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းကာလတစ်နှစ်အတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးစီးပွားများဖြစ်ထွန်းစေမည့်ကိစ္စများကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်စုစုပေါင်း ၁၅ ခုအတွက် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ရေးအတွက် လွှတ်တော်အတွင်း ကိုယ်စားလှယ်များက ဆွေးနွေးအတည်ပြု ပေးနိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံအနောက်ဘက်တွင် ဖြစ်ပေါ်နေသည့် အကြမ်းဖက်လုပ်ရပ်များ၊ နိုင်ငံဖြတ်ကျော်ခြင်းနှင့် အုပ်စုဖွဲ့မှုခင်းကျူးလွန်မှုများ၊ ယခုနောက်ပိုင်းတွင် တွင်တွင်ကျယ်ကျယ် ပြုလုပ်လာနေသည့် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်းတိုက်ဖျက်နိုင်ရေးအတွက် “ဘင်းမ်စတက်ကွန်ဗင်းရှင်း”သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်နိုင်ရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုခံရခြင်းမှတားဆီးနိုင်ရေးအတွက် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာပူးပေါင်းတိုက်ဖျက်

**အချပ်ပို (ဃ)သို့**

အချပ်ပို (ဂ)မှ

ဆောင်ရွက်နိုင်ရေးအတွက် ၎င်းကိစ္စနှင့်သက်ဆိုင်သည့် အာဆီယံကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စ၊ ၎င်းအပြင် မဟာမဲခေါင်ဒေသအတွင်း အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းညှိနှိုင်းရေး၊ ထူထောင်ရေး သဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင် လက်မှတ်ထိုးရေးကိစ္စရပ်များ ပါဝင်ကြောင်း သိရသည်။

## အတည်ပြု

ထို့အပြင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာစေရေး၊ သဘာဝဘေးပြန်လည်ထူထောင်ရေး၊ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ပိုမိုထုတ်ချေးနိုင်ရေး၊ လယ်ယာကဏ္ဍတိုးတက်လာစေရေး၊ လျှပ်စစ်ဓာတ်အားများ ပိုမိုထုတ်လုပ် ဖြန့်ဖြူးနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်တိုးတက်လာစေရေး၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစနစ်များ ပိုမိုခေတ်မီလာစေရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆင်းရဲမွဲတေမှုပပျောက်ပြီး လူမှုစီးပွားဘဝများတိုးတက်လာစေရေးအတွက် နိုင်ငံတကာမှ ချေးငွေများရယူရေးကိစ္စ ၁၁ ခုကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်၌ သဘောတူအတည်ပြုပေးနိုင်ခဲ့ကြောင်း ပြည်ထောင်စုလွှတ်တော်မှ သိရှိရသည်။

## အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားကို နေပြည်တော်လွှတ်တော်ဝင်းအတွင်းရှိ သဘင်ဆောင်၌ ၂၀၁၆ စက်တင်ဘာလ ၁၅ ရက်နေ့တွင် အောင်မြင်စွာ ကျင်းပခဲ့ပြီး "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့" (Democracy 2030) ဆိုသည့်ဆောင်ပုဒ်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားတို့အတွက် ခေတ်မီကြွယ်ဝသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီ ချီတက်နိုင်ရန် အထောက်အပံ့ဖြစ်သည့် စာတမ်းများ တင်သွင်းဖတ်ကြားခဲ့ကြောင်း သိရသည်။

## နိုင်ငံအတွက် အကျိုးရှိစေမည့်အစီအစဉ်များ

အစိုးရသက်တမ်းတစ်နှစ်အတွင်းတွင် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများကိုကြည့်ပါက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူ့အခွင့်အရေး အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစသည့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမည့်အစီအစဉ်များကို ဖော်ဆောင်လျက်ရှိကြောင်း မြင်တွေ့ရသည်။

"ပြည်သူကနေယုံကြည်လို့ ကိုယ်စားပြုရွေးကောက်တင်မြှောက်ပေးခဲ့သလို လွှတ်တော်ကိုယ်စားလှယ်များကလည်း မဲဆန္ဒရှင်ပြည်သူများရဲ့လက်တွေ့ဘဝနဲ့ ဆန္ဒ တင်ပြချက်တွေကို အမြဲလေ့လာနားထောင်ပြီး "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ရဲ့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"ဆိုတဲ့ လွှတ်တော်ရဲ့ဆောင်ပုဒ်နဲ့အညီ နိုင်ငံသားပြည်သူပြည်သားတွေရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် တတ်စွမ်းသမျှ ကြိုးစားဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားသည်။

## ဆွေးနွေးဆဲဥပဒေ ၂၈ ခု

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ လက်ကျန်သက်တမ်းလေးနှစ် ကာလတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရေးအတွက် ဥပဒေများပြဋ္ဌာန်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဆွေးနွေးဆဲဥပဒေပေါင်း ၂၈ ခု ရှိသည်။

ထို ဥပဒေ ၂၈ ခုတွင် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတစ်ဝန်း ဆောင်ရွက်ကြမည့် စီမံကိန်းကြီးများတွင် ဘတ်ဂျက်သုံးစွဲမှုများစနစ်တကျဖြစ်စေရေး၊ အခွန်အကောက်စနစ်များစနစ်တကျဖြစ်စေရေးနှင့် သက်ဆိုင်သည့်ကိစ္စများ၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် လုံခြုံရေးအတွက် ကာကွယ်ပေးမည့်ကိစ္စများ၊ နိုင်ငံခြားသားများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ တောင်သူလယ်သမားများအတွက် ဆည်မြောင်းတာတမံနှင့် သက်ဆိုင်သည့်ကိစ္စများ၊ အလုပ်သမားများ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ဆိုင်သည့်ကိစ္စရပ်များ၊ ပြည်သူများသွားရေးလာရေး လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် သယ်ယူပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ နိုင်ငံစီးပွားရေးတိုးတက်ရေးအတွက် ပြည်ပမှဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေချောမွေ့စေရေးအတွက် ကုမ္ပဏီများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်မှ သိရှိရပါသည်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံပိတ်ပွဲအခမ်းအနား၌ မိန့်ခွန်းပြောကြားစဉ်



နေပြည်တော် လွှတ်တော်ဝင်းအတွင်းရှိ သဘင်ဆောင်၌ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနား ကျင်းပစဉ်



# ကရင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲတိုးတက်ရေးဆောင်ရွက်နိုင်မှုများ

● ရာမည

ကရင်ပြည်နယ် ဒေါနတောင်တန်းကိုပတ်၍ ဆက်သွယ်ဖောက်လုပ်ထားသည့် မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး၏ လမ်းပိုင်းတစ်စိတ်တစ်ဒေသကို တွေ့ရစဉ် ဓာတ်ပုံ - တင်မောင်လွင် (မြန်မာ့အလင်း)

**ကရင်** ပြည်နယ်သည် မြန်မာနိုင်ငံ၏အရှေ့တောင်ဘက်တွင် တည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၁၁၇၃၀ ဒသမ ၈၅ မိုင် ကျယ်ဝန်းသည်။ မြောက်ဘက်တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ကရင်ပြည်နယ်ကို ခရိုင် လေးခရိုင်၊ မြို့နယ် ခုနစ် မြို့နယ်၊ မြို့ ၁၁ မြို့၊ ရပ်ကွက်ပေါင်း ၈၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၉၇ ရွာတို့ဖြင့် ဖွဲ့စည်းထားကာ လူဦးရေ ၁၅ သိန်းကျော်ရှိပြီး ကရင်၊ မွန်၊ ဗမာ၊ ပအိုဝ်းလူမျိုးများ မှီတင်းနေထိုင်လျက်ရှိသည်။

### ငြိမ်းချမ်းရေးအခြေအနေ

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားငြိမ်းချမ်းရေးလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သည့် DKBA၊ KNU၊ KNU/KNLA-PC တို့သည် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်များကိုလည်းကောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကိုလည်းကောင်း အားလုံးပါဝင် လက်မှတ်ရေးထိုးကြပြီး ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေးခရီးလမ်းကို လျှောက်လှမ်းခဲ့ကြသည်။

၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်သည့် ကရင် ပြည်နယ်အစိုးရအဖွဲ့အသစ် စတင်တာဝန်ထမ်းဆောင်ခဲ့ရာ ငြိမ်းချမ်းရေးရယူပြီးဖြစ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လက်တွဲပြီး ကရင်ပြည်နယ် ငြိမ်းချမ်းရေး ဆက်လက်ရှင်သန်တိုးတက်ခိုင်မာအောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား အပြန်အလှန်လေးစားချစ်ခင်မှု၊ ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တရားဥပဒေဘောင်အတွင်း တရားဝင်နေထိုင်ရပ်တည်နိုင်ရေး ကိစ္စရပ်များတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် နေထိုင်ရပ်တည်လိုခြင်းကိစ္စရပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့က လိုအပ်သည့် ရန်ပုံငွေများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များကိုလည်း ပံ့ပိုးကူညီထောက်ပံ့ပေးခြင်း၊ ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ ကုမ္ပဏီများကို စိစစ်ရွေးချယ်တာဝန်ပေးလုပ်ကိုင်ခွင့်ပေးခြင်းဖြင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအတွက် အလုပ်အကိုင်အခွင့် အလမ်းများရရှိကာ ဝင်ငွေရရှိစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်(၂)တံတားကို မြဝတီမြို့နယ် ရေပူရွာအနီး၌ ၂၀၁၅ ခုနှစ် ဩဂုတ်လက စတင်တည်ဆောက်ခဲ့ရာ ၂၀၁၇ ခုနှစ် မတ်လတွင် တံတားတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးတော့မည် ဖြစ်သည်။ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ်နိုင်ငံတို့ကို ဆက်သွယ်ထားသော အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းပေါ်တွင် တည်ရှိသည့် မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်(၂)တံတားကြီးဖွင့်လှစ်ပြီးပါက ကရင်ပြည်နယ်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်အတွက် သော်လည်းကောင်း၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးအရ အဓိကအားထားရမည့် တံတားကြီးတစ်စင်း ဖြစ်လာမည် ဖြစ်**

ငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းမှုအပေါ်မူတည်ပြီး တစ်ဖက်ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများမှ ပြန်လည်ရောက်ရှိလာသူများနှင့် စစ်ဘေးဒဏ်ကြောင့် ရွှေ့ပြောင်းသွားလာနေသူများကို ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး အဖွဲ့အစည်းများ၏ဆန္ဒအရ မြဝတီမြို့နယ်၊ လေးကေ့ကော်မြို့သစ်ကို တည်ထောင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကရင်ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်ဖက်ထိုင်းနိုင်ငံဒုက္ခသည်စခန်းများတွင် နေထိုင်ကြသည့် ဒုက္ခသည်များအနက် နေရပ်ပြန်လိုသူဒုက္ခသည် ၆၅ ဦးကို ထိုင်းနိုင်ငံအစိုးရ၊ UNHCR အဖွဲ့များနှင့် ညှိနှိုင်းကာ မြဝတီမြို့တွင် ပြန်လည်ကြိုဆိုလက်ခံခဲ့ပြီး ၎င်းတို့ အခြေချနေထိုင်လိုသည့် ဒေသအသီးသီးတွင် အခြေချနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝရှင်သန်ရပ်တည်နိုင်ရေးကိစ္စရပ်များအတွက် လိုအပ်သည့်အထောက်အပံ့များကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဒေသအတွင်း ဖြစ်ပွားခဲ့သည့် ပြဿနာရပ်များကိုလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နှစ်ဦးနှစ်ဖက် ရင်းရင်းနှီးနှီး ညှိနှိုင်းတိုင်ပင်ခြင်းများဖြင့် ငြိမ်းချမ်းရေးကို ဆက်လက်ခိုင်မာ ရှင်သန်ဖွံ့ဖြိုးအောင် တည်ဆောက်ထားနိုင်ခဲ့သည့်အတွက် NCA စာချုပ်ပါလုပ်ငန်းစဉ်များနှင့်အညီ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်မှ ၂၀ ရက်နေ့ထိ သုံးရက်တိုင် လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) ကို ကိုယ်စားလှယ် ၆၀၀ ဦးဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။



ပြည်နယ်ဂုဏ်ဆောင်အားကစားသမားများအား တံခွန်စိုက်ဖလားနှင့်အတူ တွေ့ရစဉ်

လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ကရင်) မှ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနှင့် ပတ်သက်ပြီး ကရင်တိုင်းရင်းသားများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သယံဇာတ၊ သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးဆိုင်ရာများနှင့် ပတ်သက်သည့် ကရင်တစ်မျိုးသားလုံး၏ သဘောထားအမြင်များကို ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံသို့ ဆက်လက်တင်ပြသွားမည် ဖြစ်သည်။

### လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

ကရင်ပြည်နယ် မြဝတီမြို့တွင် နယ်စပ်ကုန်စည်စီးဆင်းမှု လျင်မြန်စေရေးအတွက် မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်(၂) တံတားကို မြဝတီမြို့နယ် ရေပူရွာအနီး၌ ၂၀၁၅ ခုနှစ် ဩဂုတ်လက စတင်တည်ဆောက်ခဲ့ရာ ၂၀၁၇ ခုနှစ် မတ်လတွင် တံတားတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးတော့မည် ဖြစ်သည်။

မြန်မာ-ထိုင်း-လာအို-ဗီယက်နမ်နိုင်ငံတို့ကို ဆက်သွယ်ထားသော အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းပေါ်တွင် တည်ရှိသည့် မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်(၂)တံတားကြီးဖွင့်လှစ်ပြီးပါက ကရင်ပြည်နယ်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်အတွက်သော်လည်းကောင်း၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးအရ အဓိကအားထားရမည့်တံတားကြီး တစ်စင်းဖြစ်လာမည် ဖြစ်သည်။

**အချပ်ပို (စ)သို့**



ကရင်ပြည်နယ်ရှိ အနန်းကွင်းတိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်

အချပ်ပို (င) မှ

အဆိုပါ ချစ်ကြည်ရေးတံတားအမှတ်(၂) မြန်မာဘက်ခြမ်း တည်ဆောက်ရေးစီမံကိန်းတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအလို့ငှာ မြေယာသိမ်းဆည်းမှုပြုရာတွင် မြေဧရိယာ ၁၄၆ ဒသမ ၉၅ ဧကပါဝင်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့က မြေယာလျော်ကြေးပေးအပ်နိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးကာ တံတားစီမံကိန်းမြေတွင် ပါဝင်သည့် မြေယာနှင့် အဆောက်အအုံ နစ်နာကြေးများအတွက် လျော်ကြေးငွေ စုစုပေါင်းငွေကျပ်သန်းပေါင်း ၃၅၀ ကျော်ကို ပြည်သူ့လက်ဝယ်သို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး ၄၅ ဒသမ ၄၅ ကီလိုမီတာကို ၂၀၁၅ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဆက်လက်၍ ကော့ကရိတ်-အိန္ဒူလမ်း အပိုင်းကိုလည်း နိုင်ငံတကာအဆင့်မီ လမ်းဖြစ်လာရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အိန္ဒူ-ဇာသပြင်လမ်း ၁၁ ဒသမ ၆ ကီလိုမီတာကို နိုင်လွန်ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်နီးပါး ဆောင်ရွက်ပြီးဖြစ်သည်။

ပြည်နယ်အစိုးရအဖွဲ့အသစ်လက်ထက် ၁၁-၁၀-၂၀၁၆ ရက်တွင် သံဖြူဇရပ် - ဘုရားသုံးဆူလမ်းတွင် အရှည်ပေ ၅၀၀ ရှိ အနန်းကွင်းတံတားကို ပြည်နယ်ဝန်ကြီးချုပ်က ဦးဆောင်ပြီး တက်ရောက်ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့အပြင် ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့ပေါ် သေဋ္ဌမာန်အောင်ဘုရားကြီး အဝိုင်းပတ်နှင့် မဲဘောင်အဝိုင်းပတ်များကို ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျသွားလာနိုင်ရေးအတွက် ဖျက်သိမ်းပြီး မီးပွိုင့်များ တပ်ဆင်ပြုလုပ်ပေးခြင်း၊ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ရွှေယဉ်မျှော်ဘုရားမှ မဲဘောင်လမ်းဆုံအထိ လမ်းအရှည် ၂ မိုင် ၆ ဖာလုံ၊ ၄၈ ပေအကျယ် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများကို မြို့တော်အင်္ဂါရပ်နှင့်ညီအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**သောက်သုံးရေရရှိရေး**

ကရင်ပြည်နယ်တွင် နွေရာသီ၌ သောက်သုံးရေ ရှားပါးမှုပြဿနာများနှင့် နှစ်စဉ်ကြုံတွေ့ရခြင်းကြောင့် ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အမှန်တကယ်ရေရှားပါးသည့် ဒေသရှိနေရာတွင် စက်ရေတွင်းများ တူးဖော်ပေးနိုင်ခြင်း၊ သာမညကျေးရွာအနီး သာမည လျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရေဂါလန်သန်း ၂၀ သိုလှောင်အသုံးပြုနိုင်ခြင်းတို့ကြောင့် ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေရရှိရေး၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ကရင်ပြည်နယ်အတွင်း လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၀ ဖြင့် ဘားအံမြို့နယ်အတွင်းရှိ ကော့သံခါ ကျေးရွာ၊ ကော့သင်းရှုံးကျေးရွာနှင့် ခရားအတွင်းကျေးရွာများမှ လယ်မြေများတွင် စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့်စံပြ လယ်မြေ ဧက ၅၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ၌ သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အရောင်းဆိုင်တစ်ဆိုင် ဖွင့်လှစ်နိုင်ခဲ့ပြီး ရိတ်သိမ်းခြွေလှေ့စက် တစ်စီး၊ လက်တွန်းထွန်စက် ၁၇ စီးနှင့် မော်တော်ဆိုင်ကယ် ၁၀ စီး စုစုပေါင်း ငွေကျပ်သန်း ၆၄ ဒသမ ၂၅၀ ကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

**ပညာရေးကဏ္ဍ**

ကရင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အခြေခံပညာအဆင့်တွင် ကျောင်းပေါင်း ၁၅၃ ကျောင်းကို အဆင့်တိုးမြှင့်ခြင်းနှင့် အသစ်ဖွင့်လှစ်ခွင့်ရခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆရာ ဆရာမ စုစုပေါင်း ၅၃၈ ဦးကို အသစ်ထပ်မံဖြည့်ဆည်း ခန့်ထားပေးနိုင်ခဲ့သည်။

**ကျန်းမာရေးကဏ္ဍ**

ကရင်ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အနန်းကွင်းတိုက်နယ်ဆေးရုံသစ်ဖွင့်လှစ်နိုင်ခဲ့ကာ မြဝတီခရိုင် ဆုံဆည်းမြိုင်ဒေသနှင့်

**အချပ်ပို (ဆ) သို့**




နယ်စပ်ဒေသရှိ ဒုက္ခသည်စခန်းများမှ ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ကြိုဆိုပွဲ အခမ်းအနားတွင် ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်




ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပေါ်ရှိ အနန်းကွင်းတံတားဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်



ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ နယ်မြေကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်

**အချပ်ပို (စ) မှ**

ဖလံတောင်ကျေးရွာတွင် ဖလံတောင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှစ်ရုံကို တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ကျေးလက်ကျန်းမာရေးဌာနအသစ်ခြောက်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ၂၀ တို့ကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အားကစားကဏ္ဍ**

ကရင်ပြည်နယ် အားကစားဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၈ မျိုးအနက် ၂၃ မျိုးကို ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဘောလုံး ပထမတံခွန်စိုက် ဆုဖလား၊ ရိုးရာလက်ဝှေ့လူသစ်တန်း ပထမတံခွန်စိုက် ဆုဖလား၊ ရိုးရာလက်ဝှေ့ (ဂ)အဆင့် ပထမတံခွန်စိုက် ဆုဖလားတို့ရရှိခဲ့ပြီး အမျိုးသားမီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ကရင်ပြည်နယ်က ၁၁း၂၂ စက္ကန့်ဖြင့် စံချိန်ချိုးခဲ့သည်။ ကရင်ပြည်နယ်က စုစုပေါင်း ရွှေတံဆိပ် ၁၈ ဆု၊ ငွေတံဆိပ် ၁၉ ဆုနှင့် ကြေးတံဆိပ် ၁၉ ဆု ရရှိခဲ့သည်။

**လျှပ်စစ်ဓာတ်အားကဏ္ဍ**

ကရင်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားကဏ္ဍအနေဖြင့် မြဝတီမြို့နှင့် ကော့ကရိတ်မြို့နယ်များကို နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိစေရန်အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် မော်လမြိုင်-မြဝတီ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ၅၅ ဒသမ ၅ မိုင် တည်ဆောက်ခြင်း ၃၀ ရာခိုင်နှုန်း၊ မြဝတီမြို့နယ် သဃ်န်းညီနောင်တွင် ၂၃၀/၆၆/၁၁ ကေဗွီ ၂/၅၀ အမ်ဗွီအေ ဓာတ်အားခွဲ ရုံတည်ဆောက်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း၊ မြဝတီ-ကော့ကရိတ်တွင် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၇ ဒသမ ၃၁ မိုင် တည်ဆောက်ရေးလုပ်ငန်း ၃၈ ရာခိုင်နှုန်း၊ ကော့ကရိတ်မြို့၌ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ လှိုင်းဘွဲမြို့နယ်တွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ဘားအံ-လှိုင်းဘွဲတွင် ၆၆ ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ မြိုင်ကြီးငူတွင် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ တောင်ငူ-လိပ်သိုတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၄ မိုင် တည်ဆောက်ခြင်းနှင့် လိပ်သိုတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီဖြစ်သည်။

ဘားအံမြို့နှင့် လှိုင်းဘွဲမြို့တို့၌ ဓာတ်အားပိုမိုရရှိစေရန်နှင့် ဓာတ်အားစနစ်ကောင်းမွန်စေရန် ဘားအံ ဓာတ်အားခွဲရုံတွင် မူလ ၁၀/၂ အမ်ဗွီအေ ထရန်စဖော်မာများ တပ်ဆင်ထားရာမှ ၁၀/၂၄ အမ်ဗွီအေ ဓာတ်အားခွဲရုံအဖြစ် တိုးချဲ့တပ်ဆင်ခြင်း၊ သံတောင်ကြီးမြို့နယ် ဘောဂလိနှင့် လိပ်သိုဒေသများတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိစေရန်အတွက် JICA ချေးငွေစနစ်ဖြင့် သံတောင်-ဘောဂလိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၃ ဒသမ ၅ မိုင် တည်ဆောက်ခြင်း၊ ဘောဂလိတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းပြီးစီးသည့်အတွက် ၂-၂-၂၀၁၇ ရက်နေ့ကစပြီး ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဘားအံ-လှိုင်းဘွဲ-သံတောင်ကြီး-ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များတွင် ၃၃ ကေဗွီလိုင်း ၀ ဒသမ ၁ မိုင်၊ ၁၁ ကေဗွီလိုင်း ၁၄၂ မိုင်၊ ၄၀၀ ဗို့လိုင်း ၃၉ မိုင်၊ ထရန်စဖော်မာ ၁၆၅ လုံးတို့ကို တပ်ဆင်ပေးနိုင်ခဲ့ပြီး မြို့ပေါ်နှင့်ကျေးရွာ ၁၁၇ ရွာကို နိုင်ငံတော်ဓာတ်အားစနစ်မှ တိုးချဲ့ဓာတ်အားများပေးနိုင်ခဲ့သဖြင့် ကျေးရွာပေါင်း ၁၁၇ ရွာ၊ အိမ်ခြေပေါင်း ၂၈၀၉၇ လုံး၊ နေရောင်ခြည်စွမ်းအင် (Solar System) ဖြင့် ကျေးရွာပေါင်း ၁၄၃ ရွာ၊ အိမ်ခြေပေါင်း ၁၆၂၁၂ လုံးကို ဓာတ်အားရရှိစေရန် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဘားအံမြို့ကိုလည်း မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်စေရေး၊ ဘားအံမြို့၏ အဓိကလမ်းမကြီးများတွင် (100W) LED လမ်းမီး ၃၄၂ လုံးကို ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုနည်းလမ်းဖြင့် တပ်ဆင်ပေးနိုင်ခဲ့သည်။

**ဝန်ထမ်းအိမ်ရာများ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမှု**

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအတွက် နေထိုင်ရေးကိစ္စများ အဆင်ပြေစေရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေနှင့် ဝန်ထမ်းအိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဘားအံမြို့တွင် လက်ရှိအချိန်ထိ ဝန်ထမ်းအိမ်ရာအခန်းပေါင်း ၂၆၄ ခန်း၊ ထို့အပြင် ကော့ကရိတ်မြို့တွင် ၇၂ ခန်း၊ မြဝတီမြို့တွင် ၂၄ ခန်း၊ သံတောင်ကြီးမြို့တွင် ၁၂ ခန်း၊ ဖာပွန်မြို့တွင် ၁၂ ခန်း စုစုပေါင်း ၃၈၄ ခန်း ဖော်ဆောင်ပေးနိုင်ပြီဖြစ်သည်။

**မြစ်ကမ်းထိန်းနံရံများ တည်ဆောက်မှု**

ကရင်ပြည်နယ်အတွင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၀ ဒသမ ၅၀ ဖြင့် ဂေါလီချောင်းကမ်းထိန်းကျောက်စီနံရံ အလျားပေ ၁၅၀ ကိုလည်းကောင်း၊ သံလွင်မြစ်ကမ်းထိန်းလုပ်ငန်း အလျားပေ ၆၉၀ ကို သံလွင်မြစ်ကမ်းဘေး၌ တည်ရှိသည့် ကျေးရွာချင်းဆက် ခဲတောက်-မုဋ္ဌိ ကားလမ်းအနီး နေရာနှစ်ခုတွင် လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်နယ်၏ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်ချုပ်၊ ပြည်နယ်လွှတ်တော်တို့နှင့် သုံးပွင့်ဆိုင်ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နေပြီး ဌာနဆိုင်ရာများ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များ၊ ဒေသခံပြည်သူများ၏အားကိုရယူ၍ ကရင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ယခင်ကာလထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

**အထွေထွေ**

ကရင်ပြည်နယ် ဘားအံမြို့ပေါ် လူနေရပ်ကွက်များရှိ လူနေအိမ်ရာများကို မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မူလလူနေအိမ်ရာများအပြင် လ/န (၃၉) ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်သော ၂၀၁၅ ခုနှစ်တွင် မြို့ပြလူနေအိမ်ရာအဖြစ် လယ(၃၀) ခွင့်ပြုမိန့်ရရှိထားသော ရပ်ကွက်များကို ဦးစားပေးအဖြစ် မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် “မြေပိုင်ဆိုင်မှုစိစစ်အတည်ပြုရေးအဖွဲ့” နှင့် “မြေငှားဂရန်ထုတ်ပေးရေးကြီးကြပ်မှုအဖွဲ့”များ ဖွဲ့စည်း၍ အကောင်အထည်ဖော်လျက်ရှိသည်။



ကရင်ပြည်နယ် လျှပ်စစ်မီးလုံလောက်စွာရရှိရေးအတွက် ထရန်စဖော်မာများ တပ်ဆင်နေမှုကို တွေ့ရစဉ်

**အချပ်ပို(ဇ) သို့**



ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် အဆင့်မြှင့်တင်နေမှုကို တွေ့ရစဉ်

**အချပ်ပို (ဆ) မှ**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲတိုးတက်ရေး ဆောင်ရွက်နိုင်မှုအခြေအနေများထဲတွင် ရွေးကောက်ပွဲကာလအတွင်းက ကတိပြုခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က“ရွေးကောက်ပွဲမှာတုန်းက ကတိကဝတ်ပြုခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၈ ရက်ကနေ ၂၃ ရက်အထိ လူမျိုးအလိုက်ဆွေးနွေးပွဲမှာ ကရင်လူမျိုးစုအနေနဲ့ ပထမဦးဆုံးနိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ပါတယ်။ ကျင်းပတဲ့အခါမှာလည်း ကျွန်မတို့လိုချင်နေတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုစနစ်ရဲ့ အခြေခံကျတဲ့အချက်တွေကို အပြန်အလှန် ပွင့်ပွင့်လင်းလင်း တိုင်တိုင်ပင်ပင်နဲ့ ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ရှိရင်လည်း ငြိမ်းချမ်းရေးအဖွဲ့တွေမှာ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မယ့် ထောက်ပံ့လုပ်ကိုင်တဲ့ လုပ်ငန်းလေးတွေ ကျွန်မတို့ ချပြဆောင်ရွက်ထားပါတယ်။ မွေးမြူရေး၊ စိုက်ပျိုးရေးတွေမှာလည်း ပံ့ပိုးကူညီမှုတွေ ပြုလုပ်ထားပါတယ်”ဟု ပြောကြားခဲ့သည်။

လျှပ်စစ်လိုအပ်ချက်သည် အခြေခံပြည်သူလူထုအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်နေပြီး ယင်းလျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်မီးကို ဒုတိယဦးစားပေးအနေဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ခဲ့သည်။ ကရင်ပြည်နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၂၀၆၃ အုပ်စုတွင် ယခင်က ၇၁၃ အုပ်စုသည် မီးရရှိပြီးဖြစ်သည်။

ထို့ကြောင့် ကရင်ပြည်နယ်အတွင်း ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်း မီးရရှိထားပြီးဖြစ်ကြောင်းလည်း သိရသည်။ အစိုးရတစ်နှစ်တာကာလအတွင်း ကျေးရွာပေါင်း ၂၆၀ ထပ်မံတိုးချဲ့နိုင်ခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၄၉ ရာခိုင်နှုန်းခန့်အထိ ဆောင်ရွက်ခဲ့သည်။ တစ်နှစ်အတွင်း လျှပ်စစ်မီးကို ၁၉ ရာခိုင်နှုန်းတိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်၍လည်း တိုးတက်ဆောင်ရွက်နိုင်ရန် ကရင်ပြည်နယ်အစိုးရအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

“လမ်းပန်းဆက်သွယ်ရေးအနေနဲ့ဆိုရင်လည်း ကရင်ပြည်နယ်အတွင်းမှာ ယခင်က မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၂)ဆိုရင် လယ်ယာမြေပြန်လည်လျော်ကြေးငွေ ပေးအပ်ခြင်းအခက်အခဲတွေကြောင့် ရပ်ဆိုင်းနေခဲ့ရတာပါ။ ကျွန်မတို့ အစိုးရတက်လာမှ လျော်ကြေးငွေကိစ္စတွေကို ဖြေရှင်းပြီးတဲ့အခါကျရင် အခု အမှတ်(၂) တံတားကြီးဟာ အခုမတ်လအတွင်းမှာ နှစ်ဖက်နိုင်ငံတွေဖွင့်ဖို့အတွက် ပြောထားပြီးပါပြီ။ ထို့အတူပဲ ဘုရားသုံးဆူဘက်လမ်းတွေ၊ ဖာပွန်၊ သံတောင်စတဲ့နေရာတွေမှာလည်း အရည်အသွေးပြည့်ဝတဲ့ လမ်းတွေ၊ အဆောက်အအုံတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ ကျွန်မတို့ စိစစ်ပြီးတော့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်တဲ့အတွက်ကြောင့် အရင်နဲ့မတူဘဲ အဆောက်အအုံတွေက အရည်အသွေးမြင့်မားတဲ့ အဆောက်အအုံတွေ၊ လမ်းပန်းဆက်သွယ်မှုတွေ ရရှိပြီးဖြစ်ပါတယ်။ ကျွန်မတို့ ကရင်ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နောက်ပြီး ဌာနဆိုင်ရာတွေနဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်တဲ့အတွက် ကျွန်မတို့ ကရင်ပြည်နယ်ဟာ တစ်နှစ်အတွင်းမှာ သိသိသာသာ တိုးတက်ဖြစ်ထွန်းလာတယ်လို့ ပြောနိုင်ပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြောကြားသည်။

“အားကစားကဏ္ဍမှာလည်း ကျွန်မတို့အစိုးရတက်လာတဲ့အချိန်မှာ တိုင်းဒေသကြီး၊ ပြည်နယ်ဘောလုံးပွဲမှာလည်း ကျွန်မတို့ ပထမဆုရရှိခဲ့ပါတယ်။ ပိုက်ကျော်ခြင်း ပထမ၊ နောက်ပြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲတွေမှာလည်း ကရင်ပြည်နယ်က ပထမဆုရရှိခဲ့ပါတယ်။ အားကစားကဏ္ဍမှာ ဒီတစ်နှစ်အတွင်း ကျွန်မတို့ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်”ဟု ဆက်လက်ပြောကြားသည်။

ပြည်နယ်တစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများသည်လည်း မရှိမဖြစ်တိုးတက်မှုရှိရမည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေးတို့ကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာတွင် ပညာရေးတွင် ကျောင်းပေါင်း ၂၂၄ ကျောင်းကို ယခုနှစ်အတွင်း ဆောက်လုပ်ပြီးစီးခဲ့ပြီး ကျောင်းပေါင်း ၂၀၀ ခန့်သည် ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်။ ကျန်ရှိသည့် ကျောင်းပေါင်း ၄၀ ကိုလည်း ကြပ်မတ်ဆောင်ရွက်ပြီး လာမည့် စာသင်နှစ်အတွက် တိုးတက်ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့အတူ ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ကျေးလက်နှင့် တိုက်နယ်ဆေးရုံများကိုလည်း ပြည်နယ်အတွင်း တိုးတက်ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကရင်ပြည်နယ်တွင် တရားဥပဒေစိုးမိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသည့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ခြင်းကို လုပ်ဆောင်ခဲ့ရာတွင် တစ်နှစ်တာကာလအတွင်း အမှုပေါင်း ၆၆၀ ပြီးပြတ်နိုင်ခဲ့ပြီး တရားခံပေါင်း ၈၀၀ကို ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လူငယ်များအတွက် ပြန်လည်ပြုပြင်ရေးစခန်းကို ကရင်ပြည်နယ် ဘားအံမြို့၌ ဖွင့်လှစ်နိုင်ရေးစီမံချက်များ ချထားပြီးဖြစ်သည်။ ထို့အတူ လူငယ်များကို ဆေးရုံများ၌ အခမဲ့ဆေးကုသခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ လာရောက်ဆက်သွယ်လာသည့် လူငယ်များကို ဖမ်းဆီးခြင်းမပြုဘဲ ဆေးကုသခွင့်ပေးရန် ဟောပြောပွဲများ ပြုလုပ်သည့်အပြင် ငြိမ်းချမ်းရေးအဖွဲ့များသာမက စိုက်ပျိုးရေးနှင့် ပတ်သက်၍လည်း ပြည်နယ်အတွင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အထူးသဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ကိုင်ဆောင်ရွက်ရာတွင် အဓိကလိုအပ်လျက်ရှိသည့် လယ်ယာသုံးပစ္စည်းများ၊ ခြွေလှေ့စက်များနှင့် ထွန်စက်များကိုလည်း နှစ်နှစ်ကို သုံးရစ်ပေးစနစ်ဖြင့် မြို့နယ်ခုနစ်မြို့နယ်လုံးသို့ ရောင်းချပေးလျက်ရှိပြီး မျိုးကောင်းမျိုးသန့်များရရှိရန်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့် ပြည်သူများကို ရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်ပေးနေစဉ်